# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## အမြဲတည်ခြင်းသည် မရှိချေ

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ - ၁၄၇)


၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက် | ၂၀၁၇ ခုနှစ်၊ ဇွန် ၂၇ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၆၇)


# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပ

# ၂၀၁၆ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့် အမှုပေါင်း ၈၈၀၀ ရှိ

**နေပြည်တော် ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် ဒေါက်တာဝင်းမြတ်အေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်း၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ၊ INGO၊ NGO များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံကြီးငယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ကမ္ဘာ့လူသားထုတစ်ရပ်လုံးနှင့် နိုင်ငံအသီးသီးကို ခြိမ်းခြောက်နေသည့် ပြဿနာတစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာ


*စာမျက်နှာ ၃ ကော်လံ ၁* ✻




ဒုတိယသမ္မတ ဦးမြင့်ဆွေ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ် (သတင်းစဉ်)

## ၁၃၇၈ (၂၀၁၇) ခုနှစ် ဓမ္မာစရိယစာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ


*ပြည်တွင်း စာ- ၈*


## ကုန်သွယ်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးကိစ္စရပ်များတွင် ပြေလည်မှုမရှိသော်လည်း ထရန့်နှင့်မိုဒီ အပြန်အလှန်နားလည်မှုရရှိအောင်ကြိုးပမ်း


*နိုင်ငံတကာ စာ- ၁၀*



## တောဆင်ရိုင်းဝင်ရောက်သော စပါးခင်းများကိုကာကွယ်ရန် လျှပ်စစ်ခြံစည်းရိုးများ တပ်ဆင်ပေးနေ


*ပြည်တွင်း စာ- ၁၈*


## မုတ်သုံလေဆက်လက်အားကောင်းနေ

**နေပြည်တော် ဇွန် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေဆက်လက်အားကောင်းနေမည်။ (မိုး/ဇလ)

မြန်မာ့အလင်း

# ကလေးသူငယ်များ အနာဂတ်ဘဝဖွံ့ဖြိုးရေးနှင့် ဘေးကင်းလုံခြုံစွာ ရှင်သန်ကြီးပြင်းလာနိုင်ရေး

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများအား မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားများကို ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင် တစ်ပြိုင်တည်းကျင်းပခဲ့ရာ ၎င်းမူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ ကျပ် ၅၂၃၆၉၈ ဒသမ ၂၈ သန်းကျော် (အမေရိကန်ဒေါ်လာ ၃၈၅ ဒသမ ၀၇ သန်းကျော်)ရှိခဲ့သည်။

မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၅၁ မျိုးတို့ကို မီးရှို့ဖျက်ဆီးခဲ့ရာတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဒဂုံရော ယာဉ်ရပ်နားစခန်း၌ ငွေကျပ် ၂၆၉ ဘီလီယံကျော်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ရွှေမန်းတောင်အားကစားကွင်း၌ ငွေကျပ် ၃၁ ဘီလီယံကျော်၊ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ အဝေရာကုန်းသာယာ မီးပုံးပျံကွင်း၌ ငွေကျပ် ၁၉၅ ဘီလီယံကျော် တန်ဖိုးရှိသော မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများကို မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းမှုကို တိုင်းတာရာတွင် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု ကိန်းဂဏန်းများထက် လူ့အဖွဲ့အစည်းတစ်ခု၊ လူ့အသိုင်းအဝိုင်းတစ်ခုအတွင်း မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သည့်မှုခင်းများ၊ အန္တရာယ်များနှင့် ကြောက်ရွံ့မှုများ မည်မျှအထိ လျှော့ချနိုင်သည်ဆိုသည့် Index များနှင့် တိုင်းတာမှသာလျှင် မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်သော စိတ်ချလုံခြုံပျော်ရွှင်သည့် လူ့ဘောင်တစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနား၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သကဲ့သို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌကပေးပို့သည့် သဝဏ်လွှာတွင်လည်း ထည့်သွင်းဖော်ပြထားခဲ့သည်။

မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုများတွင် အဓိက ပစ်မှတ်များမှာ ကျောင်းသားလူငယ်၊ ကလေးသူငယ်များဖြစ်ကြပြီး အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ ပညာသင်ယူရန် အခွင့်အလမ်းနည်းပါးခြင်း၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်း ကြမ်းတမ်းဆိုးရွားခြင်းတို့က လူငယ်များကို မူးယစ်နွံအတွင်း သက်ဆင်းစေကြောင်း၊ ဒေသအနှံ့အပြားတွင် ဖြစ်ပေါ်နေသည့် ဖောက်ထွင်းမှု၊ ခိုးမှု၊ လုယက်မှုတို့တွင် အသက်မပြည့်သေးသည့် ကလေးများအပါအဝင် လူငယ်များပါဝင်လာကြခြင်းမှာ မူးယစ်ဆေးဝါးသုံးစွဲမှုကလည်း အဓိကအကြောင်းအရာတစ်ရပ်ဖြစ်ကြောင်း မီဒီယာများက ထောက်ပြကြသည်ကိုလည်း တွေ့မြင်ဖတ်ရှုရသည်။ စင်စစ်အားဖြင့် မူးယစ်ဆေးဝါးပြဿနာတည်းဟူသော ပင်စည်၏အောက်ခြေတွင် လူမှုရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြစ်မှုတရားစီရင်ရေးတို့က အမြစ်များသဖွယ် တွယ်ဆက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

တစ်နည်းအားဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် မူးယစ်ဆေးဝါးရောင်းဝယ်မှုများကို ဖော်ထုတ်ဖမ်းဆီးခြင်းသက်သက်ဖြင့် မူးယစ်ဆေးဝါးအန္တရာယ် လျှော့နည်းပျောက်ကွယ်ရေး အောင်မြင်နိုင်မည်မဟုတ်ဘဲ အထက်တွင်ဖော်ပြခဲ့သကဲ့သို့ ဆက်စပ်နေသည့် အခြေခံအကြောင်းတရားများကိုပါ မြှင့်တင်ပေးရန် လိုအပ်လျက်ရှိကြောင်းနှင့် အထူးအားဖြင့် မိသားစုဝင်များတွင် ကလေးသူငယ်နှင့်လူငယ်များ ပါဝင်နေသော မိသားစုတိုင်းက မိမိတို့၏ကလေး၊ လူငယ်များ၏အသံ၊ ၎င်းတို့၏ခံစားချက်တို့ကို အလေးအနက်ထားနားထောင်ကာ ၎င်းတို့၏ အနာဂတ်ဘဝဖွံ့ဖြိုးရေး၊ ဘေးကင်းလုံခြုံစွာ ကြီးပြင်းလာနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာအမျိုးသမီးများနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် ဖျော်ဖြေပွဲများကျင်းပမည်

**ရန်ကုန် ဇွန် ၂၆**

၂၀၁၇ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် က ကြီးမှူး၍ **"သမိုင်းအစဉ်အဆက် ယဉ်ကျေးမှုမပျက် မြတ်နိုးဆင်ယင်ခေတ်အသွင်"** ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် **"ယှဉ်ပြိုင်တေးစကားလေဒီစတား"** ဖျော်ဖြေပွဲများကို ဇွန် ၂၈ ရက် မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ဇွန် ၂၉ ရက်နှင့် ၃၀ ရက် ညနေ ၆ နာရီတွင်လည်းကောင်း ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး ဇွန် ၂၈ ရက်တွင် အထူးပြပွဲအဖြစ် တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ စီမံချက်ပါလုပ်ငန်းကော်မတီများ၏ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂၆**

အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ ပြည့်မီအောင်မြင်ရေးအတွက် စီမံချက်ပါ လုပ်ငန်းကော်မတီများနှင့် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ အစည်းအဝေးကို အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ စီမံချက်ပါ လုပ်ငန်းကော်မတီများမှ သက်ဆိုင်ရာကော်မတီအလိုက် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရန်များကို ရှင်းလင်းတင်ပြရန် ကျင်းပခြင်းဖြစ်သည်။

ကော်မတီများ၏ တင်ပြချက်များနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက မတူညီသောနိုင်ငံ၊ မတူညီသော တောတောင်သဘာဝ၊ မတူညီသောအယူအဆ၊ မတူညီသော အခြေခံအဆောက်အအုံများဖြင့် ဖွဲ့စည်းထားသော အာဆီယံတွင် အားလုံးတန်းတူညီမျှဖြစ်စေရေး၊ သာတူညီမျှဖြစ်စေရေး ကြိုးစားနေကြသော်လည်း မတူညီသည့် အဆိုပါ အခြေခံများကြောင့် အချို့နိုင်ငံများသည် ရှေ့သို့ရောက်ပြီး အချို့မှာ နောက်ကျကျန်နေဆဲဖြစ်ပါကြောင်း၊ ယင်းအခြေအနေသည် အေအီးစီ ၂၀၂၅ ပါ လုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးသွားချိန်တွင်လည်း တည်ရှိနိုင်မည်ဟု သုံးသပ်မိပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ယခုလက်ရှိ၌ အာဆီယံတွင် နောက်ဆုံးအဆင့် ရောက်နေသော်လည်း အေအီးစီ ၂၀၂၅ အကောင်အထည်ဖော်မှုနှင့်အတူ အလယ်အလတ်အဆင့်သို့ ရောက်ရှိနိုင်ရန် ကြိုးစား တက်လှမ်းသွားရမည်ဖြစ်ကြောင်း၊ ရောက်နိုင်စွမ်းရှိသည့်နေရာဟုလည်း မိမိယုံကြည်ပါကြောင်း၊ မိမိတို့၏ စီမံခန့်ခွဲမှုများ၊ မျှော်မှန်းချက်များ၊ အတွေးအခေါ်များသည် အခြားသောနိုင်ငံများနှင့်တန်းတူရှိနေလျှင် မိမိတို့မျှော်မှန်းသည့် အနေအထားသို့ ရောက်ရှိနိုင်မည်ဟု ယုံကြည်နိုင်ပါကြောင်း။

ဌာနဆိုင်ရာအားလုံး ပူးပေါင်းဆောင်ရွက်မှသာ အေအီးစီ ၂၀၂၅ လုပ်ငန်းစဉ်များ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံအတွက် အနှစ်သာရကျန်စေရေး၊ sustainable ဖြစ်စေရေးအတွက် ဦးတည်ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ အေအီးစီ ၂၀၂၅ တွင်သာမက ၊ ၂၀၂၅ ခုနှစ်အလွန်တွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင်လည်း ယင်းဦးတည်ချက်ကို ပိုင်ဆိုင်ထားရန် အရေးကြီးပါကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် မိမိတို့ မျှော်မှန်းချက်ကို တစ်နေ့ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့၏ ယုံကြည်ချက်များ၊ ရှိရင်းစွဲစွမ်းရည်များကို အပြည့်အဝအသုံးချပြီး ဆောင်ရွက်ရမည့် လုပ်ငန်းများကို မိမိတို့၏ Asset အဖြစ် ဆောင်ရွက်ရန် အရေးကြီးပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**



## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၆-၆-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၅၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၈၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၃၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၇၀၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၂၄ | ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၁ | ·၂၉ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၁၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၀၉ |
| တရုတ် | တစ်ယွမ် | ၁၉၉ | ·၀၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ | ·၄၀ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

* ရှေ့ဖုံးမှ

နိုင်ငံသည် ၁၉၆၁ ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာကွန်ဗင်းရှင်း၊ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာကွန်ဗင်းရှင်း၊ ၁၉၈၈ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများတွင် ပါဝင်လက်မှတ်ရေးထိုး လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာကွန်ဗင်းရှင်းနှင့်အညီ နည်းဥပဒေများကိုလည်း ထုတ်ပြန်ခဲ့ပါကြောင်း။

**လုပ်ငန်းတာဝန်များ သတ်မှတ်**

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၁၉၇၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ခေတ်စနစ်နှင့် လျော်ညီစေရန် ခြောက်ကြိမ်တိုင် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဆိုင်ရာ လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများတွင် အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခဲ့ပါကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေး မဟာဗျူဟာနှစ်ရပ်ကို ချမှတ်ပြီး ၁၉၉၉ - ၂၀၀၀ ခုနှစ်မှ ၂၀၁၃ - ၂၀၁၄ ခုနှစ်အထိ ၁၅ နှစ် စီမံကိန်းကို ရှမ်း၊ ကချင်၊ ကယားနှင့် ချင်းပြည်နယ်များရှိ မြို့နယ်ပေါင်း ၅၁ မြို့နယ်၌ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး စတုတ္ထငါးနှစ်စီမံကိန်းကိုတိုးချဲ့ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

**မီးရှို့ဖျက်ဆီး**

၂၀၁၆ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့် အမှုပေါင်း ၈၈၀၀ ရှိခဲ့ပြီး မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၏ မီးရှို့ဖျက်ဆီးမှုတန်ဖိုးမှာ ငွေကျပ်သန်းပေါင်း ၆၆၀၀၀ ကျော် ဖြစ်ပါကြောင်း။

**အစားထိုးသီးနှံစိုက်ပျိုး**

ဘိန်းစိုက်ပျိုးသည့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမြေဖော်ထုတ်ရေး၊ ရေနှင့်စွမ်းအင်ရရှိရေး၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ပေးခြင်းနှင့် သာသနာရေး အဆောက်အအုံများ တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အလားတူ ဒေသနှင့် ကိုက်ညီသည့် တစ်ပိုင်တစ်နိုင် သား၊ ငါးမွေးမြူရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အစားထိုးသီးနှံများ စိုက်ပျိုးနိုင်စေရန်လိုအပ်သည့် စီစဉ်ဆောင်ရွက်ပေးခြင်း တို့ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**လမ်းလွှဲမရောက်အောင် ဆောင်ရွက်**

ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးကော်မတီကိုဖွဲ့စည်းပြီး ပြည်ပမှ တင်သွင်းလာသည့် ဓာတုပစ္စည်းများအပေါ် သိုလှောင်မှု၊ သယ်ဆောင်မှု၊ ရောင်းဝယ်မှု၊ ဖြန့်ဖြူးမှုတို့ကို နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ လမ်းလွှဲမရောက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ပြန်လည်ဝင်ဆံ့နိုင်**

မူးယစ်ဆေးစွဲကုသရေး ဌာနကြီး ၂၆ ခုနှင့် ဌာနငယ် ၄၇ ခု ဖွင့်လှစ်ပြီး မူးယစ်ဆေးဝါးဆိုင်ရာ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးစွဲလူနာများအတွက် တစ်နေရာတည်း၌ ကုသရေးဝန်ဆောင်မှုအားလုံး ရရှိစေရန် ပြည်သူလူထုအခြေပြု One Stop Service လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်ထူထောင်ရေးစခန်း ၁၂ ခုကို ဖွင့်လှစ်ထားရှိပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ပြင်ဆင်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးအသင်းများ ဖွဲ့စည်း၍ နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**အသိပညာပေး**

မူးယစ်ဆေးဝါးသုံးစွဲမှု လျော့နည်းစေရန် ကျောင်းသားလူငယ်များကို မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ တိုက်ရိုက်အသိပညာပေးခြင်းနှင့် သွယ်ဝိုက်၍ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထုနှင့် ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ် အသိပညာများ တိုက်ရိုက်ရောက်ရှိစေရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှတစ်ဆင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် ပတ်သက်သည့် သတင်း၊ တေးသီချင်းနှင့် ရုပ်မြင်သံကြားဇာတ်လမ်းများကို ဘာသာစကားမျိုးစုံဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ နေ့စဉ်ထုတ်သတင်းစာများ၊ မဂ္ဂဇင်း၊ စာစောင်နှင့် ဂျာနယ်တို့မှလည်း ပညာပေးဇာတ်လမ်းများ၊ ဆောင်းပါးများနှင့်ကာတွန်းများ ထည့်သွင်းဖော်ပြ အသိပညာပေးလျက်ရှိပါကြောင်း။

**နိုင်ငံတကာနှင့် ပူးပေါင်း**

ဒေသတွင်းနိုင်ငံများ၊ မဲခေါင်ဒေသတွင်း နိုင်ငံများ၊ ဘင်းစတက်အဖွဲ့ဝင်နိုင်ငံများနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကာ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် ကုလသမဂ္ဂနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း။

**သင်တန်းများပို့ချ**

မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရာတွင် ၂၀၁၆ ခုနှစ် အကြိမ် (၃၀) မြောက် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ကုလသမဂ္ဂအထူးအစည်းအဝေး၏ အကြံပြုချက်များနှင့်အညီ ဘက်ပေါင်းစုံချဉ်းကပ်မှုများပါဝင်သည့် ပြည်သူ့ကျန်းမာရေးနှင့်ဖွံ့ဖြိုးမှုကို ရှေးရှုသော မူဝါဒသစ်တစ်ရပ်ကိုလည်း အခြေခံလူ့အခွင့်အရေးများနှင့်အညီ Road Map ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုလျော့ချရေးနှင့် ထုတ်လုပ်မှုလျော့ချရေးလုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေရန် မူးယစ်ဆေးဝါးသုံးစွဲမှုစစ်တမ်းတစ်ခုကို မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် UNODC ၏ နည်းပညာအကူအညီဖြင့် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ မြို့နယ်အဆင့်တွင် ဆောင်ရွက်နိုင်သည့် CBT (Community Base Treatment) စီမံချက်တစ်ခုကို ရေးဆွဲလျက်ရှိသကဲ့သို့ ထိရောက်သည့်ဝန်ဆောင်မှုများပေးနိုင်ရေးအတွက် နည်းပြဆရာသင်တန်းများကိုလည်း စတင်ဖွင့်လှစ်ပို့ချနေပြီဖြစ်ပါကြောင်း။

**စိတ်ချလုံခြုံ**

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ကိန်းဂဏန်းများထက် လူ့အဖွဲ့အစည်းတစ်ခု၊ လူ့အသိုက်အဝန်းတစ်ခုအတွင်း မူးယစ်ဆေးဝါးနှင့်ဆက်နွယ်သည့်မှုခင်းများ၊ အန္တရာယ်များနှင့် ကြောက်ရွံ့မှုများ မည်မျှထိ လျော့ချနိုင်သည်ဆိုသည့် Index များနှင့် တိုင်းတာသွားမှသာ လျှင် မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်သော စိတ်ချလုံခြုံပျော်ရွှင်သည့် လူ့ဘောင်တစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။

**ကိုယ်စီတာဝန်ရှိ**

စီမံကိန်းများနှင့် လုပ်ငန်းစဉ်များ ရေးဆွဲသည့်အခါ လိုအပ်သည့် လေ့လာဆန်းစစ်မှုနှင့် အခြေခံအချက်အလက်စုဆောင်းမှုများကို စနစ်တကျဆောင်ရွက်ပြီး ပြဿနာ၏အရင်းအမြစ်ကို လက်တွေ့ကျကျ ဖြေလျှော့နိုင်သည့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်မှသာ မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးပြဿနာတွင် လူမှုရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြစ်မှုတရားစီရင်ရေးစသည့် အကြောင်းအရာများပါဝင် ရှုပ်ထွေးသော သဘောရှိသည့်အတွက် ဘက်ပေါင်းစုံပါဝင်သည့် ချဉ်းကပ်မှုမျိုးဖြင့် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်း၊ အဖွဲ့အစည်းတစ်ခုချင်းစီမှသည် လူတစ်ဦးတစ်ယောက်ချင်းစီအထိ ကိုယ်စီတာဝန်ရှိသည်ဆိုသည့်အသိဖြင့် ပူးပေါင်းပါဝင်လုပ်ဆောင်ကြရန် တိုက်တွန်းလိုပါကြောင်း။

**ဝိုင်းဝန်းပံ့ပိုးကူညီ**

ယနေ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် " Listen FIRST " ဆိုသည့် အတိုင်းမိသားစုတိုင်းအနေဖြင့် မိမိတို့ကလေးသူငယ်များ၏ ခံစားချက်များကို ဦးစွာနားထောင်ပေးပြီး ကလေးများ၏ အနာဂတ်ဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးတို့အတွက် ကိုယ်စီတာဝန်ရှိသည်ဆိုသည့် အသိဖြင့် စီမံဆောင်ရွက်ပေးကြရန်နှင့် ဝိုင်းဝန်းပံ့ပိုးကူညီပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**သဝဏ်လွှာဖတ်ကြား**

ထို့နောက် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ UNODC ဌာနေကိုယ်စားလှယ် Mr. Jeremy Douglas က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

**ဆုများပေးအပ်**

ယင်းနောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံနှင့် ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင် ပထမဆုရရှိသူခြောက်ဦးကို ဆုများပေးအပ်သည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

**အကြိမ် ၃၀ ရှိပြီဖြစ်**

၁၉၈၇ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန် ၂၆ ရက်ကို ကမ္ဘာ့မူးယစ်ဆေးဝါးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံတွင် အဆိုပါအခမ်းအနားများ ကျင်းပခဲ့သည်မှာ ယနေ့ဆိုလျှင် အကြိမ် ၃၀ ရှိပြီဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံနှင့် ကွန်ပျူတာပိုစတာ **အလွတ်တန်း**ပြိုင်ပွဲများတွင် ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများနှင့် **မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ပြိုင်ပွဲ**များတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများအပါအဝင် ဆောင်ပုဒ်ပြိုင်ပွဲဆုရရှိသူများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားများတွင် ဆုများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




ဒုတိယသမ္မတ ဦးမြင့်ဆွေ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ပထမဆုရရှိသူတစ်ဦးအား ဆုပေးအပ်စဉ် (သတင်းစဉ်)

# စည်းမျဉ်း၊ စည်းကမ်း ၁၀ ချက်အား ထပ်ဆင့်ထောက်ခံ

ပြည် ဇွန် ၂၆

မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး(ဗဟို)က ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း ၁၀ ချက်အား ထပ်ဆင့်ထောက်ခံဆန္ဒပြု လက်မှတ်ရေးထိုးပွဲကို ပြည်မြို့သဘင်ပညာရှင်များအစည်းအရုံး အဆောက်အအုံ၌ ဇွန် ၂၁ ရက်က ပြုလုပ်ခဲ့ရာ ပဲခူးတိုင်းဒေသကြီး သဘင်ပညာရှင်များအစည်းအရုံး ဒုတိယဥက္ကဋ္ဌနှင့် ပြည်မြို့နယ် သဘင်ပညာရှင်များဥက္ကဋ္ဌ ဦးမြင့်စိုးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး(ဗဟို)က ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း ၁၀ ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသတွင်း ဆိုင်းပညာရှင်များနှင့် ဒေဝါပညာရှင်များ၏ သဘင်စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ သိရှိလိုသည့် မေးမြန်းချက်များကို တိုင်းဒေသကြီး သဘင်ဒုတိယဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းပြောကြားပြီး အဆိုပါ စည်းမျဉ်း၊ စည်းကမ်း ၁၀ ချက်အား ထပ်ဆင့်ထောက်ခံဆန္ဒပြု လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တပ်မတော်ပို့ဆောင်ရေးလေယာဉ်ပျက်ကျရာတွင် ပါဝင်သွားသူများအတွက် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇွန် ၂၆**

ပျက်ကျခဲ့သော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ/စစ်သည်၊ မိသားစုများနှင့် လေယာဉ်အမှုထမ်းများအတွက် ဒုတိယအကြိမ် ထောက်ပံ့ငွေကျပ် ၁၅ သိန်းကို ဒုတိယသမ္မတ ဦးမြင့်ဆွေ-ဒေါ်ခင်သက်ဌေး မိသားစုက ဇွန် ၂၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံသည်။

အလားတူ ပျက်ကျခဲ့သော လေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ/စစ်သည်၊ မိသားစုများနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၃၀ ကို ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးမြင့်ဆွေ-ဒေါ်ခင်သက်ဌေး မိသားစုက Y-8 လေယာဉ်ပျက်ကျရာတွင် ပါဝင်သွားသူများအတွက် ထောက်ပံ့ငွေ ပေးအပ်လှူဒါန်းစဉ် (သတင်းစဉ်)



# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကိုရီးယားသမ္မတနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဇွန် ၂၆**

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ဇွန် ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ်မြောက် ဥရောပ-အာရှနိုင်ငံများ၏ လွှတ်တော်ဥက္ကဋ္ဌများ အစည်းအဝေးသို့တက်ရောက်ရန် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၅ ရက်ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။ **(အပေါ်ပုံ)**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမန်းထွန်းကြိုင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်မှ ငွေကျပ် ၂၄၁ ဘီလီယံကျော်ဖြင့် ကျေးရွာပေါင်း ၉၉၀၄ ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဖော်ဆောင်လျက်ရှိ

**နေပြည်တော် ဇွန် ၂၆**

မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် မူဝါဒရေးရာအကြံပေးညှိနှိုင်းခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ်(၃၆)၌ ကျင်းပသည်။

ရှေးဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကျေးရွာများတွင် စဉ်ဆက်မပြတ် ဘဏ္ဍာရေးအရင်းအမြစ်ရရှိစေရန်၊ ကျေးလက်နေပြည်သူများ ဒီမိုကရေစီနည်းလမ်းကျကျ စုပေါင်းညှိနှိုင်းတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု အလေ့အထများ ဖွံ့ဖြိုးလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်မှန်းပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်မှစတင် ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် မြို့နယ် ၂၈၈ မြို့နယ်ရှိ ကျေးရွာပေါင်း ၉၉၀၄ ရွာတွင် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ် ၂၄၁ ဒသမ ၇၁ ဘီလီယံဖြင့် ဆောင်ရွက်ပေးနေသည့် စီမံကိန်းကြီးတစ်ခုအဖြစ် ရောက်ရှိလာနေပြီ ဖြစ်ပါကြောင်း၊ မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စီမံခန့်ခွဲပုံအရ ငွေချေးသူအိမ်ထောင်စုတစ်စုချင်းအား တိုက်ရိုက်အကျိုးခံစားခွင့်ရှိစေရုံသာမက ကျေးရွာလူထုအနေဖြင့် မိမိတို့၏ လက်တစ်ကမ်းတွင် ချေးငွေကို အလွယ်တကူ ရရှိစေခဲ့ပါကြောင်း၊ စီမံကိန်းကျေးရွာတွင် မတည်ပေးထားသည့် သိန်း ၃၀၀ ငွေကြေးအရင်းအမြစ်ကြောင့် အဆိုပါဒေသတွင်းတွင် ငွေကြေးစီးဆင်းမှုကို တိုးပွားစေပြီး စီးပွားရေးလည်ပတ်မှု ကောင်းမွန်လာခြင်းနှင့်အတူ ရောင်းဝယ်ဖောက်ကားမှု များပြားလာစေရေးကိုလည်း အထောက်အကူဖြစ်စေပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးကိုပါ တစ်ဖက်တစ်လမ်းမှ ကြီးမားစွာ ထောက်ကူပေးနိုင်မည့် ကျေးလက်အသေးစားငွေချေးလုပ်ငန်းများနှင့် မြစိမ်းရောင်အစီအစဉ်တို့ကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် မူဝါဒများအား ပေါ်ထွက်လာအောင် ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြခြင်းနှင့် မြစိမ်းရောင်စီမံကိန်းနှိုင်းယှဉ် အားသာချက်နှင့် အားနည်းချက်များ၊ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်များ အကဲဖြတ်လေ့လာသုံးသပ်ရေးစနစ်တိုးတက်ဖြစ်ပေါ်ရေး၊ မြစိမ်းရောင်စီမံကိန်းနှင့် ကျေးလက်ငွေချေးလုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ မြစိမ်းရောင်စီမံကိန်းနှင့် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျှော့ချရေးမူဝါဒများလိုက်လျောညီထွေရှိမှုဆိုင်ရာတို့နှင့် စပ်လျဉ်း၍ အဖွဲ့လိုက်ဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်၊ တိုင်းဒေသကြီးများမှ ဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရာတွင် ပါဝင်သည့် ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ပဉ္စမအကြိမ် တိုင်းရင်းမီဒီယာညီလာခံ လွိုင်ကော်မြို့၌ကျင်းပ

**လွိုင်ကော် ဇွန် ၂၆**

"အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးအတွက် မီဒီယာ" ဆိုသည့်အတိုင်း ငြိမ်းချမ်းရေးကို အထောက်အကူပြုစေသည့် နည်းလမ်းများ၊ ဗျူဟာများ ချမှတ်နိုင်ရေးအတွက်ရည်ရွယ်၍ ပဉ္စမအကြိမ် တိုင်းရင်းမီဒီယာညီလာခံကို ကယားပြည်နယ် လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ဇွန် ၂၆ ရက် နံနက် ၁၀ နာရီတွင် ပြုလုပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေ၊ မြန်မာနိုင်ငံအတွင်းရှိ သတင်းမီဒီယာအဖွဲ့များ၊ တိုင်းရင်းမီဒီယာကိုယ်စားလှယ်များ၊ ပြည်တွင်းသတင်းစာ စာနယ်ဇင်းသမားများ၊ CSO ၊NGO ၊ နိုင်ငံရေးပါတီအဖွဲ့တို့ တက်ရောက်ကြသည်။




ပဉ္စမအကြိမ် တိုင်းရင်းမီဒီယာညီလာခံ ကျင်းပစဉ်

ဖွင့်ပွဲအခမ်းအနားကို ကယားတိုင်းရင်းသားရိုးရာအကဖြင့် စတင်ဖွင့်လှစ်ပြီး နိုင်ကဆော့မွန် (Executive Director of BNI) က တိုင်းရင်းမီဒီယာများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်၊ ပင်မမီဒီယာများက ကူညီပေးရန် တိုင်းရင်းမီဒီယာ၏ မူဝါဒရပ်တည်ချက်များကိုဆွေးနွေးချမှတ်ရန်၊ တိုင်းရင်းမီဒီယာများမှ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်ပေါ်တိုးတက်ရေးတို့အတွက် ရပ်တည်သွားရန်လိုအပ်ကြောင်း ပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က တိုင်းရင်းမီဒီယာများအနေဖြင့် ငြိမ်းချမ်းရေးဖြစ်ပေါ်တိုးတက်မှုများတွင် ရပ်တည်သွားမည်ဟု ယုံကြည်ပါကြောင်းနှင့် တိုင်းရင်းမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ဒီမိုကရေစီကူးပြောင်းရေးကာလတွင် မီဒီယာကဏ္ဍသည် စတုတ္ထမဏ္ဍိုင်ဖြစ်သည်နှင့်အညီ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်များနှင့် ဟန်ချက်ညီညီဆောင်ရွက်သွားပါက ဒီမိုကရေစီတိုင်းပြည်ထူထောင်ရေးကို အမြန်ဆုံးရောက်ရှိမည်ဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်းရှိ မီဒီယာများအပြင် အခြားတိုင်းရင်းမီဒီယာများကပါ ဘက်လိုက်မှုကင်းသော အခြေအနေမှန်၊ သတင်းမှန်များ တင်ပြပေးခြင်းနှင့် ပြည်နယ်ဖွံ့ဖြိုးရေးကို ဆောင်ကြဉ်းပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားပြီး USAID မှ Office Of Democracy and Government လက်ထောက်ညွှန်ကြားရေးမှူး Mr. Chris Hobbs နှင့် ကန္တာရဝတီတိုင်းမ်မှ အယ်ဒီတာချုပ် ကိုစေးရယ်တို့က တိုင်းရင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ပြောကြားကြသည်။

ညီလာခံပထမနေ့တွင် ပြည်နယ်အလိုက် တိုင်းရင်းမီဒီယာများ ရင်ဆိုင်နေရသည့် အနေအထားနှင့် စိန်ခေါ်မှုများ၊ ကူညီပေးနေမှုအခြေအနေနှင့် တိုင်းရင်းမီဒီယာများကို ပူးတွဲနိုင်ရေးကိစ္စရပ်များ၊ တိုင်းရင်းမီဒီယာများမှ ရရှိနိုင်သည့် အခွင့်အရေး ရပ်တည်ချက်နှင့် စာဖတ်ပရိသတ်၏ ယုံကြည်မှုကိုရရှိစေရန်၊ ပြည်နယ်အသီးသီးတွင် မီဒီယာများ၏ အခန်းကဏ္ဍတို့ကို ဆွေးနွေးကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

**လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်**

**နေပြည်တော် ဇွန် ၂၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**

# လှိုင်ကော်မြို့ သီရိရုပ်ရှင်ရုံဟောင်းမြေနေရာတွင် အဆင့်မြင့်ရုပ်ရှင်ရုံနှင့် Community Centre ပါဝင်သော ခေတ်မီအထပ်မြင့်အဆောက်အအုံသစ်တည်ဆောက်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**လှိုင်ကော် ဇွန် ၂၆**

ပဉ္စမအကြိမ် တိုင်းရင်းမီဒီယာညီလာခံကို ယနေ့နံနက် ၁၀ နာရီတွင် ကယားပြည်နယ် လှိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုတို့ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က တိုင်းရင်းသားများ၏ သတင်းမီဒီယာနှင့် စာပေကဏ္ဍတို့တွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် တိုးချဲ့ဆောင်ရွက်ပေးမည့်အစီအမံများ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများ၌ တိုင်းရင်းသားဘာသာအစီအစဉ်များ ထုတ်လွှင့်ဖော်ပြဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့ဆောင်ရွက်ပေးရန် မိမိတို့တွင် တာဝန်ရှိသည်ဟုလည်း ခံယူထားပါကြောင်း၊ သို့ရာတွင် ဆောင်ရွက်နိုင်မှုပမာဏနည်းပါးနေသေးကြောင်း၊ တိုးချဲ့ဆောင်ရွက်ရေးတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားမီဒီယာများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားမီဒီယာများအနေဖြင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် အားတက်သရောပါဝင်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း ပြောကြားသည်။

တိုင်းရင်းမီဒီယာညီလာခံများကို ၂၀၁၃ ခုနှစ်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့တွင် လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့တွင်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ချင်းပြည်နယ် ဟားခါးမြို့တွင် လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင်လည်းကောင်း ကျင်းပခဲ့ပြီး ယခု ၂၀၁၇ ခုနှစ်တွင် ကယားပြည်နယ် လှိုင်ကော်မြို့၌ Burma News International နှင့် ကန္တာရဝတီတိုင်းမ်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျင်းပခဲ့ကြောင်း သိရှိရသည်။

**ညှိနှိုင်းဆွေးနွေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့အစည်း အဝေးခန်းမ၌ တွေ့ဆုံ၍ လှိုင်ကော်မြို့ သီရိရုပ်ရှင်ရုံဟောင်း မြေနေရာတွင် အဆင့်မြင့်ရုပ်ရှင်ရုံနှင့် Community Centre ပါဝင်သော ခေတ်မီအထပ်မြင့် အဆောက်အအုံသစ်တည်ဆောက်နိုင်ရေးနှင့်ပတ်သက်၍ ကနဦးညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် လှိုင်ကော်မြို့ သီရိရုပ်ရှင်ရုံဟောင်းမြေနေရာတွင် အဆင့်မြင့်ရုပ်ရှင်ရုံနှင့် Community Centre ပါဝင်သော ခေတ်မီအထပ်မြင့် အဆောက်အအုံသစ်တည်ဆောက်နိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းစဉ်

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇွန် ၂၅ ရက်က လှိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ သီရိရုပ်ရှင်ရုံဟောင်းနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း၊ လှိုင်ကော်သတင်းဌာနခွဲ၊ သတင်းရိုက်ကူး၊ ပေးပို့၊ ထုတ်လွှင့်နေမှု အခြေအနေများကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လှိုင်ကော်ခရိုင်ရုံး၊ ဒီမောဆိုမြို့နယ်ရုံးများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ ခရီးစဉ်တွင်အတူ လိုက်ပါလာသည့် ပြန်ကြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်သူ့စာကြည့်တိုက်များ အသက်ဝင်ရှင်သန်ရေး၊ ရေရှည်မျှော်မှန်းချက်ဖြစ်သည့် ရပ်ရွာအခြေပြုလူထု၏ Community Centre များဖြစ်စေရေး၊ နယ်မြေဒေသအလိုက် တည်ရှိနေသည့် တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများကို တတ်စွမ်းသရွေ့ ဖော်ထုတ်ထိန်းသိမ်းနိုင်ရေး၊ မျိုးဆက်သစ်လူငယ်များအတွက် စာဖတ်သည့် အလေ့အကျင့်ရရှိစေရေးအတွက် ကလေးစာဖတ်ခန်းများကို ယခုထက် ပိုမိုစိတ်ဝင်စားဖွယ်ဖြစ်အောင် တိုးချဲ့ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ မှာကြားခဲ့သည်။

(ပြည်နယ် ပြန်/ဆက်)

# မိုင်းကြောင့် ထိခိုက်သူများအတွက် လူသားချင်းစာနာမှု အကူအညီပေးရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ဗြိတိန်နိုင်ငံအခြေစိုက် Departament for International Development – DFID အဖွဲ့မှ Deputy Team Leader (ITAD), Mr. Alexander Robert Renuick Mcaslan နှင့်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

**ဆွေးနွေး**

အဆိုပါ DFID အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင် ရွက်နေသောအစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းသုံးခုဖြစ်သည့် The Halo Trust၊ Mine Advisory Group နှင့် Norwegian Peoples’ Aid အဖွဲ့တို့က ဆောင်ရွက်နေသော မြေမြှုပ်မိုင်းအန္တရာယ်ဆိုင်ရာ လုပ်ငန်းများအတွက် ရန်ပုံငွေ ထောက်ပံ့နေသောအဖွဲ့ဖြစ်ပြီး လက်ရှိ ပူးပေါင်းဆောင်ရွက်နေသော လုပ်ငန်းကဏ္ဍများ၏ အားသာချက်၊ အားနည်းချက်များ၊ မိုင်းအန္တရာယ် အသိပညာပေးရေး လုပ်ငန်းအဖွဲ့၏ ရှေ့ဆက်ဆောင်ရွက်မည့် ဦးစားပေးအစီအစဉ်များ၊ မိုင်းအန္တရာယ်လျှော့ချရေးဆိုင်ရာလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ရန် ရန်ပုံငွေရှာဖွေရေးကိစ္စရပ်များ၊ မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Monitoring Committee)တို့အကြား လုပ်ငန်းချိတ်ဆက်ဆောင်ရွက်ရန် အနေအထား၊ မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ မိုင်းကြောင့်ထိခိုက်သူများအတွက် လူသားချင်းစာနာမှုအကူအညီပေးရေး ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# မြန်မာ-အိန္ဒိယကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေးတက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့် အိန္ဒိယသို့ ထွက်ခွာ

**နေပြည်တော် ဇွန် ၂၆**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဇွန် ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးသို့ တက်ရောက်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် မှ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ထွက်ခွာခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံကောင်စစ်ဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေး၊ နယ်စပ်ကုန်သွယ်ရေးအတွက် နှစ်နိုင်ငံဘဏ်များအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ကုန်သွယ်မှုပြုလုပ်နိုင်မည့် အမယ်များတိုးမြှင့်ရန်ကိစ္စရပ်များအား ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဇွန် ၂၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

(မိုး/ဇလ)

# အမှတ် (၁၉)အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ဝင်းရတနာကျောင်းဆောင်သစ်ဖွင့်

**မန္တလေး ဇွန် ၂၆**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ရှိ အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်းခွဲ ဝင်းရတနာကျောင်းဆောင်သစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းဝင်းအတွင်း ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီး ချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်၍ မုဒိတာစကားပြောကြားခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ကျော်ဦး၊ ကျောင်းဆောင်သစ်အလှူရှင် ဦးညိုဝင်းတို့က ကျောင်းဆောင်သစ် အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အလှူရှင် မိသားစုက ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများအား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါကျောင်းသည် ကျောင်းသားဦးရေများပြားလာသည့်အတွက် တိုးချဲ့မြေနေရာရရှိရန် တင်ပြခဲ့သဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်း၍ ၀ ဒသမ ၆၅၁၉ ဧကကို သတ်မှတ်ပေးကာ ပညာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ဖြင့် ပေ(၇၀ ×၃၀) RC နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် တည်ဆောက်ပေးခဲ့ပြီး အလှူရှင်များက အဆောင်သစ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။

ယနေ့လွှဲပြောင်းပေးသော ကျောင်းဆောင်သစ်သည် (၈၀×၃၂) ပေရှိ RC တစ်ထပ်ဖြစ်ပြီး ဦးညိုဝင်း- ဒေါ်ဌေးကြည်မိသားစု(ဝင်းရတနာခန်းမ၊ ကိတ်နှင့်ရေခဲမုန့်မိသားစု)က လှူဒါန်းခဲ့ကြောင်းနှင့် ကျောင်းဆောင်အပြင် စာသင်ခုံနှင့် ပရိဘောဂ ၄၈ စုံကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



ဝင်းရတနာ ကျောင်းဆောင်သစ်ဖွင့်ပွဲ တက်ရောက်ကြသူများ စုပေါင်းဓာတ်ပုံရိုက်စဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၆**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

(မိုး/ဇလ)

# ရာသီအကူးအပြောင်းနှင့် သတိပြုစရာ အအေးမိတုပ်ကွေးရောဂါ

## ဒေါက်တာမြတ်ထွင်ညွန့်

**မိုးဦးလေဦးရာသီရောက်သည်နှင့် ရာသီဥတုက မိုးရွာလိုက် နေပူလိုက် ဖြစ်လာသည်။ နေပူသည်ထင်ပြီး ထီးမယူသွားသည့်အခါမျိုးတွင် တိုက်တိုက်ဆိုင်ဆိုင်မိုးက ထစ်ချုန်းရွာချကာ စိုရွှဲသွားတတ်သည်။ အဝတ်အစားလဲဖို့ အသင့်မရှိသည့် အခါမျိုး တွင် စိုထိုင်းထိုင်းနှင့်ပင် နေလိုက်ကြရသည်။ သည်လို ပူလိုက်အေးလိုက် ရာသီအကူးအပြောင်းတွင် အဖြစ်များသည်က အအေးမိတုပ်ကွေးဖျားဖြစ်သည်။**

အအေးမိတုပ်ကွေးဟု လွယ်လွယ်ပြောလိုက်သော်လည်း အအေးမိခြင်းနှင့် တုပ်ကွေးမှာ ခင်ဆင်ဆင်တူသော်လည်း ထပ်တူထပ်မျှ မတူပါ။ အကြမ်းဖျင်းအားဖြင့် အအေးမိခြင်းက ရောဂါဝေဒနာသိပ်မပြင်းထန်ဘဲ တုပ်ကွေးက ပိုမိုပြင်းထန်စွာ ခံစားရလေ့ရှိသည်။ သည်ရောဂါနှစ်မျိုးစလုံး၏ တူသည့်အချက်က အသက်ရှူလမ်းကြောင်းတွင် ဖြစ်ပွားသည့်ရောဂါအမျိုးအစား ဖြစ်ခြင်းနှင့် ရောဂါလက္ခဏာ ဆင်ဆင်တူခြင်းဖြစ်သည်။ လူတစ်ဦးမှတစ်ဦးသို့ ကူးစက်ပျံ့နှံ့တတ်သည့်အတွက် တစ်ခါတစ်ရံတွင် အတူနေတစ်မိသားစုလုံး၊ တစ်ခန်းတည်းအတူနေသူအားလုံး ဖြစ်ပွားတတ်ပါသည်။ အများစုက အအေးမိတုပ်ကွေးဖြစ်ခြင်းကို အာဂန္တုအဖျားအဖြစ် ပေါ့ပေါ့တန်တန်သဘောထားတတ်ကြသည်။ အအေးမိတုပ်ကွေးရောဂါက လူအများအတွက် သိပ်မစိုးရိမ်ရသော ရောဂါဖြစ်သော်လည်း အသက်ကြီးသူများ၊ အခြားရောဂါအခံ ရှိသူများ၊ ကလေးငယ်များနှင့် ကိုယ်ခံအားနည်းနေသူများတွင် အန္တရာယ်ရှိသည့်အတွက် ပေါ့ပေါ့ဆဆ သဘောမထားသင့်ပါ။

**အအေးမိခြင်း**

အအေးမိခြင်းသည် Rhinovirus အမည်ရှိ ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားခြင်းဖြစ်သည်။ နှာရည်ယိုခြင်း၊ နှာပိတ်ခြင်း၊ လည်ချောင်းနာခြင်းတို့ကို စတင်ခံစားရလေ့ရှိသည်။ ထို့နောက် တဖြည်းဖြည်းချင်း ရောဂါလက္ခဏာ တိုးတိုးခံစားလာရကာ ရက်သတ္တ တစ်ပတ်ကျော်အထိ ဆက်ဖြစ်နေတတ်သည်။ ကိုယ်ပူဖျားခြင်း၊ အင်အားကုန်ခန်းခြင်း၊ ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်းတို့ ဖြစ်နိုင်သည်။ တစ်ပတ်ကျော်အကြာတွင် ရောဂါလက္ခဏာများ လျော့ပါးသက်သာသွားနိုင်သည်။

**တုပ်ကွေး**

တုပ်ကွေးသည် Influenza အမည်ရှိ ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသည်။ ယင်းဗိုင်းရပ်စ်ပိုးဝင်ရောက်ခံရပါက ရောဂါလက္ခဏာ မြန်မြန်ဆန်ဆန်ပြတတ်သည်။ ကောင်းနေသေးရာက ချက်ချင်းဆိုသလို ကိုယ်ပူကြီးဖျားခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ ကိုယ်လက်နာကျင်ကိုက်ခဲခြင်းတွေ ဖြစ်စေနိုင်သည်။ အအေးမိခြင်းနှင့် မတူသည့် အချက်မှာ ဆိုင်းမပါ ဗုံမပါ ချက်ချင်းဆိုသလို ရုတ်တရက်ထဖြစ်ခြင်းနှင့် ကိုယ်ပူဖျားခြင်း၊ ခေါင်းကိုက်ခြင်းနှင့် ကိုယ်လက်ကိုက်ခဲခြင်းများ ပိုမိုဆိုးရွားစွာ ဖြစ်တတ်ခြင်းတို့ဖြစ်သည်။ တုပ်ကွေးဖြစ်ပြီးနောက် ရက်သတ္တ သုံးပတ်လောက်အထိ နုံးကာ အားအင်ကုန်သလို ခံစားရနိုင်သည်။ တုပ်ကွေးရောဂါပိုး အမျိုးအစားပေါ်မူတည်ကာ ပြင်းထန်ပါက ကိုယ်ပူကြီးလွန်းခြင်း၊ ကလေးများတွင်တက်ခြင်း၊ ချောင်းတာရှည်ဆိုးခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ နောက်ဆက်တွဲ နမိုးနီးယား အဆုတ်ရောင်ရောဂါဖြစ်ခြင်းများအထိ ဖြစ်လာစေနိုင်သည်။ ထို့ကြောင့် အကြမ်းဖျင်းအားဖြင့် တုပ်ကွေးက အအေးမိခြင်းထက် ပိုဆိုးသည်ဟု ဆိုနိုင်သည်။

## အအေးမိခြင်းနှင့် တုပ်ကွေးမှာ ခင်ဆင်ဆင်တူသော်လည်း ထပ်တူထပ်မျှ မတူပါ။ အကြမ်းဖျင်းအားဖြင့် အအေးမိခြင်းက ရောဂါဝေဒနာ သိပ်မပြင်းထန်ဘဲ တုပ်ကွေးက ပိုမိုပြင်းထန်စွာ ခံစားရလေ့ရှိ

**အအေးမိတုပ်ကွေး ဘယ်လိုကူးစက်**

အအေးမိပိုးနှင့် တုပ်ကွေးပိုးများသည် ကူးစက်ပုံခြင်း တူညီပါသည်။ ရောဂါပိုးရှိသူထံမှ ချောင်းဆိုး၊ နှာချေသောအခါထွက်သည့် နှာရည်၊ သလိပ် စသည်တို့တွင် ရောဂါပိုး သန်းပေါင်းများစွာ ပါဝင်နေနိုင်သည်။ ထိုပိုးများက တစ်နည်းအားဖြင့် အခြားတစ်ဦး၏ အသက်ရှူလမ်းကြောင်းထဲ ရောက်ရှိပါက အအေးမိ တုပ်ကွေးရောဂါ ဖြစ်ပေါ်ခံစားရနိုင်ပါသည်။ အအေးမိတုပ်ကွေးရောဂါရှိသူ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ သလိပ်ထွေးခြင်းတို့ကို ပြုလုပ်ပါက အနီးအနားရှိလေထဲတွင် ရောဂါပိုးများ ပျံ့ဝဲနေနိုင်ပြီး ထိုလေကိုရှူမိပါက ရောဂါရနိုင်သည်။ အအေးမိတုပ်ကွေးဖြစ်နေသူက လက်ဖြင့် နှာရည် စသည်တို့ကို ကိုင်တွယ်မိထားပါက ထိုလက်တွင် ရောဂါပိုးများ ရှိနေနိုင်ပြီး ထိုလက်မှတစ်ဆင့် တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ ဘတ်စ်ကားရှိလက်ကိုင်ကွင်း စသည်တို့ကို ကိုင်မိသည်နှင့် ရောဂါပိုးများက ထိုပစ္စည်းပေါ်တွင်ပါ ရောက်ရှိနေနိုင်သည်။ အခြားသူတစ်ဦးဦးက ထိုရောဂါပိုးရှိနေသော ပစ္စည်းများကို ကိုင်တွယ်မိပြီး ထိုလက်ဖြင့် နှာခေါင်းမျက်နှာ စသည်တို့ကို ကိုင်တွယ်မိရာမှတစ်ဆင့် ရောဂါပိုးသည် ထိုသူ၏လေလမ်းကြောင်းထဲ ဝင်ရောက်သွားနိုင်သည်။ ထိုနည်းများဖြင့် အချိန်တိုအတွင်း လူအများသို့ ရောဂါကူးစက်သွားစေနိုင်သည်။

**အအေးမိတုပ်ကွေးဖြစ်ခဲ့သော်**

အအေးမိတုပ်ကွေးရောဂါ ဖြစ်ပွားပါက အောက်ပါအချက်များကို လိုက်နာပါ။

၁။ အတတ်နိုင်ဆုံး အနားယူပါ။ နွေးနွေးထွေးထွေးနေပါ။ ပူနွေးသည့် ကြေလွယ်ညက်လွယ်သည့် အစားအစာများကိုစားပါ။

၂။ လူအများနှင့် ရောရောနှောနှော နေထိုင်သွားလာမှု မပြုသင့်ပါ။

၃။ နှာချေ၊ ချောင်းဆိုး၊ နှပ်ညှစ်ပါက လက်ကိုင်ပဝါ၊ စက္ကူတစ်သျှူးသုံးစွဲပါ။ ဖြစ်နိုင်ပါက နှာခေါင်းစည်းသုံးပါ။

၄။ လက်မကြာခဏဆေးကြောပါ။

၅။ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုပါ။

၆။ ဆေးအနေဖြင့် ကိုယ်ပူကျဆေး ပါရာစီတမောနှင့် ဟစ်တမင်းဆန့်ကျင်ဆေးတို့ကို သောက်သုံးရုံနှင့်ပင် သက်သာနိုင်ပါသည်။

၇။ အသက်ကြီးသူများ၊ ကလေးငယ်များ၊ ကိုယ်ခံအားနည်းသူများဖြစ်ပါက နောက်ဆက်တွဲ ဆိုးကျိုးများ ဝင်လာနိုင်သည့်အတွက် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့ ပြသရန်လိုအပ်ပါသည်။

**အအေးမိတုပ်ကွေးမဖြစ်စေရန်**

အလားတူစွာပင် အအေးမိတုပ်ကွေးဖြစ်လွယ်သော ရာသီအကူးအပြောင်းကာလတွင် အအေးမိတုပ်ကွေး မဖြစ်စေရန်အတွက် အောက်ပါအချက်များကို သတိပြုလိုက်နာသင့်ပါသည်။

၁။ ကလေးများ၊ အသက် ၆၅နှစ်အထက် လူကြီးများနှင့် ကိုယ်ခံအားနည်းသူများအနေဖြင့် တုပ်ကွေးကာကွယ်ဆေးကို (ဖြစ်နိုင်ပါက) ထိုးနှံ့ထားသင့်သည်။

၂။ ရှောင်လွှဲရပါက လူအများအပြားရှိသော ပွဲလမ်းသဘင် အခမ်းအနားများကို ရှောင်ပါ။

၃။ လက်ကိုမကြာခဏဆေးပါ။ ရေ၊ ဆပ်ပြာအသင့်မရှိပါက အရက်ပြန်ပါသော လက်သန့်ဆေးရည်ဖြင့် ဆေးကြောသန့်စင်ပါ။

၄။ ကိုယ်ခံအားကောင်းနေစေရန် အာဟာရပြည့်ဝအောင် စားသုံးပါ၊ အိပ်ရေးဝဝအိပ်ပါ။

၅။ အရက်၊ ဆေးလိပ် အတတ်နိုင်ဆုံး မသောက်ပါနှင့်။

၆။ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုပါ။

၇။ လက်ဖြင့် မျက်နှာ၊ နှာခေါင်း၊ ပါးစပ် စသည်တို့ကို အကြောင်းမဲ့ ကိုယ်တွယ်မိခြင်း မလုပ်သင့်ပါ။

အအေးမိတုပ်ကွေးရောဂါသည် ရာသီနာအဖြစ် မိုးဦးကျရာသီအကူးအပြောင်းနှင့် ဆောင်းဦးရာသီအကူးအပြောင်းတွင် ပိုမိုဖြစ်ပွားတတ်သည့်အတွက် ထိုသို့သော ရာသီအကူးအပြောင်းကာလတွင် အထူးသတိပြုမိရန် လိုအပ်ပါသည်။

# အင်းဝပြတိုက်နှင့် လမ်း ၈၀ ယဉ်ကျေးမှုပြတိုက်တို့အား ခွင့်ပြုဘဏ္ဍာငွေကျပ်သိန်း ၈၀၀ ဖြင့် ပြုပြင်ထိန်းသိမ်းသွားမည်

**မန္တလေး ဇွန် ၂၆**

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွက် ခွင့်ပြုဘဏ္ဍာငွေကျပ်သိန်း ၈၀၀ ဖြင့် အင်းဝပြတိုက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအပါအဝင် လမ်း၈၀ယဉ်ကျေးမှုပြတိုက်နှင့် ပယ်ပုံတော်ဝင်းရှိ စာကြည့်တိုက်နှင့် ဝန်ထမ်းအိမ်ရာ လျှပ်စစ်ဓာတ်အား တိုးမြှင့်တပ်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးဝင်းက ပြောကြားသည်။

"အင်းဝပြတိုက်ကို မနှစ်က အဆင့်မြှင့်တင် ပြုပြင်ခဲ့ပြီး ကျန်နေသေးတဲ့ အပိုင်းတွေကို ဒီနှစ် ဘဏ္ဍာငွေနဲ့ ဆက်လက်လုပ်ဆောင်မှာပါ။ လမ်း၈၀ ပြတိုက်ကလည်း မနှစ်က အဆင့်မြှင့်တင်ထားတဲ့အတွက် လိုအပ်တဲ့ မီးအလင်းရောင်ပေးနိုင်ဖို့ လက်ရှိ ဗို့အားနဲ့ မနိုင်တော့လို့ ၁၀၀ ကေဗွီ ထရန်စဖော်မာ တစ်လုံး အသစ်လဲလှယ်တပ်ဆင်တာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

ထို့အပြင် ပယ်ပုံတော်ဝင်းအတွင်းထားရှိသည့် စာကြည့်တိုက်နှင့် ဝန်ထမ်းအိမ်ရာများအတွက်လည်း ၂၀၀ ကေဗွီ ထရန်စဖော်မာတိုးမြှင့်တပ်ဆင်၍ လျှပ်စစ်လိုင်းကြိုးများ အသစ်သွယ်တန်းခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများအတွက် အင်းဝပြတိုက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ငွေကျပ်သိန်း ၃၀၀၊ လမ်း၈၀ယဉ်ကျေးမှုပြတိုက် ဗို့အားမြှင့်တင်ခြင်းလုပ်ငန်းအတွက်ငွေကျပ်သိန်း ၁၅၀ နှင့် ပယ်ပုံတော်ဝင်း စာကြည့်တိုက်နှင့် ဝန်ထမ်းအိမ်ရာများ ဗို့အားတိုးမြှင့်ခြင်း လုပ်ငန်းအတွက် ငွေကျပ်သိန်း ၃၅၀ သုံးစွဲသွားမည်ဖြစ်သည်။

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် အင်းဝပြတိုက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုငွေကျပ်သိန်း ၇၇၀ ဖြင့် ဆောင်ရွက်ခဲ့ပြီး ယင်းနှစ်တွင် လမ်း ၈၀ နှင့် ၂၄ လမ်းထောင့်ရှိ ယဉ်ကျေးမှုပြတိုက်အား ခွင့်ပြုဘဏ္ဍာငွေကျပ်သိန်း၁၂၀၀ဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



**အဆင့်မြှင့်တင်ဆောင်ရွက်မည့် အင်းဝပြတိုက်**



# ကျောက်တော်မြို့နယ်အတွင်းရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၅ ရက်က ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာ၊ ကာဒီကျေးရွာနှင့် သင်္ဂနက်ကျေးရွာများရှိ ကမ်းပြိုကာကွယ်ရေး ဘိုးပိုင်အခြေပြု မြေထိန်းနံရံ တည်ဆောက်ထားရှိမှုအခြေအနေ၊ သဲအိတ်စီ သဲမွေ့ရာ အုတ်ရေလွှဲ ရေကာတည်ဆောက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အလုပ်ခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စံချိန်စံညွှန်းပြည့်မီအောင် စနစ်တကျဆောင်ရွက်ရေး၊ ဆောင်ရွက်ထားရှိမှုအပေါ် အစစ်ဆေးခံနိုင်ရေးနှင့်နှစ်ရှည်ခိုင်ခံ့သော လုပ်ငန်းများဖြစ်စေရေးတို့ကို ဂရုပြုဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# မိုးရာသီကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**ကျောက်ကြီး ဇွန် ၂၆**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝန်ထမ်းများက ဇွန် ၂၆ ရက်တွင် မိုးရာသီကာလအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့ကျနိုင်ရေးအတွက် ဆွေးမြည့်သစ်သားတိုင်များအား ကွန်ကရစ်တိုင်များ လဲလှယ်ခြင်းနှင့် ဓာတ်အားလိုင်းကြိုးလဲလှယ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျောက်ကြီးမြို့နယ်တွင် JICA အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည့် ၄၀၀ ဗို့လိုင်းတွင် ဓာတ်အားကြိုးများလဲလှယ်ခြင်းလုပ်ငန်းများအပြင် ကွန်ကရစ်တိုင်များ လဲလှယ်ခြင်း လုပ်ငန်းများနှင့် နေအိမ်များရှိ ဆားဗစ်ဝိုင်ယာကြိုးများအား လိုင်းဟောင်းမှ လိုင်းသစ်ကေဘယ်များသို့ ပြောင်းလဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

**ကိုလွင်(ဆွာ)**

# ရဲတပ်ဖွဲ့တွင်အသုံးပြုသော ခေတ်မမီသည့်လက်နက်များအစား လက်ရှိအခြေအနေနှင့်ကိုက်ညီသောလက်နက်များ ပြောင်းလဲတပ်ဆင်ခြင်းဆောင်ရွက်လျက်ရှိ



ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပစဉ်

**နေပြည်တော် ဇွန် ၂၆**

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်နေသည့် သဘာဝဓာတ်ငွေ့ရောင်းရငွေ၏ အမြတ် ၅ ရာခိုင်နှုန်းကို ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ထည့်သွင်းပေးရန် အစီအစဉ်မရှိသေးကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြောသည်။

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၏ **ရခိုင်ကမ်းလွန်မှ Gas ၁၂ ဘီလီယံကုဗပေကို တရုတ်နိုင်ငံသို့ နှစ်စဉ်ရောင်းချရန် စီမံကိန်းကာလနှစ် (၃၀) အတွက် ကတိကဝတ်ပြုထားသော ၇၉၃ ကီလိုမီတာရှည်သည့် မြန်မာနှင့် တရုတ် သဘာဝဓာတ်ငွေ့သွယ်တန်းမှုနှင့်ပတ်သက်၍ တစ်နှစ်တွင် Gas ရောင်းရငွေ မည်မျှရှိပြီး အမြတ်မည်မျှရှိကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်တွင် အတည်ပြုပြီးသော Gas ရောင်းရငွေအမြတ် ၅ ရာခိုင်နှုန်းကို ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ မည်သည့်အချိန်တွင် ထည့်သွင်းရေးဆွဲ ချမှတ်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းအား ဒုတိယဝန်ကြီးက ပြန်လည်ဖြေကြားရာတွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

**သဘာဝဓာတ်ငွေ့**

ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာအခွန်အခများကိုသာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်ဖြစ်ပါကြောင်း၊ နှစ်စဉ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုငွေများကိုဖြည့်ဆည်းပေးနေရပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ သဘာဝဓာတ်ငွေ့ရောင်းရငွေမှရရှိသော ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂၁ သန်းကျော်ကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းခဲ့ ပါကြောင်း ရှင်းလင်းခဲ့သည်။

ရခိုင်ကမ်းလွန် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းကို ၂၀၁၀ ပြည့်နှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး တည်ဆောက်ရေးကာလ သုံးနှစ်ခန့်ကြာမြင့်ခဲ့ကြောင်း၊ အဆိုပါစီမံကိန်းတွင် တရုတ်နိုင်ငံ CNPC ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံမှု ၅၀ ဒသမ ၉ ရာခိုင်နှုန်း၊ တောင်ကိုရီးယားနိုင်ငံ Daewoo ကုမ္ပဏီမှ ၂၅ ဒသမ ၀၄၁ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံ ONGC ကုမ္ပဏီမှ ၈ ဒသမ ၃၄၇ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံ GAIL ကုမ္ပဏီမှ ၄ ဒသမ ၁၇၃၅ ရာခိုင်နှုန်း၊ တောင်ကိုရီးယားနိုင်ငံ KOGAS ကုမ္ပဏီမှ ၄ ဒသမ ၁၇၃၅ ရာခိုင်နှုန်းနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ၇ ဒသမ ၃၆၅ ရာခိုင်နှုန်း ပါဝင်ရင်းနှီး မြှုပ်နှံခဲ့ကြောင်း။

**ချေးငွေပြန်လည်ပေးဆပ်**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက China Development Bank ထံမှ ချေးငွေ ယူရို ၈၆ ဒသမ ၁၆ သန်း ချေးယူခဲ့၍ အဆိုပါစီမံကိန်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ ချေးယူငွေအနက် အတိုးအရင်းပေါင်း ယူရိုငွေ ၁၀၃ ဒသမ ၆၄ သန်း ပေးဆပ်ရန် ကျန်ရှိနေကြောင်း၊ အဆိုပါချေးငွေအား ပြန်လည်ပေးဆပ်နေဆဲကာလ ဖြစ်သဖြင့် အကျိုးအမြတ်မရရှိသေးကြောင်း ဒုတိယဝန်ကြီးက ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။

အစည်းအဝေးတွင် သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၏ **ပြည်သူ့ရဲတပ်ဖွဲ့များအား လုံလောက်သော လက်နက်ကိရိယာများ၊ ဆက်သွယ်ရေးစက်များ၊ နည်းပညာများ၊ မော်တော်ယာဉ်စက်သုံးဆီများ၊ ယူနီဖောင်းများ၊ ရိက္ခာများ ဖြည့်တင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရဲတပ်ဖွဲ့တွင် အသုံးပြုသော ခေတ်မမီသည့်လက်နက်များအစား လက်ရှိအခြေအနေနှင့် ကိုက်ညီသော ခေတ်မီမောင်းပြန်လက်နက်များ ပြောင်းလဲတပ်ဆင်ခြင်းနှင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များအား ခေတ်ကာလနှင့်အညီ ပြောင်းလဲတပ်ဆင်ပေးခြင်းတို့ကို အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျန်ရှိသော တိုင်းဒေသကြီးနှင့်ပြည်နယ် ရဲတပ်ဖွဲ့များကိုလည်း ပြောင်းလဲတပ်ဆင်ပေးရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၂-၂၀၁၃ ခုနှစ်တွင် ခရီးဝေးဆက်သွယ်ရေးစက် ၁၀၂ လုံးသာ တပ်ဆင်ပေးထားရာမှ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ခရီးဝေးဆက်သွယ်ရေးစက် ၈၆၉ လုံးအထိ ဖြည့်တင်းပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ခရီးတိုဆက်သွယ်ရေးစက် (အထိုင်စက်၊ လက်ကိုင်စက်) ၂၈၃၈ လုံးကိုလည်း ဖြည့်တင်းပေးနိုင်ခဲ့ကြောင်း၊ လိုအပ်သည့် ဆက်သွယ်ရေးစက်များ ဆက်လက်ဖြည့်တင်းနိုင်ရေးအတွက် ဖွဲ့စည်းပုံလိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်းအား နှစ်စဉ်ဘဏ္ဍာငွေတင်ပြတောင်းခံလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုချက်ရရှိပြီးဖြစ်၍ ဆက်သွယ်ရေးပစ္စည်းအမျိုးအစားပေါင်း ခုနစ်မျိုး စုစုပေါင်း ၈၁၆ စုံကို ဝယ်ယူဖြည့်တင်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လက်နက်နှင့် ဆက်စပ်ပစ္စည်းများ၊ ပေါက်ကွဲယမ်းပစ္စည်းများ၊ သေးငယ်သောပစ္စည်းများ၊ ငွေတုစသည်တို့ကို စစ်ဆေးသော စက်များအပါအဝင် Computer Forensic ၊ Network Forensic၊ Video Forensic အမျိုးအစား ခုနစ်မျိုး စုစုပေါင်း ၁၀ လုံးကို ဝယ်ယူဖြည့်တင်းခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လက်ဗွေရာစနစ်၊ Social Forensic (မှုခင်းဆိုင်ရာ လူမှုရေးဝက်ဆိုက်များ စစ်ဆေးသည့်ပစ္စည်း)၊ ပုံရိပ်အား လျင်မြန်စွာဖော်ထုတ်စစ်ဆေးပေးနိုင်သည့် Protable X-Ray စက်၊ လက်ကိုင်သုံး ပေါက်ကွဲပစ္စည်း အနံ့ခံစက်၊ Drone ပျံသန်းမှုကိုရပ်တန့်ဖြုတ်ချနိုင်သည့်စက်၊ Video Pole Camera၊ Bullet Catcher Collection Chamber စသည့် စက်ပစ္စည်းများကို ထပ်မံဝယ်ယူရန် စီစဉ်ထားပါကြောင်း။

**တိုးမြှင့်သုံးစွဲ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ အိမ်ငှားစရိတ်နှုန်းထားအသစ်များ ပြင်ဆင်သတ်မှတ်နိုင်ရေး ဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ၂၀၁၀ ပြည့်နှစ်ထိ မော်တော်ယာဉ် ၁၈၄၄ စီးရှိခဲ့ပြီး ၂၀၁၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ မော်တော်ယာဉ် ၂၆၄၈ စီး ထပ်မံဖြည့်တင်းနိုင်ခဲ့ပါကြောင်း၊ မော်တော်ယာဉ်များအတွက် စက်သုံးဆီကို ၂၀၁၀ ပြည့်နှစ်တွင် တစ်လလျှင် ဂါလန် ၅၀၀၀၀ ခန့်သာရရှိခဲ့ပြီး ယခုလက်ရှိတွင် တစ်လလျှင် ဂါလန် ၁၇၃၆၀၉ အထိ တိုးမြှင့်သုံးစွဲလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ အရာရှိ၊ အခြားအဆင့်တပ်ဖွဲ့ဝင်များအတွက် ၂၀၁၄ ခုနှစ်မှစ၍ ၂၀၁၆ ခုနှစ်အထိ ရဲတပ်ဖွဲ့ဝင်တစ်ဦးလျှင် ယူနီဖောင်းပိတ်စတစ်စုံ(ချုပ်ခအပါ)နှင့် အခြားရဲဝတ်တန်ဆာများကို ဖြည့်ဆည်းပေးခဲ့သော်လည်း ၂၀၁၇ ခုနှစ်မှစ၍ ရဲတပ်ဖွဲ့ဝင်တစ်ဦးလျှင် ယူနီဖောင်းပိတ်စနှစ်စုံ (ချုပ်ခအပါ)နှင့် အခြားရဲဝတ်တန်ဆာများကို တိုးမြှင့်ဖြည့်တင်းပေးနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်များ၏ ရိက္ခာထောက်ပံ့ငွေကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ တစ်ဦးလျှင် တစ်ရက် ငွေကျပ် ၁၈၀၀ နှုန်းအထိ တိုးမြှင့်ခံစားခွင့်ရရှိရေးဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အမှုစုံစမ်းခြင်းဆိုင်ရာခရီးစရိတ်

*စာမျက်နှာ ၈ သို့*

# တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ပရဆေးကုန်ကြမ်းတင်သွင်းရောင်းချလိုသောကုမ္ပဏီများက စစ်မှန်မှုထောက်ခံလာပါကစစ်ဆေးအတည်ပြုပေး



အမျိုးသား လွှတ်တော် အစည်းအဝေး ကျင်းပစဉ်

**နေပြည်တော် ဇွန် ၂၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဇော့တင်း၏ **ပလက်ဝမြို့ ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံတွင် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်များနှင့် ကျေးရွာများရှိ ကျန်းမာရေးဌာနရှစ်ခုအနက် လစ်လပ်ခုနစ်နေရာတွင် ကျန်းမာရေးမှူးများ အမြန်ဆုံးအစားထိုးခန့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ပလက်ဝမြို့ ပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန်အင်အားမှာ ခွင့်ပြုခြောက်ဦးအနက် နှစ်ဦးခန့်ထားပြီး လစ်လပ်လေးဦး ရှိပါကြောင်း။

**ဦးစားပေးခန့်ထား**

ချင်းပြည်နယ်၌ လစ်လပ်လျက်ရှိသည့် လက်ထောက် ကျန်းမာရေးမှူး ရာထူးနေရာများအတွက်(၃၁)ကြိမ်မြောက် လက်ထောက်ကျန်းမာရေးမှူး (အကျဉ်းချုံး) သင်တန်းဆင်း ၂၀ နှင့် ကျန်းမာရေးသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး) ဘွဲ့ရ လက်ထောက် ကျန်းမာရေးမှူး ရာထူးဝင်ခွင့် အောင်မြင်သူ ၁၅ ဦး တို့ကို ခန့်အပ်တာဝန်ချထားပြီး ဖြစ်ပါကြောင်း၊ ပလက်ဝမြို့နယ်ရှိ ကျေးလက်ကျန်းမာရေးဌာနတွင် လစ်လပ်နေရာခုနစ်နေရာအနက် လေးနေရာကို ခန့်ထားပေးပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသော လစ်လပ်နေရာသုံးနေရာအား (၃၂)ကြိမ်မြောက် လက်ထောက်ကျန်းမာရေးမှူး (အကျဉ်းချုံး) သင်တန်းစက်တင်ဘာလတွင် ပြီးစီးမည်ဖြစ်ပြီး အဆိုပါသင်တန်းဆင်း ၇၅ ဦးအား အလုပ်ခန့်အပ်မည့်အချိန်တွင် ချင်းပြည်နယ်၌ ဦးစားပေးခန့်ထားပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)၏ **မြန်မာနိုင်ငံ ဒေသအသီးသီး၌ ဖွင့်လှစ်ထားသည့် မြန်မာ့ပရဆေးဆိုင်များမှ ဆေးဝါးကုန်ကြမ်းများတွင် သိပ္ပံနည်းကျမှန်ကန်သော ဆေးဝါးစစ်စစ်တင်သွင်းရောင်းချနိုင်ရေးအတွက် ပညာပေးလုပ်ထုံးလုပ်နည်းများ စိစစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုင်းရင်းဆေးပညာ ဦးစီးဌာနအနေဖြင့် ပရဆေးကုန်ကြမ်းတင်သွင်း ရောင်းချလိုသော ကုမ္ပဏီများမှ ပရဆေးကုန်ကြမ်း စစ်မှန်မှုထောက်ခံချက်တောင်းခံလာပါက စစ်ဆေးပြီး အတည်ပြုပေးလျက်ရှိပါကြောင်း။

ထိုသို့စစ်ဆေးရာတွင် ကုန်ကြမ်းပစ္စည်းများကို ပြင်ပရုပ်သွင်တိုက်ဆိုင်စစ်ဆေးခြင်း ပြုလုပ်ပြီး လိုအပ်ပါက ပါဝင်ဓာတ်ပစ္စည်းများကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ပြုလုပ်ပါကြောင်း၊ ကုမ္ပဏီများအနေဖြင့် ပရဆေးကုန်ကြမ်း သို့မဟုတ် အဆီအနှစ်များအား တိုင်းရင်းဆေးဝါးများဖော်စပ်ရာတွင် အသုံးပြုသော ကုန်ကြမ်းပစ္စည်းများဖြစ်ကြောင်း လာရောက်လျှောက်ထားပါက တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ တင်သွင်းသည့် ကုမ္ပဏီ၏ ဓာတ်ခွဲစမ်းသပ်တွေ့ရှိချက်အား သေချာစွာ စိစစ်/ စစ်ဆေးပြီး ထောက်ခံပေးပါကြောင်း၊ ပရဆေး ကုန်ကြမ်းရောင်းချသူ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရန် ကုန်ကြမ်းဝယ်ယူသူများအနေဖြင့်လည်း မိမိတို့ရောင်းချ၊ ဝယ်ယူမည့်ပစ္စည်းအား သိရှိပြီး သေချာစွာစစ်ဆေးဝယ်ယူရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ပရဆေးကုန်ကြမ်းများအား Standardized ပြုလုပ်၍ Botanical Name အပါအဝင် စနစ်တကျပြုလုပ်ရန် ဆောင်ရွက်လျက်ရှိသည့်အပြင် အသိပညာပေးလုပ်ငန်းများကိုပါ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ပြန်လည်ရှင်းလင်း**

ထို့ပြင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ စန်းမောင်မောင်၏ **မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးသော်လည်း ပြည်သူများ လိုက်နာကျင့်သုံးမှုနှင့် အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှု မရှိသလောက် အားနည်းနေခြင်းအပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ် ဖြေရှင်းပေးပါရန် တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လုလုစိုး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာ ဦးကြွယ်ကြွယ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာ စိုင်းဆိုင်ကျော့ဆမ်၊ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဌေးဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဝင်းမောင်နှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးဇော့တင်းတို့က ထောက်ခံဆွေးနွေးကြသည်။

**ပြည်သူများ လေးစားလိုက်နာ**

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဌေးဦးက ပြဋ္ဌာန်းပြီး ဥပဒေများတွင် ချို့ယွင်းချက်များ ရှိသော်လည်း အုပ်ချုပ်သူအစိုးရမှ ရသည့်နည်းဖြင့် မဖြစ်မနေ အကောင်အထည်ဖော်ရန် တာဝန်ရှိပါကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေအား ပြည်သူများ လေးစားလိုက်နာသည်အထိ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အာဏာပိုင်များဘက်မှလည်း လက်ရှိအခြေအနေအား ထိုင်ကြည့်နေမည့်အစား ယခုအခြေအနေထက် ပိုမိုတိုးတက်ထိရောက်အောင် ကြီးကြပ်ဆောင်ရွက်ပေးရန် မဖြစ်မနေတာဝန်ရှိပါကြောင်း စသဖြင့် အဆိုအားထောက်ခံဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ဇွန် ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော် (သတင်းစဉ်)**

# ၁၃၇၉ (၂၀၁၇) ခုနှစ် ဓမ္မာစရိယစာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၂၀၁၇ ခုနှစ်အတွက် ဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ဓမ္မာစရိယသုံးကျမ်းအောင် ၇၈၁ ပါး၊ နှစ်ကျမ်းအောင် ၁၁၇၆ ပါး၊ တစ်ကျမ်းအောင် ၁၄၉၀ ပါး၊ ပါဠိဂုဏ်ထူးအောင် ငါးပါး၊ မြန်မာဂုဏ်ထူးအောင် သုံးပါး အောင်မြင်တော်မူကြသည်။ စုစုပေါင်းဖြေဆိုသူ ၁၉၇၇၅ ပါးအနက် အောင်မြင်သူ ၃၄၅၅ ပါးဖြစ်၍ ၁၇ ဒသမ ၄၉ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၂၀၁၇ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအနက် ဓမ္မာစရိယသုံးကျမ်းအောင် (ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင် ပထမ) ရရှိခဲ့ကြသော အထူးအောင် ပုဂ္ဂိုလ်များမှာ ဖော်ပြပါ အတိုင်း ဖြစ်ကြသည်။

| | | | |
|---|---|---|---|
| ၁။ ပထမ(အဂ္ဂမဟာအကျော်) | ခုံအမှတ် | ကရ/၁၇၈၈ | အရှင်ဉာဏောဘာသ<br>၇/ပခန(သ) ၀၁၁၇၃၃<br>ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်<br>ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂။ ဒုတိယ | ခုံအမှတ် | ကန/၁၆၇၉ | အရှင်ကေဝလ<br>၁၂/ဗဟန(သ)၀၀၄၃၈၉<br>ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်<br>ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃။ တတိယ | ခုံအမှတ် | ပ၀/၃၂ | အရှင်သုမန<br>၉/မကန(သ)၀၀၂၀၈၃<br>မစိုးရိမ်တိုက်သစ်၊ မိုးကုတ်မြို့<br>မန္တလေးတိုင်းဒေသကြီး |
| ၁။ သီလရှင်ပထမ | ခုံအမှတ် | ကန/၉၄၄ | မဇဝနညာဏီ<br>၁၄/မအန(သီ)၀၀၁၆၃<br>သမိဒ္ဓေါဒယသုခိတာရာမဒေါ်ဉာဏစာရီ<br>မြန်အောင်သီလရှင်စာသင်တိုက်<br>စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |

၂၀၁၇ ခုနှစ် ဓမ္မာစရိယစာမေးပွဲ အောင်စာရင်းများကို တိုင်းဒေသကြီး/ ပြည်နယ် သံဃနာယကအဖွဲ့ရုံးများ၌လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူးရုံးများ၌လည်းကောင်း၊ သက်ဆိုင်ရာ စာဖြေဌာနများရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ် သာသနာရေးမှူးရုံးများ၌လည်းကောင်း ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျေးလက်သတင်းထောက်များအတွက် အခြေခံသတင်းစာပညာသင်တန်းဖွင့်

**တောင်ကြီး ဇွန် ၂၆**



ရှမ်းပြည်နယ် တောင်ကြီးမြို့လမ်းမတော်ရပ်ကွက် စိန်ဂျိုးဇက် အောက်မေ့ဖွယ် ဓမ္မာရုံ၌ ဇွန် ၂၆ ရက် နံနက် ၉ နာရီက Basic Journalism Trainning For Community Journalists Batch3 (ကျေးလက်သတင်းထောက်များအတွက် အခြေခံသတင်းစာပညာသင်တန်း) ဖွင့်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါသင်တန်းအား Mizzimi Midia မှ ဦးစီးဖွင့်လှစ်ခဲ့ပြီး အဆိုပါသင်တန်းသို့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ သင်တန်းသားသင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်း သိရသည်။ **(၀၆၇)**

# လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဇွန် ၂၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးသန်းထွန်းမြင့် ကလေးဝမဲဆန္ဒနယ်၏ မိတ်ဆွေတစ်ဦး၊ ဦးဇော်မင်းသိန်းလေးမျက်နှာမဲဆန္ဒနယ်၏ မိသားစုဝင်နှစ်ဦး၊ ဦးဝင်းနိုင် မိုးကောင်းမဲဆန္ဒနယ်၏ မိတ်ဆွေသုံးဦး၊ Inspiro Institute/ Flagship Co.,Ltd. မှ ဒါရိုက်တာ၊ ကျောင်းအုပ် ဦးဝင်းသူ ဦးဆောင်သော ကျောင်းသား၊ ကျောင်းသူ ၁၄ ဦး၊ မုံရွာစီးပွားရေးတက္ကသိုလ်မှ ဦးခန့်ဖြိုးဝေ ခေါင်းဆောင်သည့် ကျောင်းသား၊ ကျောင်းသူ ၅၇ ဦး၊ ပုသိမ်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာသီဂီအေး ခေါင်းဆောင်သည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၉၂ ဦး၊ စုစုပေါင်း ၁၆၉ ဦးတို့သည် ယနေ့နံနက်တွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။**(သတင်းစဉ်)**

# နိုင်ငံ့ဝန်ထမ်းများသည် အစိုးရနှင့်ပြည်သူကြား ယုံကြည်မှုတည်ဆောက်ရာတွင် အခရာကျကောင်းမွန်သော အုပ်ချုပ်မှုစနစ်ပေါ်ထွန်းလာအောင် စွမ်းဆောင်ပေးနိုင်မည့်သူများဖြစ်

နေပြည်တော် ဇွန် ၂၆

**ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးစီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) နဝရတ်ခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)




အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက သင်တန်းကို ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၏ စီမံခန့်ခွဲအုပ်ချုပ်မှုပိုင်းတွင် အဓိကတာဝန်ထမ်းဆောင်နေကြပြီး အနာဂတ်တွင် နိုင်ငံတော်၏ ပိုမိုကြီးမားသောတာဝန်များကို ထမ်းဆောင်ကြမည့် အဆင့်မြင့်အရာရှိကြီးများ၏ အရည်အသွေးများ ပိုမိုမြင့်မားထက်မြက်လာစေကာ ၎င်းတို့တာဝန်ယူရသော ဝန်ထမ်းအဖွဲ့အစည်းတွင် ဦးဆောင်နိုင်မှုစွမ်းရည်တိုးတက်လာစေရန်နှင့် အနာဂတ်ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးကောင်းများ ပေါ်ထွက်လာစေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကာလအနေဖြင့် ရက်သတ္တရှစ်ပတ် ကြာမြင့်မည်ဖြစ်ပြီး ပြည်ပဘာသာရပ်ပို့ချမှုအနေဖြင့် UNDP က "Public Administration Responsiveness Trainings ၊ Code of Ethics ၊ Anti-Corruption ၊ Competency Frameworks"၊ Hanns Seidel Foundation က" Constitutions and Federal Ideas"၊ UN-APCICT က" ICT and Sustainable Development ၊ Project Manegement ၊ Social Media for Development"၊ EU(GOPA)က " Irish Civil Service Competency Frameworks and Health Management" စသည် ဘာသာရပ်များကို ရက်သတ္တငါးပတ်တာ ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းဘာသာရပ်ပို့ချမှုအနေဖြင့် ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းအသီးသီးတို့က ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်တွင်းကျွမ်းကျင်ပညာရှင်များက ခေတ်စနစ်နှင့်လျော်ညီပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီ အဆင့်အတန်းရှိရှိဖြင့် ပြုစုထားရှိသော သင်ရိုးညွှန်းတမ်းများ၊ သင်ရိုးဇယားများကို ရက်သတ္တသုံးပတ် ဆွေးနွေးပို့ချပေးမည်ဖြစ်ပါကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်အစိုးရ၏ ရည်ရွယ်ချက်များဖြစ်သော ဒီမိုကရေစီ ဖက်ဒရယ်စနစ်ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ပြည်သူများ၏ လူနေမှုဘဝများဖွံ့ဖြိုးတိုးတက်ရေးများကို အကောင်အထည်ဖော်ရာတွင် ပြည်သူများကို အနီးကပ်ဝန်ဆောင်မှုပေးရသော နိုင်ငံ့ဝန်ထမ်း၏စွမ်းအား (Ability)နှင့် စွမ်းဆောင်ရည် (Capability)တို့သည် အလွန်အရေးကြီးသည့်အတွက် ၎င်းတို့အစဉ်တိုးတက်နေစေရန် ပညာသစ်၊ အတွေ့အကြုံသစ်များကို ဆက်လက်ရှာဖွေစုဆောင်းသွား ရန်လိုကြောင်း ယခုသင်တန်းကနိုင်ငံ့ဝန်ထမ်းများ၏ လိုအပ်ချက်စွမ်းရည်များကို ဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံ့ဝန်ထမ်းလောက ခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင် တစ်စိတ်တစ်ပိုင်းအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအတွင်း ကျင့်ဝတ်သိက္ခာနှင့် သမာသမတ်ရှိပြီး အရည်အသွေးပြည့်ဝသည့် စီမံခန့်ခွဲမှုများ ရှိမှသာ ပွင့်လင်းမြင်သာမှုရှိပြီး ပြည်သူများ၏ လိုအပ်ချက်ကို ဘက်လိုက်ခြင်းကင်းစွာ တန်းတူညီမျှ တုံ့ပြန်ဖြည့်ဆည်းပေးနိုင်မည့် သန့်ရှင်းသောအစိုးရ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ပေးနေသည့် အင်အားစုများဖြစ်ပြီး ပြည်သူလူထုအတွက် အခြေခံဝန်ဆောင်မှုများကို ဆောင်ရွက်ပေးရန် တာဝန်ရှိသူများလည်း ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းအများစုသည် အစိုးရကို ကိုယ်စားပြုသူများဖြစ်သည့်အတွက် အစိုးရနှင့်ပြည်သူကြား ယုံကြည်မှုတည်ဆောက်ရာတွင် အခရာကျမည်ဖြစ်ပြီး ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ပေါ်ထွန်းလာအောင် စွမ်းဆောင်ပေးနိုင်မည့်သူများလည်း ဖြစ်ပါကြောင်း၊ နိုင်ငံတော် အသွင်ကူးပြောင်းဆဲကာလတွင် ပြည်သူများက နိုင်ငံ့ဝန်ထမ်းများအပေါ်ထားရှိသည့် မျှော်မှန်းချက်များသည် ယခင်နှင့်မတူတော့ဘဲ အရည်အသွေးမြင့်မားသောဝန်ဆောင်မှုများကို ရယူလိုသည့်အတွက် ယခုသင်တန်းတက်ရောက်ကြသော အရာရှိကြီးများသည် အမှုထမ်းများကို ထိရောက်စွာ ဦးဆောင်ပြီး အထက်အဆင့်ကိုလည်း ခေတ်နှင့်အညီ ပြီးပြည့်စုံသော ပံ့ပိုးမှုများကို ပေးနိုင်မှသာလျှင် ကောင်းမွန်သည့် အုပ်ချုပ်ရေးကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး ပြည်သူလူထုလိုချင်သည့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ပြီးပြည့်စုံသည့်ဝန်ဆောင်မှုကို ပေးနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရက အရာရှိကြီးများကို စွမ်းဆောင်ရည်မြှင့်တင်ပေးမှုနှင့် လေ့ကျင့်သင်တန်းပေးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေခြင်းမှာ အုပ်ချုပ်ရေးကဏ္ဍ၏ ခေါင်းဆောင်မှု အရည်အသွေးတိုးတက်လာရန် ဖြစ်ခြင်းကြောင့် သင်တန်းကာလအတွင်း မိမိအတွက်၊ မိမိဝန်ကြီးဌာနအတွက် အကျိုးရှိအောင် ကြိုးကြိုးစားစားသင်ယူကြရန် တိုက်တွန်း မှာကြားခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ အဖွဲ့ဝင် ဦးမြင့်ဝင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းသား၊ သင်တန်းသူအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၇ မှ*

အဖြစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ အမှုတစ်မှုလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းအထိ တိုးမြှင့်ခွင့်ပြုခဲ့ပါကြောင်း၊ တရားခံသယ်ယူပို့ဆောင်ခအဖြစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ အမှုကြီး တစ်မှုလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း၊ အခြားအမှုတစ်မှုလျှင် ငွေကျပ် ၃၀၀၀၀ နှုန်း၊ ကြိုတင်ကာကွယ်မှု တစ်မှုလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ခွင့်ပြုခဲ့ပါကြောင်း။

အမှုဖြစ်ပွားသည့် အခြေအနေအပေါ်မူတည်၍ မြို့မရဲစခန်း တစ်ခုလျှင်အများဆုံး ငွေကျပ် ၁၈ သိန်းမှ အနည်းဆုံး ငွေကျပ်တစ်သိန်းအထိလည်းကောင်း၊ နယ်မြေရဲစခန်း တစ်ခုလျှင် အများဆုံးငွေကျပ်၁၂ သိန်းမှ အနည်းဆုံးငွေကျပ် သုံးသောင်းအထိလည်းကောင်း ကြိုတင်ဆောင်ငွေများ ခွဲဝေပေးထားသဖြင့် စိုက်ထုတ်သုံးစွဲရန်မလိုအပ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်န၊ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၊ သာစည် မဲဆန္ဒနယ်မှ ဦးသန်းစိုး၊ နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး၊ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်နှင့် ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်တို့၏ ပြည်သူများလုံခြုံမှုအတွက် ရဲစခန်း သို့မဟုတ် ရဲကင်းများ ချထားပေးရေး၊ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေး၊ အငယ်တန်းအင်ဂျင်နီယာ(၂) ရာထူးတိုးမြှင့်ပေးရေး၊ လျှပ်စစ်မီတာခကို ပြောင်းလဲသတ်မှတ်ရေး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့်ပတ်သက်သည့် ကန်ထရိုက်စာချုပ်ပါ အချက်အလက်များ ပွင့်လင်းမြင်သာစွာ ချပြရေးဆိုင်ရာ မေးခွန်းများကိုလည်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ဖြေကြားခဲ့ကြသည်။

ထို့နောက် ဦးဝင်းမြင့်ဦး (ခ) ဦးနေမျိုး၊ ညောင်ရွှေမဲဆန္ဒနယ်မှ တင်သွင်းထားသည့် **ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ကြီး ရေရှည်တည်တံ့ရေးအတွက် အစိုးရ၊ ပြည်သူအားလုံးပါဝင်သော စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ချမှတ်ရန် ပြည်ထောင်စု အစိုးရအားတိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ၊ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း၊ မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ) ဦးနိုင်ငံကျော်၊ လွိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးနှင့် ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင်တို့က ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အင်းလေးကန်ရေရှည်တည်တံ့ရေး ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ဆက်စပ်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၏ သဘောထားရယူပြီး စီမံကိန်း အဆိုပြုလွှာများခေါ်ယူ၍ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အင်းလေးကန်ရေရှည် တည်တံ့ရေးအတွက် ဥပဒေနှင့် နည်းဥပဒေ(မူကြမ်း)များ ပြဋ္ဌာန်းနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်သည့်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ၏ သဘောထားရယူပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီနှင့် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာများဖတ်ကြားတင်ပြခြင်းနှင့် "တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း" အား လွှတ်တော်၏အဆုံးအဖြတ်ရယူ အတည်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်၊ အေးအေးသန့်(သတင်းစဉ်)**

# ရန်ကုန်မြို့ မန္တလေးမြို့နှင့် တောင်ကြီးမြို့များတွင် မီးရှို့ဖျက်ဆီးခဲ့သော မူးယစ်ဆေးဝါးနှင့်ဓာတုပစ္စည်းများ တန်ဖိုးငွေကျပ် ၅၂၃၆၉၈ ဒသမ ၂၈ သန်းကျော်ရှိ

**နေပြည်တော် ဇွန် ၂၆**

ယနေ့ကျရောက်သည့် (၃၀)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် တိုင်းဒေသကြီး/ ပြည်နယ်များမှဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများအား မီးရှို့ဖျက်ဆီးပွဲအခမ်းအနားများကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဒဂုံရောယာဉ်ရပ်နားစခန်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ရွှေမန်းတောင်အားကစားကွင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့အဝေရာကုန်းသာယာမီးပုံးပျံကွင်းတို့၌ တစ်ပြိုင်တည်းကျင်းပသည်။


အဆိုပါ အခမ်းအနားများတွင် မူးယစ်ဆေးဝါးများဖြစ်သည့် ဘိန်း ၁၃၂၃ ဒသမ ၀၃၄၃ ကီလို၊ ဘိန်းဖြူ ၇၂၅ ဒသမ ၁၉၄၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၁၂၈၁၂၉၀၊ ဘိန်းဆီခဲ ၅၆ ဒသမ ၃၄၄၇ ကီလို၊ ဆေးခြောက် ၂၂၈ ဒသမ ၆၇၉၅ ကီလို၊ အိုက်စ် ၁၈၆၂ ဒသမ ၆၇၈၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားအမှုန့် ၄၅ ဒသမ ၀၁၄၉ ကီလို၊ အဆင့်နိမ့်ဘိန်း ၂၀ ဒသမ ၃၇၃၁ ကီလို၊ ဘိန်းညှိမှုန့် ၁၀၀၉ ဒသမ ၁၈၀၉ ကီလို၊ ကိုကင်း ၄၄၉ ဒသမ ၈၇၅ ကီလို၊ ဘိန်းစာမှုန့် ၁၈၃၄ ဒသမ ၈၅၆ ကီလို၊ ဘိန်းစာရွက် သုည ဒသမ ၀၈၉၁ ကီလို၊ ဘိန်းစာရည် သုည ဒသမ ၁၇၁၂ လစ်တာ၊ ဘိန်းဆီရည် သုည ဒသမ ၇၉၈ လစ်တာ၊ ဘိန်းရည် ၇၉၆ ဒသမ ၈၁၉၇ လစ်တာ၊ ဘိန်းဖြူရည် သုည ဒသမ ၀၅၀၅ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးရည် သုည ဒသမ ၁၅၃ လစ်တာ၊ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကတ်တမင်း ၁၅၈၆ ဒသမ ၂၅၂၂ ကီလို၊ မက်သဒုန်းဆေးရည် သုည ဒသမ ၄၀၁ လစ်တာ၊ အက်တက်စီ ၂၉ ပြား၊ Phensedyl ၅၇၅ ပြား၊ ထရာမဒေါလ် ၅၈၈ တောင့်၊ ထရာမဒေါလ်ထိုးဆေး ၁၇၁ ပုလင်း၊ ဗျူပရီနော်ဖင်းထိုးဆေး ၄၇၇၉ ပုလင်း၊ အယ်ပရာဇိုလမ်ဆေးပြား၆၄၄၈ ပြား၊ ဒိုင်ယာဇီပမ်ဆေးပြား ၃၅၉၁၄၆ ပြား၊ ဒိုင်ယာဇီပမ်ထိုးဆေး ၇၉၈ ပုလင်း၊ လိုရာဇီပမ်ဆေးပြား ၃၁၆ ပြား၊ Fentanyl ထိုးဆေး ၆၉၇ ပုလင်း၊ စိတ်ပြောင်းဆေးဝါး ၆၆၂၀ ဒသမ ၅ ပြား၊ ကိုဒင်းချောင်းဆိုးဆေး ကိုးပုလင်းနှင့် ထိန်းချုပ်ဆေးဝါး ၇၀၆၀၃ ပြား၊ ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သည့် ဆူဒိုအက်ဖီဒရင်းဆေးပြား ၅၇၆၇၄၂ ပြား၊ ဆူဒိုအက်ဖီဒရင်းအမှုန့် ၄၉ ဒသမ ၉၉၅ ကီလို၊ အက်ဖီဒရင်းသုည ဒသမ ၀၈၉၉ ကီလို၊ ကဖင်း ၇၆၆၀ ဒသမ ၉၄၁၇ ကီလို၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၁၇၉၉ ဒသမ ၂၆ လစ်တာ၊ ဆာလဖျူရစ်အက်စစ် ၂၀၃၆ ဒသမ ၆၈၁၅ လစ်တာ၊ အီသိုင်းအီသာ ၁၂၀၂ ဒသမ ၀၂ လစ်တာ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများဖြစ်သည့် ကရိုလိုဖောင်း ၅၂၃၂ ဒသမ ၅ လစ်တာ၊ အက်စစ်အရည် ၃၀၀၀ လစ်တာ၊ အရက်ပြန် ၂၉ ဒသမ ၉၈ လစ်တာ၊ အရိုးမီးသွေး ၃၀၂၄ ဒသမ ၉၉၈ ကီလို၊ Boron Nitride ၆၇ ဒသမ ၅ ကီလို၊ ကော့စတစ်ဆိုဒါ ၃၉ ဒသမ ၉၉၈ ကီလို နှင့်ဘိန်းမျိုးစေ့ ၃၈ ဒသမ ၀၀၁၄ ကီလိုတို့အား ဖျက်ဆီးနိုင်ခဲ့ပြီး ယင်းမူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ မြန်မာငွေကျပ် ၅၂၃၆၉၈ ဒသမ ၂၈ သန်းကျော် (အမေရိကန်ဒေါ်လာ ၃၈၅ ဒသမ ၀၇ သန်းကျော်)ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောခရိုင် အပြည်ပြည်ဆိုင်ရာ မူးယစ်တိုက်ဖျက်ရေးနေ့ကျင်းပ

**မောင်တော ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မောင်တောခရိုင် မောင်တောမြို့ အထက(၁)၌ ကျင်းပသည်။




အဆိုပါအခမ်းအနားသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ခင်မောင်စိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်၊ အမှတ်(၁) နယ်ခြားစောင့်ရဲ ကွပ်ကဲမှုအဖွဲ့မှူးရုံး ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီး ဉာဏ်မြင့်ကျော်၊ ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီး၊ ဆရာဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေထံမှ ပေးပို့သော သဝဏ်လွှာအား မောင်တောခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဉာဏ်ဝင်းဦးက ဖတ်ကြားသည်။

ယင်းနောက် မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများအား ဦးစီးအရာရှိ ဦးကျော်လွင်ဦးကလည်းကောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ရရှိလာသည့် ဆိုးကျိုးများနှင့်စပ်လျဉ်း၍ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ မောင်မောင်သိန်းကလည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အကြိမ် (၂၀) မြောက် ကွန်ပျူတာပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံး ပြိုင်ပွဲများတွင် မောင်တောခရိုင်အဆင့်ဆုရ ကျောင်းသား ကျောင်းသူများနှင့် ၂၀၁၇ ခုနှစ်အတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးဖော်ထုတ်မှုများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သူများအား ဆုများချီးမြှင့်ကာ ပြသထားသော ပြခန်းများကို ကြည့်ရှုအားပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်း - မြင့်မောင်စိုး၊ အောင်ကျော်ဦး**
**ဓာတ်ပုံ - သက္က**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**ဘူးသီးတောင် ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဘူးသီးတောင်မြို့အခြေခံပညာအထက်တန်းကျောင်း မေယုရတနာခန်းမ၌ ဇွန် ၂၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းက အမှာစကားပြောကြားရာတွင် မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောင်းဝယ်ဖောက်ကားမှု၊ လျှို့ဝှက်သယ်ဆောင်မှု ပပျောက်ရေးအတွက် အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ပြည်သူလူထုများကပါပူးပေါင်းပြီး ဘက်ပေါင်းစုံမှဝိုင်းဝန်းကာကွယ်တိုက်ထုတ်ရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ် ရဲတပ်ဖွဲ့မှူး ဦးသောင်းငွေက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အတွေ့အကြုံများ ရှင်းလင်းပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းထွန်းကျော်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ကျန်းမာရေးကဏ္ဍခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယမြို့နယ်ဥပဒေအရာရှိက မူးယစ်ဆေးဝါးနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားပါသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ထက်၊ လယ်၊ မူလတန်းပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများမှ ဆုများချီးမြှင့်ခဲ့ကြသည်။ ယင်းနောက် မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဓာတ်ပုံ၊ ကဗျာ၊ ကာတွန်း၊ နံရံကပ်စာစောင်ပြခန်းအား တက်ရောက်လာသူများက လှည့်လည်ကြည့်ရှုကြသည်။ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ထုတ်ဝေသော သတင်းစကား လက်ကမ်းစာစောင်ကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပူးပေါင်းဖြန့်ဝေခဲ့သည်။ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်၊

**(မြို့နယ် ပြန်/ဆက်)**





# ရွှေလီမဘိမ်းသစ်ထုတ်ရေးဒေသ ခိုင်းဆင်များ အင်းတော်မြို့နယ် စားကျက်မှ ပြောင်းရွှေ့

**အင်းတော် ဇွန် ၂၆**

ကသာခရိုင် အင်းတော်မြို့နယ် အောက်တောကြိုးဝိုင်းရှိ နိုင်ငံပိုင်မှတ်ပုံတင်ပြုလုပ်ထားရှိသော အလုပ်ဆင်များကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ကသာမြို့နယ် အောင်ချမ်းသာကျေးရွာအနီးရှိ ဧရာဝတီမြစ်အတွင်း ဇက်ရေယာဉ်ဖြင့် သယ်ယူပို့ဆောင်နေသည်ကို တွေ့ရသည်။

ထိုသို့ ဆင်များပြောင်းရွှေ့ခြင်းမှာ အင်းတော်မြို့နယ် အောက်တောကြိုးဝိုင်း စားကျက်ရှိရာမှ ရွှေလီ မဘိမ်းသစ်ထုတ်ရေးဒေသ ဆင်များ သစ်ထုတ်ရေးရေယာနန်းမဲ့ကြိုးဝိုင်းသို့ အလုပ်ဆင် ၃၁ ကောင် ပြောင်းရွှေ့ခြင်းဖြစ်ကြောင်း သိရသည်။ "အခုလို တစ်နေရာမှ တစ်နေရာသို့ နှစ်စဉ် အလုပ်ဆင်များကို ရွှေ့ပြောင်းပေးတာ ယခင်ကလည်း ရှိပါတယ်။ စားကျက်ပေါ်မူတည်၍သော်လည်းကောင်း၊ အလုပ်ပေါ် မူတည်၍သော်လည်းကောင်း ဆင်တွေရဲ့ကျန်းမာရေးကို အထူးဂရုပြုလုပ်ဆောင်ပေးရတယ်" ဟု ဆင်ထိန်းတစ်ဦးက ပြောသည်။

**ငွေအိုး (ကသာ)**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ကျင်းပ

**ရမ်းဗြဲ ဇွန် ၂၆**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရမ္မာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်းက ဖတ်ကြားကာ အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးသိန်းလှိုင်က မူးယစ်ဆေးဝါးများနှင့်ဆက်စပ်ပြီး ရှင်းလင်းပြောကြားသည်။ ထို့နောက်ထက်/လယ်/မူ ကျောင်းများမှ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲ၊ ပိုစတာပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၁၅၇)

# ကချင်ပြည်နယ်အတွင်း ၂၀၁၆ခုနှစ်၌ မူးယစ်ဆေးဝါးအမှုပေါင်း တစ်ထောင်ငါးရာကျော် အရေးယူဆောင်ရွက်နိုင်ခဲ့

**မြစ်ကြီးနား ဇွန် ၂၆**

"ကချင်ပြည်နယ်နဲ့ပတ်သက်ပြီး မူးယစ်ဆေးဝါးအန္တရာယ် ဘယ်လောက်အထိ ကြီးမားနေတယ်ဆိုတာကို ထောက်ပြရမယ်ဆိုရင် ကျွန်တော်တို့ ကချင်ပြည်နယ်အတွင်း ၂၀၁၆ ခုနှစ်၌ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့အမှုပေါင်း ၁၅၆၄ မှုကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်"ဟု ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်က ပြောသည်။

မြစ်ကြီးနားမြို့ မြို့တော်ခန်းမတွင် ဇွန် ၂၆ ရက် နံနက် ၉ နာရီက ကျင်းပသော အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

မူးယစ်ဆေးဝါနှင့်ပတ်သက်တဲ့ အမှုပေါင်း ၁၅၆၄ မှုတွင် တရားခံ အမျိုးသား၊ အမျိုးသမီး ၂၁၄၀ ဦးဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ပြီး ဘိန်းဖြူအလေးချိန် ၂၆ ဒသမ ၃၃၉ ကီလိုဂရမ်၊ ဘိန်းမည်း ၁၀၈ ဒသမ ၃၀ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၁၄၅၀၊ ဘိန်းဆီခဲ ၅ ဒသမ ၅၃၅ ကီလိုဂရမ်၊ အဆင့်နိမ့်ဘိန်း ၁ ဒသမ ၄၅၈ ကီလိုဂရမ်၊ ဘိန်းအရည် ၂၁၈၅ မီလီလီတာ၊ ဘိန်းဖြူအရည် ၂၀ စီစီ၊ ဘိန်းချေး ၃ ဒသမ ၁ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား အကြေ ၇ ဒသမ ၄ ဂရမ်တို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်မှ မေ ၃၁ ရက်အထိ အမှုပေါင်း ၆၇၀ မှုရှိခဲ့ပြီး ပြစ်မှုကျူးလွန်သူ ၈၈၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၂၁၉၄၊ ဘိန်းဖြူ ၈ ဒသမ ၉၄၇ ကီလိုဂရမ်နှင့် အခြားသော မူးယစ်ဆေးဝါးများကိုလည်း ဖမ်းဆီးရမိခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာနှင့် ပြည်သူလူထုတို့ ပူးပေါင်းပြီး ဘိန်းခင်း ၆၉ ဒသမ ၂ ဧကကိုလည်း ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေကပေးပို့သော သဝဏ်လွှာအား ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ထွန်းဦး ကဖတ်ကြားခဲ့သည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ကုန်သွယ်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးကိစ္စရပ်များတွင် ပြေလည်မှုမရှိသော်လည်း ထရန့်နှင့်မိုဒီအပြန်အလှန်နားလည်မှုရရှိအောင်ကြိုးပမ်း



ဝါရှင်တန် ဇွန် ၂၆

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီတို့သည် ကုန်သွယ်ရေး၊ ပါရီ ရာသီဥတုသဘောတူစာချုပ်နှင့် လူဝင်မှုကြီးကြပ်ရေးကိစ္စရပ်များတွင် သဘောထားကွဲလွဲမှုများရှိနေသော်လည်း အမေရိကန်နှင့် အိန္ဒိယနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကိုမြှင့်တင်သည့်အနေဖြင့် တနင်္လာနေ့တွင် ဝါရှင်တန်၌ မျက်နှာချင်းဆိုင် ဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အိမ်ဖြူတော်အစည်းအဝေးကျင်းပရေးအဖွဲ့သည် ယခုဆွေးနွေးပွဲကို အိန္ဒိယဝန်ကြီးချုပ်မိုဒီ ယခင်က သွားရောက်ခဲ့သည့် ဝါရှင်တန်ခရီးစဉ်ကလောက် တခမ်းတနားကျင်းပမှုမျိုး မဖြစ်စေရန် ကတိပေးအပ်ခဲ့ကြောင်း သိရသည်။

သို့သော်ထရန့်အစိုးရအဖွဲ့အာဏာပိုင်များသည် အိန္ဒိယနှင့်အမေရိကန်ခေါင်းဆောင်နှစ်ဦး၏လူမှုကွန်ရက်အသုံးပြုမှုကြောင့် ဖြစ်လာနိုင်သည့် နောက်ဆက်တွဲအကျိုးသက်ရောက်မှုများကို ထောက်ပြခဲ့ကြသည်။ ခေါင်းဆောင်နှစ်ဦးလုံးသည် တွစ်တာပေါ်၌ ဖော်လိုဝါ သန်း ၃၀ ခန့်ရှိနေကြသည်။

ပြီးခဲ့သည့်နှစ်က ထရန့်သည် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုပြုလုပ်စဉ်အတွင်း မွန်ဘိုင်း၌ ထရန့်တာဝါတစ်ခုကို တည်ဆောက်ခဲ့ပြီး အိန္ဒိယပြည်သူများအား နွေးထွေးလှိုက်လှဲစွာ စကားပြောဆိုမှု ပြုလုပ်ခဲ့သည်။ ယခုဆွေးနွေးပွဲအတွက် ခရီးစဉ်လာရောက်မှုအပေါ် အထူးစိတ်ဝင်စားမှုရှိပြီး ကော်ဖောနီခင်း၍ ကြိုဆိုရန် များစွာ စိတ်အားထက်သန်ခဲ့ကြောင်းအိမ်ဖြူတော်မှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်မိုဒီသည် နှစ်နိုင်ငံအကြားလျော့ရဲလာနေသည့် ဆက်ဆံရေးကိုပိုမိုခိုင်မာအောင် ဆောင်ရွက်လိုသည့်သဘောထားမျိုးရှိကြောင်း အိန္ဒိယအာဏာပိုင်များက မှတ်ချက်ချခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုကို ထိပ်ဆုံးနေရာရောက်ရှိအောင် ဦးစားပေးဆောင်ရွက်နေသည့် ထရန့်သည် အိန္ဒိယနှင့် မပြေလည်မှုများ ကြီးထွားလာနေသည့်အတွက် အခက်အခဲနှင့် ကြုံလာရသည်။

ထရန့်သည် အိန္ဒိယနိုင်ငံ၏ နည်းပညာကုမ္ပဏီများကို ထိခိုက်စေမည့် H -1B ဗီဇာစနစ်ကို ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် တောင်းဆိုထားသည်။ (ရိုက်တာ)

## အိုဟိုင်းယိုးပြည်နယ်ရှိ အစိုးရဝက်ဘ်ဆိုက်များကို ဟက်ကာများဖောက်ထွင်း

ဝါရှင်တန်ဒီစီ ဇွန် ၂၆

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်ရှိ အစိုးရဝက်ဘ်ဆိုက်များ အဟက်ခံခဲ့ရကြောင်း၊ အဟက်ခံရသည့်အချိန်တွင် အိုင်အက်စ်စစ်သွေးကြွထောက်ခံရေး စာသားတစ်ခုပေါ်လာကြောင်း ပြည်တွင်းသတင်းများတွင် ယနေ့ဖော်ပြသည်။

သမ္မတထရန့်နှင့် အမေရိကန်ပြည်သူအားလုံးသည် အစ္စလာမ်ဘာသာဝင်များ၏ နိုင်ငံများတွင် စီးဆင်းနေသောသွေးစက်တိုင်းအတွက် တာဝန်ယူရမည်ဖြစ်ကြောင်း၊ တင်မ်းစစ်စတမ်ဒီဇက်အမည်ရှိ ဟက်ကာအဖွဲ့က အစိုးရဝက်ဆိုက်များတွင် ဖောက်ထွင်းဝင်ရောက်ကာ ရေးသားခဲ့ကြောင်းသိရသည်။

အိုဟိုင်းယိုးပြည်နယ်အုပ်ချုပ်ရေးမှူး ဂျွန်ကာဆီရုံး၊ ပြန်လည်ထူထောင်ရေးနှင့်ပြင်ဆင်ရေးဌာန၊ ကာစီနိုထိန်းချုပ်ရေးကော်မရှင်၊ အလုပ်သမားရုံးနှင့် ကျန်းမာရေးရုံး၊ အထူးစုံစမ်းထောက်လှမ်းရေးဦးစီးဌာနနှင့် ကျန်းမာရေးဌာနတို့ကို ဖောက်ထွင်းခဲ့ကြောင်း သိရသည်။

တင်မ်းစစ်စတမ်ဒီဇက်အမည်ရှိ ဖောက်ထွင်းအဖွဲ့သည် အစ္စရေးဆန့်ကျင်ရေး အာရပ်ဆယ်ကျော်သက်များဖြစ်ပြီး ၎င်းတို့သည် နယူးဘရန်ဝစ်တက္ကသိုလ်ကျောင်းသားသမဂ္ဂဝက်ဘ်ဆိုက်နှင့် ကနေဒီယန် ဖုဒ် ထရပ်စ်ဆန့်ဒ်ဝှစ်ချ် ဝက်ဘ်ဆိုက်များကို ဖောက်ထွင်းခဲ့ကြောင်းသိရသည်။

(ဆင်ဟွာ)

## ဂျပန်က ငွေကြေးထည့်ဝင်မည့် ဖိလစ်ပိုင်မီးရထားစီမံကိန်းစတင်

တိုကျို ဇွန် ၂၆

ဂျပန်နိုင်ငံက ငွေကြေးထည့်ဝင်မှုဖြင့် အကူအညီပေးအပ်ထားသည့် ဖိလစ်ပိုင်မီးရထားပို့ဆောင်ရေးစီမံကိန်းကို ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာတွင် စတင်ဖောက်လုပ်တော့မည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင်ဖော် ပြထားသည်။

ဂျပန်နှင့် ဖိလစ်ပိုင်နှစ်နိုင်ငံခေါင်းဆောင်များသည် တနင်္လာနေ့တွင် စီမံကိန်းအပြည့်အဝကောင်အထည်ဖော်ဆောင်ရွက်တော့မည့် အထိမ်းအမှတ်အခမ်းအနားကျင်းပမှုကို တက်ရောက်ခဲ့ကြသည်။

ဖိလစ်ပိုင်နိုင်ငံသည် မနီလာနှင့်မနီလာမြောက်ပိုင်းရှိ အထူးစီးပွားရေးဇုန်များကို ချိတ်ဆက်ပေးမည့် အရှည်ကီလိုမီတာ ၁၀၀ ရှိသည့် မီးရထားလမ်းတစ်ခုကို ဖောက်လုပ်ရန်ပြင်ဆင်လျက်ရှိသည်ဖြစ်ရာ ရထားလမ်းဖောက်လုပ်မှုလမ်းကြောင်း၏ ကီလိုမီတာ ၄၀ အတွက် ကုန်ကျစရိတ်ကို ဂျပန်က ဒေါ်လာဘီလီယံ ၂ ဒသမ ၂ သန်းရှိမည့် ဂျပန်ယန်းငွေ ၂၄၀ သန်းကို အကူအညီပေးအပ်သွားမည်ဖြစ်သည်။

ရထားလမ်းဖောက်လုပ်မှုကို ၂၀၁၈ နှောင်းပိုင်းတွင် စတင်တော့မည်ဖြစ်ကြောင်းသိရသည်။

(အင်န်အိတ်ချ်ကေ)




## ကိုလံဘီယာနိုင်ငံ အန်တီယိုကွာပြည်နယ်တွင် သင်္ဘောတိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ကိုးဦးထက်မနည်းသေဆုံး

ဘိုဂိုတာ ဇွန် ၂၆

ကိုလံဘီယာနိုင်ငံ အန်တီယိုကွာပြည်နယ်တွင် သင်္ဘောတစ်စင်းတိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ လက်ရှိအချိန်ထိ လူကိုးဦးထက်မနည်းသေဆုံးခဲ့ပြီး ၂၈ ဦးပျောက်ဆုံးနေကြောင်း ပြည်နယ်မီးသတ်ဌာနက မကြာသေးမီကပြောကြားခဲ့သည်။

လေးထပ်သင်္ဘောသည် အန်တီယိုကွာပြည်နယ်အတွင်းရှိ ကမ္ဘာလှည့်ခရီးသွားအများစုလာရောက်သော ရေလှောင်တမံတစ်ခုအတွင်း ဒေသစံတော်ချိန် နေ့လယ်နှစ်နာရီခန့်တွင် နစ်မြုပ်သွားခဲ့ခြင်းဖြစ်ပြီး နစ်မြုပ်ချိန်တွင် သင်္ဘောပေါ်၌ခရီးသည် ၁၇၀ ပါရှိကြောင်းသိရသည်။ သင်္ဘောနစ်မြုပ်မှုဖြစ်ပွားချိန်တွင် မည်သည့်ထိခိုက်မှုမှ မဖြစ်ပွားခဲ့ကြောင်း အန်တီယိုကွာပြည်နယ်ပြည်ထဲရေးဌာန တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

သတ်မှတ်လူဦးရေထက် ပိုမိုတင်ဆောင်လာသော သင်္ဘောသည် ဟန်ချက်ပျက်ကာ နစ်မြုပ်သွားခဲ့ခြင်းဖြစ်ကြောင်း၊ သင်္ဘောနစ်မြုပ်မှုဖြစ်ပွားချိန်တွင် အနီးဝန်းကျင်ရှိသင်္ဘောများသည် လိုအပ်သော ကူညီမှုများပေးနိုင်ရန် အဆိုပါနေရာသို့ သွားရောက်ခဲ့ကြကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

သင်္ဘောနစ်မြုပ်မှုဖြစ်ပွားရာသို့ ကိုလံဘီယာလေတပ်မှ ရဟတ်ယာဉ်များစေလွှတ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သလို မီးသတ်တပ်ဖွဲ့ကလည်း ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ခဲ့ကြောင်း သိရသည်။

လေးထပ်သင်္ဘောသည် သတ်မှတ်ဦးရေထက် ပိုမိုတင်ဆောင်လာသောကြောင့် ဟန်ချက်ပျက်ကာ တိမ်းမှောက်မှုဖြစ်နိုင်ကြောင်း သင်္ဘောမှောက်မှုမှ အသက်ရှင်လွတ်မြောက်လာသူတစ်ဦးက ပြောကြားခဲ့သည်။

(ဆင်ဟွာ)

## တာလီဘန်တို့အား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းရန်သမ္မတတိုက်တွန်း

ကဘူးလ် ဇွန် ၂၆

တာလီဘန်စစ်သွေးကြွများ လက်နက်ချပြီး ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များအတွင်း ပါဝင်ကြရန် အာဖဂန်နစ္စတန်နိုင်ငံ သမ္မတ မိုဟာမက်ရှာရက်ဖ်ဂါနီက တိုက်တွန်းလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ယနေ့ဖော်ပြသည်။

သမ္မတနန်းတော်တွင် အစ်ပွဲတော်ကျင်းပပြီးနောက် သမ္မတဂါနီက တာလီဘန်စစ်သွေးကြွများအား သင်တို့သည် အာဖဂန်လူမျိုးများဆိုလျှင် နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်သင့်ကြောင်းတိုက်တွန်းပြောကြားလိုက်သည်။ ထို့အပြင် တာလီဘန်များအနေဖြင့် နိုင်ငံ၏ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းမှုမရှိပါက ၎င်းတို့အတွက် အချိန်ရှိတော့မည် မဟုတ်သလို တဖြည်းဖြည်းအကျပ်အတည်းနှင့် ရင်ဆိုင်ရတော့မည်ဖြစ်ကြောင်း သမ္မတကဆက်လက်ပြောကြားခဲ့သည်။ တာလီဘန်များအား ထောက်ပံ့နေသူများလည်း အကျပ်အတည်းသို့ ရောက်ရှိနေပြီဟု သမ္မတက ပြောကြားခဲ့သော်လည်း မည်သည့်နိုင်ငံက ထောက်ပံ့နေကြောင်း အတိအကျ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

တာလီဘန်ခေါင်းဆောင် မူလာဟိုင်ဘက်တူလာအခွန်ဇာဒါက အာဖဂန်နိုင်ငံအတွင်း ပြည်ပ တပ်ဖွဲ့ဝင်များရှိနေသမျှကာလပတ်လုံးအစိုးရနှင့် မည်သည့်ဆွေးနွေးမှုမျိုးမှ ပြုလုပ်မည်မဟုတ်သလို နိုင်ငံအတွင်းရှိ ပြည်ပတပ်ဖွဲ့များကိုလည်း ဆက်လက်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(ဆင်ဟွာ)



## ဒေသတွင်း တင်းမာနေချိန်တွင် စစ်ရေးချဲ့ထွင်ရန်ကြိုးစားနေကြောင်း ဘာရိန်းနိုင်ငံက ကာတာကိုစွပ်စွဲ

ဒိုဟာ ဇွန် ၂၆

ကာတာနိုင်ငံသည် ဒေသတွင်း အင်အားကြီးနိုင်ငံများနှင့်ပဋိပက္ခဖြစ်ပွားနေချိန်တွင် စစ်ရေးအရချဲ့ထွင်မှုများ ပြုလုပ်လာနေသည်ဟု ဘာရိန်းနိုင်ငံခြားရေးဝန်ကြီး ရှိတ်ခါလစ်က တနင်္လာနေ့တွင် စွပ်စွဲပြောကြားခဲ့ကြောင်း သိရသည်။

ကာတာနိုင်ငံက တူရကီတပ်ဖွဲ့ဝင်အင်အားစုများကို ၎င်း၏ပိုင်နက်အတွင်းသို့ ပိုမိုဝင်ရောက်ခွင့်ပြုရန် ဆုံးဖြတ်ချက်ချလိုက်မှုကို ရည်ညွှန်းလျက် ဘာရိန်းနိုင်ငံခြားရေးဝန်ကြီးက ထိုသို့ စွပ်စွဲပြောကြားလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ လွန်ခဲ့သော ရက်သတ္တပတ်သုံးပတ်အကြာက ဘာရိန်းနိုင်ငံ၊ ဆော်ဒီအာရေဗျ၊ အီဂျစ်နှင့် အာရပ်ပင်လယ်ကွေ့နိုင်ငံများသည် ကာတာနိုင်ငံအား အကြမ်းဖက်အဖွဲ့အစည်းများကို ကူညီအားပေးသည်ဟူသောစွပ်စွဲချက်ဖြင့် သံတမန်အဆက်အသွယ်ဖြတ်တောက်ကာ ပိတ်ဆို့မှုများပြုလုပ်ခဲ့ကြသည်။ ကာတာနိုင်ငံ ဒိုဟာတွင်ရှိနေသည့် တူရကီစစ်အခြေစိုက်စခန်းကို ပိတ်ပစ်ရန်လည်း တောင်းဆိုခဲ့ကြသည်။

ပဋိပက္ခများပေါ်ပေါက်လာချိန်တွင် ဒေသတွင်း အင်အားအကြီးဆုံး နိုင်ငံတစ်ခုအနေဖြင့် ကာတာဘက်မှရပ်တည်လိုသည့် တူရကီနိုင်ငံသည် ကာတာရှိ စစ်အခြေစိုက်စခန်းမှ တူရကီတပ်ဖွဲ့ဝင်အရေအတွက်ကို လျှော့ချခဲ့သည်။ (ရိုက်တာ)

# ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအား မန္တလေး၌ မီးရှို့ဖျက်ဆီးမှု အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၆**

အကြိမ်(၃၀)မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနားကို ဇွန်၂၆ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ရွှေမန်းတောင် အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေထံမှ ပေးပို့သော သဝဏ်လွှာကို တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မျိုးမင်းအောင်က ဖတ်ကြားသည်။



ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲအဆင့်ဆင့်တို့၌ ဆုရကျောင်းသား ကျောင်းသူများနှင့် ဝတ္ထုတို၊ တေးသီချင်း၊ ဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ဓါတ်ပုံ)**

ယင်းနောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မီးရှို့ဖျက်ဆီးမည့် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး၍ စက်ခလုတ်နှိပ် မီးရှို့ဖျက်ဆီးပြီး ခင်းကျင်းပြသထားသော ဓာတ်ပုံ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ၏ ပမာဏတန်ဖိုးမှာ စုစုပေါင်း ငွေကျပ်သန်းပေါင်း ၃၁၉၆၀ ဒသမ ၅၁၀၄၃၊ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၅၀၀၃၇ သန်းဖြစ်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**



# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ကျင်းပ

**နေပြည်တော် ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ယာယီရဲမှူးကြီး ရွှေသောင်းက ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဝဏ်လွှာကို ဖတ်ကြားပြီး နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်က ဗဟိုအဆင့် ကဗျာပြိုင်ပွဲတွင် တတိယဆုရရှိသူတစ်ဦးနှင့် အခြေခံပညာအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခဲ့သည်။

ထို့နောက် ယာယီရဲမှူးကြီး ရွှေသောင်းနှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# မြဝတီခရိုင်အတွင်း ဇန်နဝါရီလမှ ဇွန်၂၃ ရက်အထိ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ၂၀၆ ဦး ဖမ်းဆီးခဲ့

**မြဝတီ ဇွန် ၂၆**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ သောင်ရင်းခန်းမ၌ ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

မြဝတီခရိုင်အတွင်း ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဇွန်၂၃ ရက်အထိ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၉၁၁၂ ပြား၊ စိတ်ကြွဆေးအကြေမှုန့် ၃ ဒသမ ၀၈ ကီလို၊ အိုက်စ် ၁ ဒသမ ၉၀၅ ကီလို၊ ဆေးခြောက် ၆၆ ဒသမ ၃၉ ဂရမ်၊ ထရာမာဒေါလ် ၄၄ တောင့်၊ အယ်ပရာဇိုလမ် ၂၂ ပြား၊ ဘိန်းစာပင် ၅၂ ပင်၊ ဘိန်းစာရွက် ၈၀ ဂရမ်၊ ဘိန်းစာမှုန့် ၂၀ ဂရမ်နှင့် ပတ်သက်၍ အမျိုးသား ၁၇၀၊ အမျိုးသမီး ၃၆ ဦး စုစုပေါင်း ၂၀၆ ဦး ဖမ်းဆီးရမိခဲ့ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

အခမ်းအနားတွင် မြဝတီခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က အမှာစကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်ထွန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေထံမှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ မြိုင်၌ ကျင်းပ

**မြိုင် ဇွန် ၂၆**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို မြိုင်မြို့ အထကကျောင်းခန်းမ၌ ဇွန် ၂၆ ရက် နံနက် ၉ နာရီက ကျင်းပရာ မြိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်းများ ပြောကြားပြီး မြို့မရဲစခန်းမှူး ဒုရဲမှူး ဝင်းသန်းက မူးယစ်ဆေးဝါးရောင်းချခြင်း၊ သုံးစွဲခြင်းမရှိစေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်းနှင့် ဥပဒေအရာရှိ ဒေါ်နှင်းဝေလှိုင်၊ တရားသူကြီး ဦးလှိုင်ထွန်းတို့က ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။ **စိန်မြိုင်(မြိုင်)**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနား ရန်ကုန်တိုင်းဒေသကြီး၌ကျင်းပ

**ရန်ကုန် ဇွန် ၂၆**

အကြိမ်(၃၀) မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း ကုန်တင်ယာဉ်ရပ်နားကွင်း၌ ကျင်းပသည်။





အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင် အမှာစကား ပြောကြားစဉ်

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က ယနေ့ မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများမှာ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တနင်္သာရီ၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်၊ မွန်၊ ကရင်ပြည်နယ်၊ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့၊ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့တို့မှ ဖမ်းဆီးရမိပြီး တရားရုံးပြီးပြတ်ချက် ရရှိပြီးသည့် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခြင်းဖြစ်ပါကြောင်း၊ မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါး ၂၅ မျိုး၏ တန်ဖိုးမှာ ကာလပေါက်ဈေးအရ မြန်မာငွေကျပ် ၂၉၆ ဒသမ ၄ ဘီလီယံခန့်၊ အမေရိကန်ဒေါ်လာ ၂၁၇ ဒသမ ၉၄သန်းခန့်ရှိပါကြောင်း၊ ယခု မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းမှာလည်း မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး လူထုလှုပ်ရှားမှု အသွင်ဖြင့် တစ်မျိုးသားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကို ပြသခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်မှာ အနာဂတ်မျိုးဆက်သစ် လူငယ်များကို ခြိမ်းခြောက်နေသော ဘေးအန္တရာယ်ဆိုးကြီးဖြစ်ခြင်းကြောင့် ကျောင်းသား လူငယ်ထုအတွင်း မူးယစ်ဆေးဝါးပျံ့နှံ့မှုမရှိစေရေးအတွက် အသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် တာဝန်ရှိသူများနှင့် ဧည့်သည်တော်များက မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို လေ့လာစမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ဖျက်ဆီးမည့်မူးယစ်ဆေးဝါး ဗျူပရီနော်ဖင်း (Buprenorphine)နှင့် ဖန်ဆီဒိုင်းပုလင်းများကို အုတ်ကန်အတွင်းသို့ ပစ်ပေါက်ဖျက်ဆီး၍လည်းကောင်း၊ မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်ကာမီးရှို့၍လည်းကောင်း ဖျက်ဆီးခဲ့ကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသော ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို နံနက် ၉ နာရီခွဲတွင် ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်ဌေးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့် သဝဏ်လွှာအားဖတ်ကြားသည်။

ဆက်လက်၍ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက် မှတ်တမ်းဗီဒီယိုအား ပြသကာ တက်ရောက်လာသူများက ဆုရရှိသူများ၏ ပြိုင်ပွဲဝင် လက်ရာများနှင့် မှတ်တမ်းဓာတ်ပုံပြပွဲများကို ကြည့်ရှုလေ့လာခဲ့သည်။

ပြိုင်ပွဲအသီးသီးတွင်ဆုရရှိသူများမှာ ဗဟိုအဆင့် ၃၇ ဆုနှင့် တိုင်းဒေသကြီးအဆင့် ၉၃ ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၁၂၅ ဦး၊ အလွတ်တန်းငါးဦး စုစုပေါင်း ၁၃၀ နှင့် ဗဟိုအဆင့် အလွတ်တန်းပြိုင်ပွဲများတွင် ဆုရရှိသူ ကိုးဦး ဆုရရှိခဲ့ကြသည်။

အခမ်းအနားများသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း ဗဟိုအဖွဲ့နာယက ဦးတင်လှိုင်၊ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ NGO အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်များ၊ ဆရာ ဆရာမများ၊ ပြိုင်ပွဲဝင် ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် မိသားစုများ၊ သတင်းမီဒီယာများ၊ ဖိတ်ကြား ထားသူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**






**ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးစဉ်** ဓာတ်ပုံ-သန်းထိုက်(လှိုင်သာယာ)

# ဇေယျာသီရိမြို့နယ်၌ အသက် ၂၄ နှစ်မှစ၍ ကျောင်းတက်ရောက်မှုနှုန်း အနည်းငယ်လျော့ကျနေကြောင်းသိရ

**နေပြည်တော် ဇွန် ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်၌ မြို့နယ်အဆင့် သန်းခေါင်စာရင်းအချက်အလက်များ အသိပေးခြင်းလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက မြို့နယ်ရုံးပေါင်းစုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ယာပုံ)**

အဆိုပါ အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ညိုညိုတို့က အမှာစကားပြောကြားကြသည်။

နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက သန်းခေါင်စာရင်းသည် တိုင်းပြည်အတွက် အခရာကျလွန်းသောလုပ်ငန်းဖြစ်ကြောင်း၊ စားဝတ်နေရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများအတွက် အမျိုးသားအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/မြို့နယ်အဆင့် စီမံကိန်းများ၊ လူဦးရေကို အခြေခံသော စီမံကိန်းများအားလုံးအတွက် အရေးပါသောလုပ်ငန်းများဖြစ်ကြောင်း အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ၂၀၁၄ ခုနှစ် ဧပြီလတွင် ကောက်ယူခဲ့ရာ ကျေးလက်၊ မြို့ပြလူဦးရေသိပ်သည်းဆ၊ ပျမ်းမျှအိမ်ထောင်စု အရွယ်အစား၊ အမျိုးသား၊ အမျိုးသမီးအချိုး၊ မှီခိုသူအချိုး၊ သက်ကြီးရွယ်အို ညွှန်းကိန်း၊ ပညာရေး၊ မသန်စွမ်းသူ၊ လုပ်သားအင်အားစု အစရှိသည့် သန်းခေါင်စာရင်းအချက်အလက်များကို အခြေခံကောက်ယူခဲ့ခြင်းဖြစ်သည်။




ဇေယျာသီရိမြို့နယ်၏ သန်းခေါင်စာရင်းအချက်အလက်များအရ လူဦးရေဆိုင်ရာအချက်အလက်တွင် ရပ်ကွက်လေးခု၊ ကျေးရွာအုပ်စု ၁၃ ခုမှ အိမ်ထောင်စုအရေအတွက် ၂၆၀၇၅ စုမှ လူဦးရေ စုစုပေါင်း ၁၁၁၂၉၃ ဦးကို ကောက်ယူနိုင်ခဲ့ကာ ဇေယျာသီရိမြို့နယ်တွင် အမျိုးသား ၅၅၆၄၂၊ အမျိုးသမီး ၅၅၆၅၁ ဦးရှိကာ အမျိုးသား၊ အမျိုးသမီးဦးရေ အချိုးတူညီကြောင်း သိရသည်။

အသက်အုပ်စုအလိုက် လူဦးရေစာရင်းတွင် အသက် ၁၅ နှစ်မှ ၆၄နှစ်အတွင်းရှိ အလုပ်လုပ်နိုင်သည့်အရွယ် လူဦးရေမှာ ၆၇ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး ၁၄ နှစ်နှင့် အောက်ကလေးအချိုးနှင့် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အို အချိုးစုစုပေါင်းသည် အလုပ်လုပ်နိုင်သည့် လူဦးရေအချိုးထက်နည်းပါးကာ ယင်းအချိုးနည်းပါးခြင်းသည် အလုပ်လုပ်နိုင်သည့် လူဦးရေပေါ်မှီခိုမှု လျော့နည်းစေပြီး အလုပ်လုပ်နိုင်မှု ဦးရေမှာ အများဆုံးဖြစ်ကြောင်း သိရသည်။

ကျောင်းတက်ရောက်မှုအခြေအနေအရ အမျိုးသားများသည် အသက် ၁၀ နှစ်နှင့် အမျိုးသမီးများသည် အသက် ၉ နှစ်အရွယ်မှ စတင်၍ ကျောင်းတက်ရောက်မှုနှုန်း လျော့ကျလာကြောင်း တွေ့ရှိရကာ ပြည်ထောင်စုနှင့် နှိုင်းယှဉ်ရာတွင် ကျောင်းတက်ရောက်မှုနှုန်းသည် အသက် ၂၄ နှစ်မှစ၍ အနည်းငယ်လျော့ကျနေကြောင်း သိရသည်။


ဇေယျာသီရိမြို့နယ်၏ စာတတ်မြောက်မှုရာခိုင်နှုန်းသည် အသက် ၁၅ နှစ်နှင့်အထက်တွင် ၉၆ ဒသမ ၅ ရာခိုင်နှုန်း၊ အသက် ၁၅-၂၄ နှစ်အတွင်း လူငယ်လူရွယ်စာတတ်မြောက်မှု ရာခိုင်နှုန်းသည် ၉၈ ဒသမ ၂ ဖြစ်သော်လည်း အသက် ၂၅ နှစ်နှင့်အထက် လူဦးရေ၏ ၅ ဒသမ ၆ ရာခိုင်နှုန်းသည် လုံးဝကျောင်းမနေသူများဖြစ်ကာ အသက် ၂၅ နှစ်နှင့်အထက် လူဦးရေ၏ ၂၄ ဒသမ ၃ ရာခိုင်နှုန်းသည် မူလတန်းအဆင့် စတုတ္ထတန်းအောင်သူများဖြစ်ပြီး တက္ကသိုလ်ကောလိပ်အဆင့် ပြီးစီးသူများမှာ ၁၄ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဇေယျာသီရိမြို့နယ် လူဦးရေ၏ လုပ်သားပါဝင်မှုနှုန်းနှင့် အလုပ်လက်မဲ့ရာခိုင်နှုန်း အချက်အလက်များတွင် အသက် ၁၅-၆၄ နှစ်အုပ်စုတွင် လုပ်သားအင်အားပါဝင်မှုနှုန်းမှာ ၆၂ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး အလုပ်လက်မဲ့ ရာခိုင်နှုန်းမှာ ၃ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ အသက် ၁၅ - ၆၄ နှစ်အုပ်စုရှိ အလုပ်ရှိသူ ၂၁ ဒသမ ၇ ရာခိုင်နှုန်းမှာ အခြေခံအလုပ်သမားများဖြစ်ကြပြီး ဒုတိယအများဆုံးမှာ လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းကျွမ်းကျင်လုပ်သားများ ၁၈ ဒသမ ၇ ရာခိုင်နှုန်းပါဝင်သည်။ လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းများကို အများဆုံးလုပ်ကိုင်ကြပြီး ၂၇ ဒသမ ၂ ရာခိုင်နှုန်းရှိကာ ပြည်သူ့ဝန်ထမ်းများအပါအဝင် ပြည်သူ့အုပ်ချုပ်ရေးလုပ်ငန်းတွင် ဒုတိယအများဆုံးလုပ်ကိုင်ကြပြီး ၂၄ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

မသန်စွမ်းရာခိုင်နှုန်းနှင့် မသန်စွမ်းအမျိုးအစားအလိုက် လူဦးရေတွင် ဇေယျာသီရိမြို့နယ်၌ လူဦးရေ ၁၀၀ လျှင် နှစ်ဦးသည် အနည်းဆုံး မသန်စွမ်းမှုတစ်မျိုးမျိုးရှိကြောင်း သိရသည်။ အမျိုးသမီးများ၏ မသန်စွမ်းမှုနှုန်းမှာ အမျိုးသားများထက်ပိုမြင့်နေပြီး အသက်ရွယ်ကြီးလာသည်နှင့်အမျှ မြင့်တက်လာပြီး အသက် ၆၀ ကျော်တွင် ပိုမိုသိသာစွာမြင့်တက်လာကြောင်း သိရသည်။

အလင်းရောင်အတွက် အဓိကအသုံးပြုသည့် မီးအမျိုးအစားတွင် အလင်းရောင်အတွက် လျှပ်စစ်မီးအသုံးပြုသည့် အိမ်ထောင်စုအချိုးမှာ ၆၁ ဒသမ ၀ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ကြောင်း သိရသည်။ ကျေးလက်ဒေသရှိ အိမ်ထောင်စုများ၏ ၄၃ ဒသမ ၇ ရာခိုင်နှုန်းမှာလည်း အလင်းရောင်အတွက် လျှပ်စစ်မီး အသုံးပြုကြကြောင်း ဇေယျာသီရိမြို့နယ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များအရ သိရသည်။

**သတင်း - ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**




# လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအစီရင်ခံစာကို မလိုက်နာသည့်အတွက်ဟုဆိုကာ ဝမ်ပေါင်ရုံးရှေ့ဆန္ဒထုတ်ဖော်

**မုံရွာ ဇွန် ၂၆**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းစုံစမ်းစစ်ဆေးရေး အစီရင်ခံစာကိုမလိုက်နာသည့် ကြေးနီစီမံကိန်းဖျက်သိမ်းပေးရေးနှင့် စီမံကိန်းကြောင့် ထိခိုက်နစ်နာမှုများကို အများသိစေရန် အတွက်ဟုဆိုကာ ဒေသခံ ၁၀၀ ခန့်သည် ပုသိမ်-မုံရွာလမ်းဆုံ ဝမ်ပေါင်ရုံးရှေ့တွင် ဆန္ဒထုတ်ဖော်ကြသည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာကို မလိုက်နာသည့်အပြင် ယမ်းတန်ချိန်များစွာဖြင့် အဆမတန်မိုင်းခွဲနေမှုပြုလုပ်နေပြီး ညစ်ညမ်းရေများစွန့်ပစ်မှုနှင့် အက်စစ်ရေများကြောင့် ဒေသတွင်းရှိ မြေထုရေထုမှာ တစ်စထက်တစ်စပျက်စီးလာနေကြောင်း ဒေသခံတို့က ဆိုသည်။

“ကြေးနီစီမံကိန်းအတွက် သိမ်းယူထားတဲ့မြေယာတွေမှာ စီမံကိန်းနဲ့မသက်ဆိုင်တဲ့ ဝက်၊ ကြက်၊ ဘဲ ငါးမွေးမြူတာတွေနဲ့ အခြားလုပ်ငန်းတွေကို တရုတ်ကန်ထရိုက်တာတွေက လက်ဝါးကြီးအုပ်လုပ်နေကြတာတွေ့နေရပါတယ်။အစီရင်ခံစာမှာပါတဲ့ အစားထိုးမြေဧက ၁၉၀၀ ကို ဒီနေ့အထိ ဖော်ဆောင်ပေးတာ မရှိသေးပါဘူး”ဟု မိုးကြိုးပြင်ဒေသခံတစ်ဦးက ပြောပြသည်။

ဆားလင်းကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းကို ဆက်သွယ်မေးမြန်းရာ ဆန္ဒပြမှုနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်နေရသည်ဟုဆိုကာ မေးမြန်းမှုအပေါ်ဖြေကြားခြင်းမရှိခဲ့သည်ကိုကြုံတွေ့ရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



ဝမ်ပေါင်ရုံးရှေ့ဆန္ဒထုတ်ဖော်နေသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၂၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၂၅ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅၄ စီး၊ သွင်းကုန် အစီး ၅၅၀ ၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၆၀၊ သွင်းကုန် ၁၈၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။




တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် အထိုင်ဖုန်းနှင့် Bluetooth Receiver Power Amplifier

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းကတားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၄၇ သန်းခန့် စုစုပေါင်းတားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၆၄၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၃ ရက်က မူဆယ်မှ မန္တလေးသို့သွားရောက်မည့် ခရီးသည်တင်ယာဉ် နှစ်စီးအား ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ခရီးသည်ပစ္စည်းများနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်ထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် အထိုင်ဖုန်း 80 Nos နှင့် Bluetooth Receiver Power Amplifier (24)Nos စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၉ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့်ပညာပေးကာတွန်းနံရံကပ် စာစောင်များပြသခြင်းကို ဇွန် ၂၆ ရက်က တပ်ကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပစဉ်

တင်ထွန်းတာ(တပ်ကုန်း)



# TNLA လက်နက်ကိုင်အဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ခဲ့သူများအား စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိ

**နေပြည်တော် ဇွန် ၂၆**

TNLA လက်နက်ကိုင်အဖွဲ့နှင့် ဆက်သွယ်၍ ပြန်လည်ထွက်ခွာလာသူများအား တပ်မတော်စစ်ကြောင်းက တွေ့ရှိရသဖြင့် တရားဥပဒေနှင့်အညီအရေးယူနိုင်ရေး စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ရပ်တန့်စစ်ဆေး**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ နမ့်ဆန်-သီပေါကားလမ်း၌ လမ်းကြောင်းလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းသည် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နမ့်ဆန်မြို့နယ် ဘုရားကြီးကျေးရွာအနီး၌ နမ့်ဆန်ဘက်မှ သီပေါဘက်သို့ မောင်းနှင်လာသည့် မသင်္ကာဖွယ် လင်ခရူဇာအမျိုးအစားယာဉ်နှင့် WISH အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီးတို့ကို တွေ့ရှိ၍ ရပ်တန့်စစ်ဆေးခဲ့သည်။

**စုံစမ်းစစ်ဆေးမှုများပြုလုပ်**

အဆိုပါ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီးတွင် DVB သတင်းအေဂျင်စီမှ အကြီးတန်းသတင်းထောက် ဦးအေးနိုင်နှင့် ဦးပြည့်ဘုန်းနိုင်၊ ဧရာဝတီသတင်းအေဂျင်စီမှ သတင်းထောက် ဦးသိန်းဇော်တို့အပါအဝင် အမျိုးသားခုနစ်ဦး လိုက်ပါလာပြီး ၎င်းတို့အား စစ်ဆေးဖော်ထုတ်ချက်အရ နိုင်ငံတော်အစိုးရနှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အား လက်နက်ကိုင်ဆန့်ကျင်လျက် ဒေသအတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်မှုပျက်ပြားရေးကို ဦးတည်ဆောင်ရွက်လျက်ရှိသည့် နမ့်ဆန်မြို့နယ် မြို့သစ်ကျေးရွာတစ်ဝိုက်ရှိ TNLA လက်နက်ကိုင်အဖွဲ့နှင့် ဆက်သွယ်၍ ပြန်လည်ထွက်ခွာလာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး လားရှိုးမြို့နယ် ရဲစခန်းသို့ စနစ်တကျလွှဲပြောင်း အပ်နှံထားကြောင်းနှင့် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုးညှင်းမြို့ရှောင်လမ်းအနီးတွင် အမျိုးသမီးတစ်ဦး ဓားဒဏ်ရာဖြင့်သေဆုံး အမျိုးသားတစ်ဦး ဓားခုတ်ဒဏ်ရာများဖြင့် အရေးပေါ်ဆေးဝါးကုသ

**မိုးညှင်း ဇွန် ၂၆**

ကချင်ပြည်နယ် မိုးညှင်းမြို့အရှေ့ဘက် မြို့ရှောင်လမ်းနှင့် ပေ ၃၀၀ ခန့်အကွာ လောက်စာတောင်ဘုန်းကြီးကျောင်းဘက်သို့သွားရာ ကားလမ်းမဘေးတွင် အမျိုးသမီးတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးနေပြီး အမျိုးသားတစ်ဦးမှာလည်း ဓားဒဏ်ရာများဖြင့် လဲကျနေကြောင်း သိရသည်။

ဇွန် ၂၄ ရက် ညနေ ၄ နာရီခန့်က ပြည်သူတစ်ဦး၏ သတင်းပေးချက်အရ မိုးညှင်းမြို့မရဲစခန်းမှ တာဝန်ရှိသူများနှင့် ရာအိမ်မှူးတို့က အခင်းဖြစ်နေရာတွင် လဲကျနေသူတို့အား စစ်ဆေးရာ အမျိုးသမီးမှာ မအေးစုမွန်(၂၀ နှစ်) အရှေ့စုရပ် နောင်စွန်းအောက်ချိုင့်နေသူဖြစ်ပြီး ခန္ဓာကိုယ်၌ ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးလျက်ရှိကြောင်း၊ အမျိုးသားမှာ မြတ်ထွန်းဦး(၂၃နှစ်) အောင်ချမ်းသာရပ်ကွက် မိုးညှင်းမြို့နေသူဖြစ်ပြီး ခန္ဓာကိုယ်၌ ပြတ်ရှဒဏ်ရာ(စိုးရိမ်ရ)များရရှိကာ လဲကျနေကြောင်း၊ အခင်းဖြစ် နေရာတွင် အရိုးအသွား ၂၅ လက်မခန့်ရှိ ဓားရှည်တစ်ချောင်း၊ အရိုးအသွား ကိုးလက်မခန့်ရှိ ခေါက်ဓားတစ်ချောင်းတို့ကို တွေ့ရှိရကြောင်း သိရသည်။



ဒဏ်ရာရရှိသူ အမျိုးသားအား ဆေးရုံသို့ပို့ဆောင်ရန် ပြင်ဆင်နေစဉ်

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မိုးညှင်းမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဝ၆၇)

# တရားမဝင်ပျဉ်းကတိုးခွဲသားများ ညောင်လေးပင်မြို့၌ ဖမ်းဆီးရမိ

**ညောင်လေးပင် ဇွန် ၂၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၉၆/၅) အနီးတွင် တရားမဝင် ပျဉ်းကတိုးခွဲသားများ တင်ဆောင်လာသော ၁၂ ဘီးယာဉ်တစ်စီး ဇွန် ၂၆ ရက် နံနက် ၉ နာရီက ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးတင်စိုး၊ သစ်တောဝန်ထမ်းများနှင့် ရှမ်းရွာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် သတင်းအရ ဖြူးမြို့ဘက်မှ ဘုရားကြီးမြို့ဘက်သို့ပို့ဆောင်ရန် တရားမဝင် ပျဉ်းကတိုးခွဲသား ခန့်မှန်း ခြောက်တန်ခန့်တင်ဆောင်လာသော ယာဉ်မောင်း နိုင်လင်းအောင် တောင်ငူမြို့နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် 5I/ ---FUSO ၁၂ ဘီးယာဉ်အားဖမ်းဆီးရမိခဲ့သည်။ အဆိုပါသစ်ခွဲသားများမှာ ဒေသပေါက်စျေး ၂၄ သိန်းကျော်ဖြစ်ပြီး ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့အား ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်း-နေလင်း**

**ဓာတ်ပုံ-ခင်အောင်လှိုင် (ညောင်လေးပင်)**



# မောင်တောမြို့နယ်၌ ကျေးရွာသားတစ်ဦး လုံ့ဖြင့်အထိုးခံရ

**နေပြည်တော် ဇွန် ၂၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် လိပ်ရကျေးရွာအုပ်စု လိပ်ရမြောက်ရွာနေ ရွာသားတစ်ဦးအား ယမန်နေ့ နံနက်ပိုင်းက တစ်ရွာတည်းနေ လူခြောက်ဦးက ဖမ်းဆီး၍ လှံ့ဖြင့်ထိုးသဖြင့် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

လိပ်ရကျေးရွာအုပ်စု လိပ်ရမြောက်ရွာနေ နိုရှိဆလမ်သည် ယမန်နေ့ နံနက် ၅ နာရီခန့်က ကျေးရွာဘာသာရေးအဆောက်အအုံ၌ ဝတ်ပြုနေစဉ် တုတ်၊ လှံ့များ ကိုင်ဆောင်ထားသည့် တစ်ရွာတည်းနေ ကျေးရွာသားခြောက်ဦးက ဖမ်းဆီး၍ မော်လဝီဟာဒူအူလာက လှံ့ဖြင့်ထိုးသဖြင့် ဝဲလက်ပြင်နှင့် နောက်ကျောတို့တွင် ဖောက်ဝင်ဒဏ်ရာများရရှိခဲ့ပြီးနောက် ထွက်ပြေးလွတ်မြောက်ကာ လိပ်ရစခန်းသို့ ဖုန်းဆက် သတင်းပို့ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိပ်ရမြောက်ရွာသို့ သွားရောက်ရှင်းလင်းရာ တရားခံများသည် ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ မသင်္ကာသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ကျေးရွာအုပ်စု တာဝန်ခံတစ်ဦးအား ဇွန် ၁၇ ရက်တွင် လူ ၁၀ ဦးခန့်က ဓားဖြင့် ခုတ်သတ်ခဲ့သည့် ဖြစ်စဉ်တွင် ပါဝင်သူတစ်ဦးအား ယမန်နေ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ဖမ်းဆီးရမိ**

ဇွန် ၁၇ ရက်က မောင်တောမြို့နယ် ဖွေရာရွာနေ တပ်ဦးချောင်းကျေးရွာ အုပ်စုတာဝန်ခံ အာမိအာလီအား မျက်နှာဖုံးဝတ်ဆင်ထားသည့် လူ ၁၀ ဦးခန့်က ဓားဖြင့်ခုတ်သတ်ခဲ့သည့် ဖြစ်စဉ်တွင်ပါဝင်သူ မာမောက်တော်ယုအား ဘဂုံးနားအလယ်ရွာ၌ ယမန်နေ့က ဖမ်းဆီးရမိခဲ့ကြောင်း သိသည်။

**(သတင်းစဉ်)**

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၂၆**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၄ ဒသမ ၀၂ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၃၉ လက်မ၊ မာန်အောင်မြို့နှင့် ရေးမြို့တို့တွင် ၃ ဒသမ ၂၂ လက်မစီ၊ မုဒုံမြို့နှင့် လောင်းလုံး မြို့တို့တွင် ၂ ဒသမ ၇၆ လက်မစီ၊ မြိတ်မြို့တွင် ၂ ဒသမ ၁၇ လက်မ၊ သံတွဲမြို့တွင် ၁ ဒသမ ၉၃ လက်မနှင့်တောင်ကုတ်မြို့တွင် ၁ ဒသမ ၇၇ လက်မတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

# ရွှေဘိုတက္ကသိုလ်တွင် စာသင်နေစဉ် ကျောင်းခန်းမျက်နှာကြက်ပြိုကျ၍ ၅၂ ဦးဒဏ်ရာရကာ ကျောင်းသူ ၁၂ ဦး ဆေးရုံပို့ကုသလျက်ရှိ



**ရွှေဘို ဇွန် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုတက္ကသိုလ် အဆောင် (၆) အခန်း (၆၁၁) A စာသင်ဆောင် မျက်နှာကြက်ပြိုကျမှု ဇွန် ၂၆ ရက် နံနက် ၁၀ နာရီခွဲ ခန့်က ဖြစ်ပွားရာ စာသင်နေသော ကျောင်းသူ ၁၂ ဦး ဒဏ်ရာရရှိသည့် အတွက် ရွှေဘိုဆေးရုံသို့ တင်ပို့ ဆေးကုသပေးလျက်ရှိကြောင်း ရွှေဘိုခရိုင် အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူထံမှ သိရသည်။

မျက်နှာကြက် ပြိုကျသော ကျောင်းဆောင်သည် အလျား ပေ ၁၉၀၊ အနံ ပေ ၃၀ နှင့် အမြင့် ၂၄ ပေရှိ RC နှစ်ထပ်အဆောက်အအုံဖြစ်ပြီး အပေါ်ထပ် ပေ ၄၀ ပတ်လည် ကျောင်းခန်းအတွင်း ကျောင်းသားကိုးဦးနှင့် ကျောင်းသူ ၆၅ ဦး စုစုပေါင်း ၇၄ ဦးကို သင်္ချာကထိက ဒေါ်သန်းသန်းအေး စာသင်နေစဉ် မျက်နှာကြက်နှင့် သစ်သားတန်း ပြိုကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြိုကျမှုကြောင့် ကျောင်းသူ ၅၂ ဦးခန့် ဒဏ်ရာရရှိခဲ့ကြပြီး ကျောင်းသူ ၁၂ ဦးကို ရွှေဘိုပြည်သူ့ဆေးရုံသို့ တင်ပို့ကုသလျက်ရှိကြောင်း၊ ကျောင်းသူလေးဦးကို အမျိုးသမီးခွဲစိတ်ကုသဆောင်နှင့် အရေးပေါ်ကုဌာနတို့တွင် အတွင်းလူနာအဖြစ် ကုသမှုခံယူလျက်ရှိပြီး ကျန်ကျောင်းသူရှစ်ဦးကို ပြင်ပလူနာဌာနတွင် ကုသပေးလျက်ရှိကြောင်း သိရသည်။

မျက်နှာကြက် ပြိုကျမှုကြောင့် ကျောင်းသူများ ထိခိုက်ဒဏ်ရာရရှိပြီး ရွှေဘိုဆေးရုံသို့ ပို့အပ်ကုသလျက်ရှိကြောင်း၊ သတင်းရလျှင်ရချင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်ထူး၊ ခရိုင်ယာယီရဲမှူး ရဲမှူးကြီးမြင့်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရှိန်အောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတာဇံနှင့်အဖွဲ့ သွားရောက်စစ်ဆေးကာ လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မျက်နှာကြက် ပြိုကျသော ကျောင်းဆောင်ကို ၂၀၀၅ ခုနှစ်က ရွှေနဂါးမင်းကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# အခြေခံမြားပစ်သင်တန်း(၁/၂၀၁၇)ဖွင့်

**ရန်ကုန် ဇွန် ၂၆**

၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ မွေးထုတ်ပေးရန်နှင့် အရည်အချင်းပိုမိုပြည့်ဝသော ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် မြားပစ်အားကစား နည်းစနစ်များ၊ နည်းဥပဒေများကို သိရှိစေရန် ရည်ရွယ်၍ အားကစားနှင့်ကာယပညာဦးစီး ဌာနနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံမြားပစ်သင်တန်း (၁/ ၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို ဇွန်၂၄ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ဂိတ်အမှတ်(၅) ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၌ ကျင်းပခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက "နိုင်ငံတော်ရဲ့ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းကို အရှိန်အဟုန်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ ယခုသင်တန်းကနေ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှာ မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် (၁၉) ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ၊ မြားပစ်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် အားကစားသမားများကို ရွေးချယ်မှာဖြစ်တဲ့အတွက် ယခုသင်တန်းကို တက်ရောက်ကြမယ့် သားငယ် သမီးငယ်တွေအနေနဲ့ ဒီသင်တန်းမှာ နည်းပြဆရာတွေရဲ့ သင်ကြားမှုများကို ဇွဲ၊ စိတ်ဓာတ်အပြည့်နဲ့ ရည်မှန်းချက်ထား ကြိုးစားပြီး လိုက်နာသင်ယူကြဖို့နဲ့ သင်တန်းကရရှိမယ့် အတွေ့အကြုံကောင်းတွေနဲ့ ပင်ကိုအရည်အသွေးပေါင်းစပ်ပြီး မြားပစ်အားကစားနည်း တိုးတက်မြင့်မားအောင်မြင်မှုရရှိအောင် ဆက်လက်ကြိုးစား ဆောင်ရွက်သွားကြပါ"ဟု ပြောကြားခဲ့သည်။

ထို့နောက် တက္ကသိုလ်များ မြားပစ်ဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဒေါ်မိမိအောင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးတို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၆ ဦးနှင့် သင်တန်းသူ ၁၈ ဦး စုစုပေါင်း ၃၄ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ တစ်လကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**




**အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် ဘတ်စကက်ဘော ပြိုင်ပွဲကို ဇွန် ၂၆ ရက်က ဗဟန်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ကျိုက္ကဆံဘတ်စကက်ဘော အားကစားရုံ၌ ကျင်းပရာ အသက် ၂၅ နှစ်အောက်၊ အသက် ၁၈ နှစ်အောက် ၃× ၃ ပြိုင်ပွဲတွင် ဆုရအားကစားသမားများအား ဆုယူအပြီး တွေ့ရစဉ်**

တင်စိုး(မြန်မာ့အလင်း)

# နိုင်ငံတကာဘောလုံးလောက သတင်းတိုများ




- ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းသည် ပြင်သစ် လီဂူးဝမ်းချန်ပီယံ မိုနာကိုအသင်းမှ ကွင်းလယ်ကစားသမား ဘာကာယိုကိုကို ခေါ်ယူရန် နီးစပ်နေပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။ ဘာကာယိုကို (၂၂နှစ်) သည် ပြီးခဲ့သောရာသီတွင် မိုနာကိုအသင်း ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် သို့ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်းလည်း ဖော်ပြထားသည်။ ၎င်းသည် ၂၀၁၄ ခုနှစ်တွင် ရင်းနက်စ်အသင်းမှ မိုနာကိုအသင်းသို့ ပြောင်းရွှေ့လာသူဖြစ်ပြီး ပြင်သစ်လက်ရွေးစင်အသင်းနှင့် ၎င်း၏ ပွဲဦးထွက်ကို ယခုနှစ် မတ်လတွင် ချစ်ကြည်ရေးပွဲစဉ်အဖြစ် စပိန်အသင်းကို နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့သောပွဲ၌ ပါဝင်ကစားခဲ့ကြောင်း သတင်းများအရ သိရသည်။
- ခရစ္စတယ်ပဲလေ့စ်အသင်းသည် အိုင်းယက်စ်နှင့် အင်တာမီလန်နည်းပြဟောင်း ဖရန့်ခ် ဒီဘိုးဝါးကို သုံးနှစ်စာချုပ်ဖြင့် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ပုဒ်အရ သိရသည်။ ဒီဘိုးဝါး (၄၇) သည် ပြီးခဲ့သောရာသီတွင် ပရီမီယာလိဂ်မှ တန်းဆင်းသွားရခြင်းကို ရှောင်ရှားနိုင်အောင် ကူညီပေးခဲ့သော ဆမ်အလာဒိုက်စ်၏နေရာကို အစားထိုးခန့်အပ်ခြင်းဖြစ်ကြောင်းလည်း သိရသည်။
- ပြင်သစ်ကလပ် နိုက်စ်အသင်းတိုက်စစ်မှူး မာရီယို ဘာလော့တယ်လီသည် နိုက်စ်အသင်းနှင့်အတူ တစ်နှစ်သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ပုဒ်အရ သိရသည်။ ဘာလော့တယ်လီ (၂၆နှစ်) သည် ပြီးခဲ့သော ရာသီတွင် နိုက်စ်အသင်းအတွက် ၁၅ ဂိုး သွင်းယူပေးထားပြီး အဆင့် (၃) နေရာတွင် ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးထားနိုင်ကြောင်း သိရသည်။
၎င်းသည် ၂၀၁၆ ခုနှစ်တွင် လီဗာပူးအသင်းမှ အလွတ် ပြောင်းရွှေ့ကြေးဖြင့် နိုက်စ်အသင်းသို့ ရောက်ရှိလာသူဖြစ်ကြောင်းလည်း သိရသည်။
- ဇွန် ၂၅ ရက်တွင် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲ၌ ဂျာမနီအသင်းက ကင်မရွန်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။ ချီလီအသင်းသည် သြစတြေးလျအသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သော်လည်း ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ဆီမီး ဖိုင်နယ်ပွဲစဉ်အဖြစ် ပေါ်တူဂီအသင်းနှင့် ချီလီအသင်း၊ ဂျာမနီအသင်းနှင့် မက္ကဆီကိုအသင်းတို့သည် ဇွန် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။
- ဆန်းချက်ဇ်သည် ဘွန်ဒက်စ်လီဂါ၌ ၎င်း၏ ပထမရာသီတွင်ပင် ခက်ခက်ခဲခဲဖြတ်သန်းခဲ့ရသော်လည်း ဘိုင်ယန်မြူးနစ်တွင်သာ ဆက်နေသွားရန်မျှော်လင့်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဆန်းချက်ဇ် (၁၉နှစ်) သည် ပြီးခဲ့ သော မေလတွင် ကနဦးပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းဖြင့် ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းမှ ဘိုင်ယန်မြူးနစ်သို့ ရောက်ရှိလာသူဖြစ်ပြီး ၂၀၁၆-၂၀၁၇ ရာသီတွင် နည်းပြ အန်ဆယ်လော့တီလက်အောက်၌ ကိုးပွဲသာ ကစားခဲ့ရကြောင်း သတင်းများအရ သိရသည်။ **ဇော်ဇော်**

## တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၅ ပြိုင်ပွဲအုပ်စုပွဲစဉ်များပြီးဆုံး

**ရန်ကုန် ဇွန် ၂၆**

MFF 100 Plus Cup တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၅ ဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များကို ယနေ့ ညနေပိုင်းက သုဝဏ္ဏမြက်ခင်းတုကွင်း၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းကျင်းပသောပွဲတွင် ရှမ်းပြည်နယ်အရှေ့ပိုင်းအသင်းက ချင်းပြည်နယ်အသင်းကို သုံးဂိုး-တစ်ဂိုး ဖြင့် အနိုင်ရခဲ့ပြီး မန္တလေးအသင်းနှင့် ရခိုင်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ညနေပိုင်းကျင်းပသောပွဲတွင် ကရင်အသင်းက ပဲခူးအသင်းကို သုံးဂိုး-နှစ်ဂိုး၊ ရှမ်းမြောက်အသင်းက တနင်္သာရီအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)မှ ကယားနှင့် ရှမ်း(တောင်)၊ အုပ်စု(ခ)မှ မန္တလေးနှင့် ရခိုင်၊ အုပ်စု (ဂ)မှ မွန်နှင့် ရန်ကုန်၊ အုပ်စု(ဃ)မှ ကရင်နှင့် ပဲခူးအသင်းတို့ ကွာတားဖိုင်နယ်တက်ရောက်သွားသည်။ ကွာတားပွဲစဉ်များအဖြစ် ကယားအသင်းနှင့် ရန်ကုန်အသင်း၊ မန္တလေးအသင်းနှင့် ပဲခူးအသင်း၊ မွန်အသင်းနှင့် ရှမ်း(တောင်)အသင်း၊ ကရင်အသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်ရှိန်း**



**တိုင်းဒေသကြီးနှင့် ပြည်နယ်ရေကူးပြိုင်ပွဲတွင် ရွှေ ၁၉ ခု၊ ငွေ ၁၂ ခု၊ ကြေး ၁၀ ခုဖြင့် တံခွန်စိုက်ဖလားရရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီး ရေကူးအားကစားသမားများ၊ အသင်းအုပ်ချုပ်သူ ဒေါ်ချိုချိုတင်တို့က ဦးဝိစာရလမ်း ဒဂုံမြို့နယ် အိုလံပစ်ဟိုတယ်၌ ဇွန် ၂၅ ရက်က တိုင်းဒေသကြီး ရေကူးဆပ်ကော်မတီဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းထံ တံခွန်စိုက်ဆုဖလားပေးအပ်စဉ်**

တင်စိုး(မြန်မာ့အလင်း)

### မွေးသက္ကရာဇ်အမှန်

ကျောက်တန်းမြို့နေ၊ ဦးဆွေဦး၏ သမီး မခိုင်မွန်ဦး ၁၂/ကတန(နိုင်) ၁၁၀၉၇၀၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၅-၁၉၉၅ ဖြစ်ပါကြောင်း။

**မခိုင်မွန်ဦး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ရေရှင်အုပ်စု၊ ရေရှင်ရွာနေ မမေသူခိုင်၏ ဖခင်ဦးပြုံးချို ၅/ကလန(နိုင်) ၀၁၇၈၆၅နှင့် ဦးမောင်သိန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးပြုံးချို(ခ)ဦးမောင်သိန်း**

### အမည်မှန်

ပြင်ဦးလွင်မြို့နယ်၊ ရေငယ် အထက(ခွဲ)ပဥ္စမတန်းမှ ဦးဌေးမြင့် ၉/မမန(နိုင်)၀၃၀၄၃၉၏ သမီးအမည်မှန်မှာ မခင်မမထွေး ၉/ပဥလ(နိုင်)၀၇၃၃၄၅ ဖြစ်ပါသည်။ **မခင်မမထွေး**

### မိဘအမည်မှန်

ပြည်မြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ရုံးအကူ ဦးမျိုးဇော် ၇/မညန(နိုင်)၀၆၈၇၇၄၏ မိဘအမည်မှန်မှာ ဦးအုန်းကြည်နှင့် ဒေါ်အေးမိ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အထက(ရွှေနတ်တောင်) ပဥ္စမတန်း(က)မှ ဦးအောင်ဆန်းလင်း၏သား မောင်ကောင်းဆက်အား မောင်ကောင်းဆက်သန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကောင်းဆက်သန့်**

### တိုက်ခန်းရောင်းမည်

တောင်ဒဂုံမြို့နယ်၊ အကျယ်(၁၈' × ၅၀')Hall Type၊ တိုက်သစ်အပေါ်နှင့် အောက်(၂)ခန်းတွဲ၊ လေးလွှာနှင့် ငါးလွှာ၊ ရေ မီးအစုံပါသည်။

လူနေထိုင်ခွင့်(BCC)ကျပြီး (ညှိနှိုင်းဈေး) သို့မဟုတ် အိမ်စီးကားနှင့် လဲမည်။

**ပွဲစားမလိုပါ။ ပိုင်ရှင်ထံ တိုက်ရိုက်ဆက်သွယ်ပါ။**

**ဆက်သွယ်ရန် ဖုန်း-၀၉-၉၆၅၀၂၀၂၂၁**

### ဖောင်းကြွပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/6092 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်၊ ပဲခူးချောင်းအမှတ် ၃/F နေ ဦးငွေထွန်း ၁၀/မလမ(နိုင်)၀၁၆၀၅၇၏ သမီးဖြစ်သူ မဝင်းဝင်းသန်း ၁၀/မလမ(နိုင်) ၁၆၃၅၉၉သည် မိဘများအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဖခင် ဦးငွေထွန်း**

### ဖခင် အမည်မှန်

ကျောက်တန်း အထက(၂)သော်က တက္ကသိုလ်ဝင်တန်း အခန်း(၃)မှ မသိမ့်သူသူဆွေ (၂၅၇/၁၅)၏ ဖခင်အမည်မှန်မှာ ဦးသန်းမြင့်အေး ဖြစ်ပါကြောင်း။

**ဦးသန်းမြင့်အေး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/6085၊ Toyota Townace KM75 P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မိုးအောင် ၁၂/သခန(နိုင်)၁၀၄၁၅၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4I/9862, Toyota Wish ZNE 10, S/W (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုအောင် ၁၂/ကမရ(နိုင်) ၀၁၂၂၉၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**




### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၄၅)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်(၁၁၅၅)၊ ဦးသန်းအောင် ၉/မထလ(နိုင်)၁၂၉၄၂၄ အမည်ပေါက် ပိုင်ဆိုင်သော နှစ်(၆၀) ဂရန်မြေကွက် အကျယ်အဝန်း (၄၅ပေ× ပေ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးသန်းအောင် ၉/မထလ(နိုင်)၁၂၉၄၂၄ ထံမှ ဒေါ်မိုးမိုးအေးက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးအေး**
**၁၂/မဂတ(နိုင်)၀၁၀၄၃၈**
**အမှတ်(ဘီ/၆-ဘီ)၊ ဟံသာရိပ်မွန်လုံးချင်းအိမ်ရာ၊**
**ကမာရွတ်မြို့နယ်**
**ဖုန်း-၀၉-၅၁၁၂၉၉၀၊ ၀၉-၇၇၇၇၅၁၇၈၄**

### ဖခင် အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ပေါက်တပင်ကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မခင်မြင့်မိုရ်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဝင်း ၅/မမန(နိုင်)၁၀၄၇၄၉ ဖြစ်ပါသည်။

**ဦးအောင်ဆန်းဝင်း**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပဲခူးမြို့နယ်တရားရုံး
### ၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၄

| | | |
|---|---|---|
| ဦးကျော်သန့်စိုး(ဘ)ဦးစိုးဝင်း<br>၇/ပခန(နိုင်)၂၂၃၄၀၅<br>အမှတ် ၃၄၅၊ ဗထူးလမ်းမကြီး<br>ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၁)၊ ပဲခူးမြို့<br>**(တရားလို)** | **နှင့်** | ဒေါ်သီတာထွန်း(ဘ)ဦးတင်အောင်<br>အမှတ်(A-၁)၊ ဓမ္မစေတီလမ်း<br>ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၃)၊<br>ပဲခူးမြို့<br>**တရားပြိုင်** |

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၃)၊ ဓမ္မစေတီလမ်း၊ အမှတ် (A-၁)နေ ဒေါ်သီတာထွန်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၃)၊ မြေကွက်အမှတ် ၇၊ ဦးပိုင်အမှတ် ၄၂၀၊ ဧရိယာ ၀ဒသမ၁၀၆၈ဧက အကျယ်အဝန်းရှိ ခြံမြေကွက်နှင့် အိမ်အားလက်ရှိထားပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ်၊ ဇူလိုင် ၇ရက် (၁၃၇၉ခုနှစ် ဝါဆိုလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်စေရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပေးပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ်၊ ဇွန် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်သင်း)**
**မြို့နယ်တရားသူကြီး**
**ပဲခူးမြို့နယ်တရားရုံး**

# နာဂဒေသဘိုးဘွား ၄၀၀ ခန့် မှတ်ပုံတင်မရှိ၍ လူမှုရေးပင်စင်မရဖြစ်နေသော်လည်း ဒုတိယအကြိမ်တွင် ရရှိအောင်ဆောင်ရွက်ပေးမည်

**မုံရွာ ဇွန် ၂၆**

နိုင်ငံတော်ကပေးသည့် လူမှုရေးပင်စင်ငွေရရှိရန် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိလေရှီး- လဟယ်- နန်းယွန်းမြို့နယ်တို့၌ လဟယ်မြို့နယ်အနေဖြင့် အသက်၉၀နှင့် အထက်ဘိုးဘွား ၄၀၀ ခန့် စာရင်းပေးထားသော်လည်း အထောက်အထားမရှိ၍မရသေးသဖြင့်ဒုတိယအကြိမ်တွင်ရှိအောင် ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

"အထောက်အထားမရှိတဲ့ဘိုးဘွားတွေကို နာဂဒေသဦးစီးဌာနနဲ့မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ပူးပေါင်းပြီး လုပ်ခိုင်းထားပါတယ်။ ဖြေလျှော့တဲ့ အနေနဲ့နာဂဒေသမှာရှိတဲ့ မြို့မိမြို့ဖနဲ့ ရပ်ကျေးကထောက်ခံမယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ လဝက ကထောက်ခံရင် ပင်စင်ထောက်ပံ့ကြေးပေးဖို့ စီစဉ်ထားပါတယ်။ ဒါကယာယီပါ။ နောက်မှာအမြဲတမ်းရဖို့အတွက် မှတ်ပုံတင်ရှိဖို့လိုပါတယ်။ သန်းခေါင်စာရင်းနဲ့ မှတ်ပုံတင်ထဲက မွေးသက္ကရာဇ်လွဲရင် မှတ်ပုံတင်ထဲကဟာကိုပဲအတည်ယူပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းမြင့်က ပြောကြားသည်။



ဇွန်လအတွင်းပေးမည့်သုံးလစာငွေကျပ် သုံးသောင်းကို နာဂဒေသတွင် လေရှီးမြို့ မှဘိုးဘွားလေးဦးသာရမည်ဖြစ်ပြီးနန်းယွန်းမြို့နယ်တွင် လျှောက်ထားသူမရှိကြောင်း သိရသည်။ ယခုပထမသုံးလစာ ကန့်သတ်ရက်ကျော်သွားပြီဖြစ်၍ ထောက်ပံ့ကြေးမရသော်လည်းအထောက်အထားဖြင့် တင်ပြပြီးအသက်ပြည့်ပါက ဒုတိယသုံးလတွင် ထည့်ပေးကာ ပထမသုံးလစာကိုပါ ရရှိစေရန်လုပ်ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ လူမှုရေး ပင်စင်ရရှိရန် စာရင်းပေးသူ ဘိုးဘွား ၃၆၉၄ ဦးရှိပြီး အထောက်အထားမပြည့်စုံမှုများကို စိစစ်လိုက်ရာ ၃၃၀၇ ဦးသာ ပထမအကြိမ်တွင် သုံးလစာထောက်ပံ့ကြေး စတင်ရရှိမည်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၃၇ မြို့နယ်၌ ၃၂၄ ဦးဖြင့် စစ်ကိုင်းမြို့နယ်သည် လူမှုရေးပင်စင်အများဆုံးရရှိသည့် မြို့နယ်ဖြစ်ပြီး မုံရွာမြို့နယ်တွင် ၂၅၉ ဦး၊ ခန္တီးမြို့နယ်တွင် တစ်ဦးသာရှိသည်။

နိုင်ငံတော်မှ အသက် ၉၀ နှစ်နှင့်အထက်ဘိုးဘွားများကို ပထမဆုံးအကြိမ်အဖြစ်လူမှုရေးပင်စင် တစ်လလျှင်ငွေကျပ်တစ်သောင်းနှုန်းဖြင့် သုံးလစာကိုဇွန်လအတွင်းစတင်ပေးအပ်ခဲ့ရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဘိုးဘွားများ မှတ်ပုံတင်၊ သန်းခေါင်စာရင်းစသော အထောက်အထားများမရှိ၍ ထောက်ပံ့ငွေမရရှိခဲ့ကြောင်း သိရသည်။

လူမှုရေးပင်စင်ပေးရာတွင် ဘိုးဘွားများ၏ နေအိမ်အရောက် သက်ဆိုင်ရာရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးပိုင်းကသွားရောက်ပေးအပ်လျက်ရှိ ကြောင်းသိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# စားသုံးသူများ နစ်နာမှုရှိပါက တိုင်ကြားနိုင်သည့် စာတိုက်ပုံးများထားရှိမည်

**မကွေး ဇွန် ၂၆**

စားသုံးသူများ နစ်နာဆုံးရှုံးမှုများ ရှိခဲ့လျှင် တိုင်ကြားနိုင်ရန်အတွက် မကွေးမြို့ပေါ်ရှိ ဈေးငါးခု၌ တိုင်ကြားစာများထည့်နိုင်သည့် စာတိုက်ပုံးများ ထားရှိသွားမည်ဟု သိရသည်။

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ညှိနှိုင်းတိုင်ပင်ပြီးမြို့မဈေး၊ မင်္ဂလာဈေး၊ ရန်ပယ်ဈေး၊ ရန်ကင်းဈေးနှင့် ကန်သာဈေးတို့တွင် တိုင်ကြားစာထည့်နိုင်သည့် စာတိုက်ပုံးများ ထားရှိသွားမည်ဟု စားသုံးသူရေးရာဦးစီးဌာနကဒုတိယကြီးကြပ်ရေးမှူး ဦးသိန်းဦးထံမှ သိရသည်။

FDA မှ ဒေါက်တာပြည့်ထူးနှင့်ယင်းဌာနမှ တာဝန်ရှိဝန်ထမ်းများပူးပေါင်းဆောင်ရွက်၍ စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုကို ကာကွယ်ပေးနိုင်ရန် စားသုံးသူအခွင့်အရေးနှင့် ဥပဒေတို့ကို အခြေခံပညာမူလတန်းကျောင်းများမှ တက္ကသိုလ်ကျောင်းများအထိ လည်းကောင်း၊ တပ်ရင်း၊ တပ်ဖွဲ့များနှင့် မိသားစုများကျေးလက်ဒေသများအထိ လည်းကောင်း ပြည်သူများသိရှိအောင် ပညာပေးဆောင်ရွက်နေသည်ဟု ဦးသိန်းဦးထံမှ သိရသည်။

စားသုံးသူ သတင်းပြန်ကြားရေးနှင့်တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာကိုမကွေးမြို့ စိုးကောမင်းရပ်၊ အနော်ရထာလမ်း စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးရုံး၌ လည်းကောင်း၊ ပခုက္ကူမြို့ မြိုင်လမ်းတွင်လည်းကောင်းဖွင့်လှစ်ပြီး ဖြစ်သည့်အပြင် မင်းဘူးခရိုင်၊ သရက်ခရိုင်နှင့် ဂန့်ဂေါခရိုင်တို့တွင် ဆက်လက်ဖွင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တိုင်ကြားစာများကိုလည်း ကျေးလက်အုပ်ချုပ်ရေးမှူးများမှ တစ်ဆင့်တိုင်ကြားနိုင်ရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဇွဲထက်ရှင်**

# အခြေခံပညာကျောင်းပေါင်းစုံ မီနီမာရသွန်အပြေးပြိုင်

**မာန်အောင် ဇွန် ၂၆**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်၌ အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ ၂၀၁၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲကို ဇွန် ၂၄ ရက် နံနက် ၅ နာရီခွဲက ကျင်းပသည်။

လမ်းဦးစီး ဈေ့ရိပ်သာရှေ့မှ ကုန်းခင်ကျေးရွာ စာသင်ကျောင်းထိ ကျောင်းသားကျောင်းသူ ၁၀၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အမျိုးသားပြိုင်ပွဲတွင် ပထမဆု မိုးစက်ကိုကို အမှတ် (၁) အထက၊ ဒုတိယဆုဘိုဘိုစိုး အထက(ခွဲ)ဈေးတန်း၊ တတိယဆု ဇင်လင်းထက် အထက(ခွဲ) ဈေးတန်းနှင့် အမျိုးသမီးပြိုင်ပွဲတွင် အမှတ်(၁) အထကမှ ပထမဆု မမြင့်မြတ်သူ၊ ဒုတိယဆု မပိုးအိစံ၊ တတိယဆု မမြတ်ဆုပန်တို့က ရရှိကြသည်။ ထို့နောက် ဆုရရှိသူများကိုတာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းဇေ(ပြန်/ဆက်)**

# ဟားခါး-ဂန့်ဂေါကားလမ်း တောင်ပြိုလမ်းပိတ်မှု အထူးအဖွဲ့များက ဖယ်ရှားပေးမှုကြောင့် ကားများသွားနိုင်

**ဂန့်ဂေါ ဇွန် ၂၆**

ချင်းပြည်နယ် ဟားခါး-ဂန့်ဂေါကားလမ်းတွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ၈၅ မိုင် သုံးဖာလုံရှိသည့်အနက် ၁၀ နေရာ၌ တောင်ပြိုခြင်း၊ လမ်းပိတ်ခြင်းများဖြစ်ခဲ့ရာ လမ်းအထူးအဖွဲ့များက စက်အားလူအားဖြင့် ချက်ချင်းသွားရောက်ဖယ်ရှားပေး လျက်ရှိသည်။



ချင်းပြည်နယ် ဟားခါး-ဂန့်ဂေါလမ်းတွင် တောင်ပြိုမြေများဖယ်ရှားပြီးကားများသွားလာနေစဉ်

ယခုဇွန် ၁ ရက်မှစ၍ အဆိုပါ ကားလမ်းတောင်ပြိုနေရာများသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ချင်းပြည်နယ်ဟားခါးနှင့် ဂန့်ဂေါရှိလမ်းအထူးအဖွဲ့(၁၀)နှင့်(၁၂)တို့မှ တာဝန်ရှိသူများသည် စက်ယန္တရားကြီးများနှင့်အတူ နေရာခွဲလူခွဲ၍ လိုက်လံရှင်းလင်းပေးခြင်းကြောင့် တောင်ပြိုလမ်းနေရာ အားလုံးပြန်ပွင့်သွားသဖြင့် ယခုအခါ ချင်းပြည်နယ်မှ ကားများစဉ်ဆက်မပြတ် သွားလာမောင်းနှင်နိုင်ပြီဖြစ်သည်။

ထို့အပြင် ဟားခါးနှင့် ဂန့်ဂေါရှိလမ်းအထူးအဖွဲ့(၁၀)နှင့် (၁၂)တို့သည် ယခုနှစ် မိုးရာသီ၌ ကားလမ်းများ တောင်ပြိုခြင်းကြောင့် ကားလမ်းပိတ်ဆို့ခြင်းမဖြစ်ရအောင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကြိုတင်ပေးပို့ထားသော စက်ကြီးများကို တောင်ပေါ်ကားလမ်းများတွင် ခွဲ၍ချထားပြီး စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်**

# ဘာသာရပ်ပေါင်းစုံစားပွဲတင်တင်းနစ်ဆုပေးပွဲကျင်းပ

**မိတ္ထီလာ ဇွန် ၂၆**

မိတ္ထီလာတက္ကသိုလ်ဘာသာရပ်ပေါင်းစုံအမျိုးသားစားပွဲတင် တင်းနစ် ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကိုဇွန်၂၃ ရက်ကယင်းတက္ကသိုလ်အားကစားခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းဘာသာရပ်ပေါင်းစုံ အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရူပဗေဒဘာသာရပ်အသင်းကို သင်္ချာဘာသာရပ်အသင်းမှ အနိုင်ရဗိုလ်စွဲ သွားသည်။ ယင်းအမျိုးသားစားပွဲတင် တင်းနစ်ပြိုင်ပွဲ နှစ်ယောက်တွဲပြိုင်ပွဲ၊ အသင်းလိုက်ပြိုင်ပွဲတို့တွင် ဆုရရှိသည့်ပထမဆုကို သင်္ချာ၊ ဒုတိယဆုကို ရူပဗေဒ၊ တတိယဆုကို အင်္ဂလိပ်စာအသင်းတို့ကရရှိကြပြီး တာဝန်ရှိသူတို့ကတံခွန်စိုက်ဒိုင်းနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ဝန်ထမ်းအိမ်ရာရှေ့စိုက်ပျိုးထားသောအပင်များဖျက်ဆီးခံရ

**ရေး ဇွန် ၂၆**

မွန်ပြည်နယ် ရေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တနင်္သာရီလမ်းမကြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းအိမ်ရာရှေ့၌ စိုက်ထားသည့် မြေခွေးမြီးအပင် ၂၀ခန့်ကို ဇွန် ၂၃ ရက်မှ ၂၄ရက်အထိအမည်မသိ ဖျက်ဆီးခဲ့မှုဖြစ်ပွားခဲ့ခြင်းကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်သာယာလှပစေရေးအတွက်စိုက်ထားခြင်းဖြစ်ပြီး ယခုကဲ့သို့ ဖျက်ဆီးမှုသည် ရုပ်ဆိုးအကျည်းတန်စေကြောင်း၊ တရားဥပဒေစိုးမိုးမှုကိုလည်း ထိခိုက်စေနိုင်ကြောင်း၊ ထို့ကြောင့် ဖျက်ဆီးသူများကိုအရေးယူနိုင်ရန် စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်၍ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**နေမျိုးထွဋ် (ရေး)**

# တနင်္သာရီတိုင်းဒေသကြီး တရားသူကြီးချုပ် ရှေ့နေများနှင့် တွေ့ဆုံ

**ထားဝယ် ဇွန် ၂၆**-တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ထားဝယ်ခရိုင်အတွင်းရှိ ရှေ့နေများနှင့်တွေ့ဆုံပွဲကို ဇွန် ၂၄ ရက်ကထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးတင်အောင်က အမှာစကားပြောကြားသည်။ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က အမှုလက်ကျန်များရှင်းလင်းပြီး ပြတ်သားစွာအကောင်အထည်ဖော်စစ်ဆေးနိုင်ရေးကို တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းတရားရေးဦးစီးမှူးများ၊ ခရိုင်အတွင်းရှိ တရားသူကြီးများနှင့်အတူ တွေ့ဆုံညှိနှိုင်းဆွေးနွေးကြရာ တက်ရောက်လာသော ရှေ့နေများကလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို တင်ပြခဲ့ကြသည်။ ဆွေးနွေးပွဲသို့ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးတင်အောင်၊ တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ တရားရေးအရာရှိ ၁၈ ဦးနှင့် ရှေ့နေ ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း-ထားဝယ်**

# ပုဂံနှင့် စွယ်တော်လေးဆူ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ပုဂံသို့ဘုရားဖူးသွားကြသည့် ပြည်တွင်းခရီးသွားအများစုသည် ရွှေစည်းခုံ၊ လောကနန္ဒာ၊ တန့်ကြည့်တောင်နှင့် တုရင်တောင်ဟူသည့် စွယ်တော်စေတီလေးဆူကို မိမိတို့ရည်ရွယ်သည့် ဆန္ဒများအလျောက် ဖူးမြော်လေ့ရှိကြရာ စွယ်တော်မြတ်လေးဆူကို တစ်နေ့တာအတွင်း ဖူးမြော်၍ လှူဖွယ်ပစ္စည်းများကို အညီအမျှကပ်လှူကာ တူညီသောဆုကိုတောင်းပါက တောင်းဆုပြည့်ဝသည်ဟု ယုံကြည်ကြသည်။

မြန်မာပြည်သူများအကြား ထင်ရှားသည့် စွယ်တော်လေးဆူသည် ပုဂံဘုရင်အနော်ရထာ တည်ထားခဲ့သည့်စေတီများဖြစ်ကြကာ ဘုရားရှင်၏စွယ်တော်များကိုဌာပနာ၍ တည်ထားခဲ့ကြောင်း ရာဇဝင်မှတ်တမ်းများတွင် ရေးသားခဲ့ကြသည်။ ယင်းတို့အနက် မြေပြန့်စေတီနှစ်ဆူဖြစ်သည့် ရွှေစည်းခုံနှင့် လောကနန္ဒာတို့သည် ညောင်ဦးနှင့် ပုဂံတွင်တည်ရှိပြီး တောင်ပေါ်စေတီနှစ်ဆူသည် ညောင်ဦးနှင့် ကျောက်ပန်းတောင်းအကြားရှိ တုရင်တောင်နှင့် ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ တန့်ကြည့်တောင်ပေါ်တွင် တစ်ဆူစီ တည်ရှိနေကြသည်။

အနော်ရထာမင်း နန်းတက်နေချိန်တွင် သီဟိုဠ်ကျွန်းမှ ပထမဝိဇယဗာဟုမင်းသည် အနော်ရထာမင်းကြီးထံ ပိဋကတ်သုံးပုံနှင့်တကွ ရဟန်းသံဃာတော်များနှင့် ဆင်ဖြူတော်တစ်စီးကို အလှူခံခဲ့သည်။ အနော်ရထာသည် သီဟိုဠ်ဘုရင်၏အလှူခံမှုကို ဆောင်ရွက်ပေးခဲ့သဖြင့် သီဟိုဠ်ဘုရင်က အနော်ရထာ၏ ကူညီမှုကို တုံ့ပြန်သောအားဖြင့် ဗုဒ္ဓစွယ်တော်အစစ်မှ ပွားထားသည့် စွယ်တော်ပွားတစ်ဆူကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ခဲ့သည်။

အနော်ရထာမင်းကြီးသည် ယင်းစွယ်တော်ပွားကို ရွှေစည်းခုံစေတီတွင် ဌာပနာခဲ့ပြီး စွယ်တော်တစ်ဆူထပ်မံပွား၍ ဆင်ဖြူတော်ပေါ်တင်ကာ အဓိဋ္ဌာန်ဖြင့် စေလွှတ်ခဲ့ရာ ဆင်ဖြူတော်က တန့်ကြည့်တောင်တွင် ဝပ်ခဲ့သည်။ အနော်ရထာသည် စွယ်တော်တစ်ဆူပွား၍ ထပ်မံစေလွှတ်ပြန်ရာ ဧရာဝတီမြစ်ကမ်း သဘော်ဆိပ်အနီး ကုန်းမြင့်တွင်ဝပ်ခဲ့သည်။ ထိုမှတစ်ဖန် စွယ်တော်တစ်ဆူထပ်မံပွား၍ စေလွှတ်ခဲ့သည့် ဆင်ဖြူတော်သည် တုရင်တောင်တွင် ဝပ်ခဲ့ပြန်သည်။ အနော်ရထာမင်းသည် ဆင်ဖြူတော်ဝပ်သည့် နေရာလေးနေရာတွင် စွယ်တော်တစ်ဆူစီကိုဌာပနာ၍ စေတီတစ်ဆူစီ တည်ထားခဲ့ရာ စွယ်တော်လေးဆူအဖြစ် ထင်ရှားခဲ့သည်။

**ရွှေစည်းခုံစေတီ**

အနော်ရထာမင်းကြီးသည် ရွှေစည်းခုံစေတီကို သရေခေတ္တရာမှရရှိခဲ့သည့် ဘုရားရှင်၏ နဖူးသင်းကျစ်တော်နှင့် မြဆင်းတုတော်တစ်ဆူကို ဌာပနာ၍ ခရစ်နှစ် ၁၀၆၀ ပြည့်နှစ်တွင် တည်ထားခဲ့သည်။ စေတီတော် ပစ္စယာသုံးဆင့်ပြီးစီးချိန်တွင် သီဟိုဠ်မှပင့်ဆောင်လာသည့် စွယ်တော်ပွားကို ထပ်မံဌာပနာခဲ့သည်။ အနော်ရထာမင်းကြီး(ခရစ်နှစ် ၁၀၄၄-၁၀၇၇)လက်ထက်တွင် မပြီးစီးခဲ့သဖြင့် ရွှေစည်းခုံစေတီကို ကျန်စစ်သားမင်းကြီး(ခရစ်နှစ် ၁၀၈၄-၁၁၁၃)က မူလရွှေစည်းခုံစေတီတော်ကိုငုံပြီး တည်ခဲ့ရာ ခရစ်နှစ် ၁၀၉၀ ပြည့်နှစ်တွင် ပြီးစီးခဲ့သည်။

မြန်မာ့စွယ်စုံကျမ်းတွင် ရွှေစည်းခုံစေတီကို သဲစည်းခုံပေါ်တွင်တည်ခဲ့သဖြင့် ရွှေစည်းခုံ ဘွဲ့မည် ခေါ်ဆိုခဲ့ကြောင်းနှင့် ပုဂံဘုရားပုထိုးများစာအုပ်တွင် ရွှေစည်းခုံဟူသည့်ဘွဲ့တော်နာမမှာ ဇေယျဘုံဟူသောဝေါဟာရမှ ပြောင်းလဲလာခဲ့သည်ဟု ပညာရှင်များက ယူဆကြကြောင်း ရေးသားထားသည်။ ကင်းဝန်မင်းကြီးစပ်ဆိုသော ရွှေစည်းခုံအဲ့ဖွယ်ကိုးပါးလင်္ကာတွင် "ဇေယျခုံ အံ့ဖွယ်ကိုးကိုလ"ဟု ထည့်သွင်းစပ်ဆိုခဲ့သည့်နည်းတူ ရွှေစည်းခုံစေတီတော်သို့ ဘုရင့်နောင်မင်းတရားလှူဒါန်းခဲ့သည့် ခေါင်းလောင်း၏ ကမ္ပည်းစာကြောင်းရေ ၁၆ ၌ ဇေယျဘုံဟု ရေးထိုးထားသည်။

ရွှေစည်းခုံသည် ပုဂံရှိ ငုံ၍တည်ထားသော စေတီဘုရား ၄၃ ဆူအနက် တစ်ဆူဖြစ်ပြီး စေတီတော်ကို တုရင်တောင်မှသယ်ယူခဲ့သည့်



ရွှေစည်းခုံ စေတီ

ကျောက်ချပ်များဖြင့် တည်ဆောက်ခဲ့သည်။ ထို့အတူ ရွှေစည်းခုံသည် ပုဂံရှိ ကျောက်အဆောက်အအုံလေးခုအနက် တစ်ခုဖြစ်သည်။ (ပုဂံတွင် ကျောက်ဖြင့်တည်ဆောက်ထားသည့် အဆောက်အအုံလေးခုသည် ရွှေစည်းခုံစေတီ၊ ကျောက်ဂူဥမင်၊ နန်းဘုရားနှင့် စက္ကူတိုက်ခေါ် ပိဋကတ်တိုက်တို့ ဖြစ်သည်။)

အောက်ခံ ပေ ၁၆၀ ပတ်လည် ခုံလုံးပေါ်တွင် ဉာဏ်တော် ၁၆၅ ပေအမြင့် တည်ထားသည့် ရွှေစည်းခုံစေတီသည် ၁၁ ရာစုလက်ရာ ရှေးအကျဆုံး မြန်မာစေတီပုံစံတစ်ဆူဖြစ်ပြီး ပစ္စယာသုံးဆင့်၊ ခေါင်းလောင်းပုံ၊ ခါးပတ်၊ ဘီလူးပန်းဆွဲ၊ ဖောင်းရစ်အဆင့်ဆင့်၊ ကြာမှောက်ကြာလှန်၊ ထုပိကာ၊ ထောင့်စိုက်စေတီ၊ နတ်လှေကားများဖြင့် တင့်တယ်စွာတည်ဆောက်ထားသည်။

**လောကနန္ဒာစေတီ**

လောကနန္ဒာစေတီသည် ပုဂံဗူးဘုရားနှင့် မကွေးမြသလွန်စေတီတို့ကဲ့သို့ ဧရာဝတီမြစ်ကမ်းနဖူးတွင် တည်ရှိသည်။ အနော်ရထာမင်းသည် စွယ်တော်ပွားကို ရတနာပန်းတောင်းအတွင်း၌ ထည့်ကာ အဓိဋ္ဌာန်ပြုလျက် ဆင်ဖြူတော်ပေါ်တင်၍ စေလွှတ်ခဲ့သည်။ ဆင်ဖြူတော်သည် ဧရာဝတီမြစ်ကမ်း၊ သီရိပစ္စယာ ဒုတိယနန်းတော်ရာ၏တောင်ဘက်၊ ပုဂံသဘော်ဆိပ်အနီး ကုန်းမြင့်တွင် ဝပ်ခဲ့ရာ အနော်ရထာသည်



လောကနန္ဒာ စေတီ

ဆင်ဖြူတော်ဝပ်ခဲ့သည့်နေရာတွင် စွယ်တော်ပွားကိုဌာပနာပြုလျက် စေတီတော်တစ်ဆူ တည်ထားခဲ့ပြီး လောကနန္ဒာဟု အမည်တွင်ခဲ့သည်။ လောကနန္ဒာစေတီတော် အရှေ့ဘက်တန်ဆောင်းရှိ ကျောက်စာတိုင် စာကြောင်း ရေ ၂၀ တွင် လောကနန်တာဟု ရေးထိုးထားသည်။

ပုဂံဒေသတွင် အနော်ရထာမင်းတည်ထားခဲ့သည့် စွယ်တော်လေးဆူအနက် လောကနန္ဒာသည် ပုဂံမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိပြီး တတိယမြောက် စွယ်တော်စေတီဖြစ်သည်။ ခရစ်နှစ် ၁၀၅၉ ခုနှစ်တွင် တည်ထားခဲ့သည့် လောကနန္ဒာသည် သီရိပစ္စယာရွာ၏တောင်ဘက်၊ ဧရာဝတီမြစ်ကမ်းတွင်တည်ရှိကာ ပျူနှင့် ပုဂံ အကူးအပြောင်းကာလ ဗိသုကာလက်ရာ စေတီဖြစ်သည်။ မြန်မာစေတီတော်များကဲ့သို့ ခေါင်းလောင်းပုံအထက်တွင် ကြာလှန်ကြာမှောက်၊ ဘီလူးပန်းဆွဲများ မပါရှိဘဲ ပျူစေတီလုံးပုံစံကို မြန်မာမှုသို့ ကူးပြောင်းတည်ဆောက်ထားဟန်ရှိကြောင်း ပညာရှင်များက ယူဆကြသည်။

လောကနန္ဒာစေတီတော်အောက်ပိုင်းသည် သရေခေတ္တရာရှိ ပျူခေတ်လက်ရာ ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာစသည့် စေတီလုံးများကဲ့သို့ ရှည်မျောလုံးဝန်းနေကာ စေတီတော်၏ ခေါင်းလောင်းပုံသည် ပျူလက်ရာဆန်ဆန် ရှည်လျားလျက် အနားကိုကော့ထားသည်။ လှေကားများပါရှိသည့် ပစ္စယာသုံးဆင့်ပေါ်တွင် ခေါင်းလောင်းပုံရှည် ပါရှိသည်။ ဖောင်းရစ်များတွင် ဆက္ကဝလိထီးဆင့်များကို ခုံးလျှောတစ်လှည့်၊ အဖောင်းတစ်လှည့် ပြုလုပ်ထားကာ ခါးပတ် ဖောင်းရစ်တွင် မှန်ကူကွက် ပန်းခက်များကို ဖောင်းကြွထုလုပ်ထားသည်။

လောကနန္ဒာနှင့် ပုံစံတူစေတီတစ်ဆူကို လောကနန္ဒာစေတီ၏ မြောက်ဘက်တည့်တည့် ကျောက်မျက်မော်ကြီးဘုရားတွင် ဖူးတွေ့နိုင်ကြောင်း ပုဂံဘုရားပုထိုးများ စာအုပ်တွင် မှတ်တမ်းပြုထားသည်။ လောကနန္ဒာစေတီတော်၏ အရှေ့ဘက်တန်ဆောင်းအတွင်း၌ ပုဂံခေတ်ထိုး ကျောက်စာနှစ်ချပ်ရှိခဲ့ရာ သက္ကရာဇ် ၅၆၉ ပါ ကျောက်စာတွင် 'စက်ကြဝတိယ် အနုရဓာက္လောင်' (စကြာဝတေး အနုရဓာကျောင်း) ဟု ရေးထိုးထားသည်။

၁၉၇၅ ခုနှစ် ပုဂံငလျင်ကြောင့် လောကနန္ဒာစေတီ၏ ခရေသီးနေရာ ပြိုကျခဲ့ရာ မူလဖောင်းရစ်ပိုင်းအတွင်းမှ ကျောက်ဌာပနာကြုတ်တစ်ခု ထွက်ပေါ်လာခဲ့သည်။ ယင်းကြုတ်အတွင်း၌ သတ္တုကြုတ်၊ သတ္တုကြုတ်အတွင်း၌ ကြေးနီကြုတ်၊ ငွေကြုတ်၊ ရွှေကြုတ်တို့ကို အဆင့်ဆင့်တွေ့ရှိခဲ့ရပြီး ရွှေကြုတ်အတွင်းမှ နှမ်းစေ့အရွယ် ပုလဲရောင်ဓာတ်တော်များနှင့် သွားပုံသဏ္ဍာန်ကျောက်တစ်ခုကို ရရှိခဲ့သည်။ ဓာတ်တော်များနှင့် သွားပုံကျောက်တို့ကို လောကနန္ဒာစေတီတွင် ပြန်လည်ဌာပနာခဲ့ပြီး ကြုတ်များကို ပုဂံ ရှေးဟောင်းသုတေသနပြတိုက်တွင် ပြသထားသည်။ လောကနန္ဒာစေတီမှပင် ပုဂံခေတ်ဦးလက်ရာ ကြေးဆင်းတုတစ်ဆူနှင့် လာဘမုနိကြေးဆင်းတုတစ်ဆူကိုလည်း ရရှိခဲ့သည်။

**တုရင်တောင်စေတီ**

တုရင်တောင်သည် ပုဂံမြို့မှ အရှေ့တောင်ဘက်သို့ ခြောက်မိုင်ကွာဝေးပြီး ညောင်ဦး-ကျောက်ပန်းတောင်း ကားလမ်း၏အနောက်ဘက် နှစ်မိုင်အကွာတွင် တည်ရှိသည်။ တုရင်တောင်သည် မြောက်ဘက်ရှိ သက်စိုးတောင်နှင့် ဆက်စပ်နေပြီး လွန်ခဲ့သော နှစ် ၂၅ သန်းက ဖြစ်ပေါ်ခဲ့သည့် သဲကျောက်တောင်ဟု ဆိုကြသည်။ ရွှေစည်းခုံစေတီတော်ကို တည်ခဲ့စဉ်က တုရင်တောင်မှကျောက်တုံးများကို သယ်ယူခဲ့သည်။

တုရင်တောင်ပေါ်မှ နာမည်ကျော် ပုဂံမြကန်ဟောင်းကို မြင်တွေ့ကြရသည်။ တုရင်တောင်တန်းနှင့် အနောက်ဘက်တွင် ယှဉ်လျက်ရှိသော တောင်တန်းအနိမ့်တစ်ခုအကြားသို့ တုရင်နှင့် သက်စိုးတောင်များမှ မိုးရေများ စီးဆင်းလေ့ရှိခဲ့သည်။ ထိုမိုးရေများသည် တောင်ကြား၌ တောင်မှမြောက်သို့ စီးဆင်းသည့်ချောင်းအတွင်း ဝင်ရောက်ကြကာ ချောင်းကို မြောက်ဘက်တွင်တာဖို့၍ မြကန်ပြုလုပ်ခဲ့သည်ဟု အဆိုရှိခဲ့သည်။ မြကန်သာတောင်ကျချောင်းဘေး၌ ယခုအခါတွင် မြကန်တမံကို တည်ဆောက်ထားသည်။ တုရင်တောင်ခြေသည် မြန်မာတို့၏နှုတ်ပြောရာဇဝင်တွင် ထင်ရှားသည့်နေရာ တစ်ခုဖြစ်ပြီး ဦးပေါင်းကြားနှင့် မြင်းဖြူရှင်ဟန်ဆောင်ကာ အလောင်းစည်သူမင်းကြီး အစွမ်းပြခဲ့သည့်နေရာဟု ပြောစမှတ်များရှိခဲ့သကဲ့သို့ ရှင်အရဟံ စျာပန ကျင်းပခဲ့သည့်နေရာဟုလည်း ယုံကြည်ကြသည်။



တန့်ကြည့်တောင်စေတီ

တုရင်ဟူသည့်အမည်ကို တုရင်တော်စေတီ အဝင် ကျောက်စာရုံရှိ စောရဟန်းကျောက်စာ၌ "တုရင်တောင်ထက် စောရဟန်သိမ်ပျက်ခဲ့ရကာ" ဟု တွေ့ရှိရသည်။ ထို့အတူ တုရင်တောင် စွယ်တော်စေတီ ကျောက်စာတွင် "တုရင်တောင်ထက် ငရိုက်သင် ပုထိုးတလုံးလှူသော ယာ ၄ ပယ်"ဟု မြင်တွေ့နိုင်ပေသည်။ တုရင်သည် ပါဠိဝေါဟာရ တုရင်္ဂမှ ဆင်းသက်လာပြီး မြင်းနှင့်တူသောဟု အဓိပ္ပာယ်ရသည်။

အနော်ရထာမင်းသည် တုရင်တောင်စွယ်တော်စေတီကို ဖိနပ်တော်ရှစ်မြှောင့်ခံ၍ လောကနန္ဒာစေတီကဲ့သို့ပင် ခေါင်းလောင်းပုံ တည်ခဲ့သည်။ စေတီအောက်ခြေတွင် ဆင် ၃၂ ကောင်ခံခဲ့ပြီး မူလစေတီတော်ပုံစံသည် သေးသွယ်၍ အပေါ်သို့ချွန်တက်သွားကာ ဖောင်းရစ်အဆင့်ဆင့်ပါရှိသည့် ရိုးရှင်းသောပုံစံစေတီဟု ဆိုကြသည်။ သို့သော် မူလစေတီတော်ကို ခေတ်အဆက်ဆက် ပြုပြင်ခဲ့ကြသဖြင့် ယခုဖူးတွေ့ကြရသည့် တုရင်တောင်စွယ်တော်စေတီသည် တန့်ကြည့်တောင်စေတီကဲ့သို့ပင် အသစ်ဖြစ်နေပြီဖြစ်သည်။

**တန့်ကြည့်တောင်စေတီ**

ဧရာဝတီမြစ်အနောက်ဘက်တွင် တည်ရှိသည့် တန့်ကြည့်တောင်တွင် တည်ထားသည့် စွယ်တော်စေတီကို ဖူးမြော်ရန် ပုဂံမှ ဧရာဝတီမြစ်တစ်ဖက်ကမ်းသို့ ကူးကြရသည်။ တန့်ကြည့်တောင်ထိပ်မှကြည့်လျှင် ရာသီဥတုသာယာချိန်တွင် ပုပ္ပားတောင်နှင့် တုရင်တောင်နောက်ခံ ပုဂံမြင်ကွင်းကို မြင်နိုင်ကြသည်။ ဗုဒ္ဓဘုရားရှင်သည် တန့်ကြည့်တောင်တွင် ဗျာဒိတ်ပေးခဲ့သည်ဟု အစဉ်အဆက်ယုံကြည်ခဲ့ကြသည်။

တန့်ကြည့်တောင်ထိပ်တွင် အနော်ရထာမင်းသည် စွယ်တော်စေတီတစ်ဆူ တည်ထားခဲ့ရာ ထီး၊ ငှက်ပျောဖူးနှင့် ဖောင်းရစ်များ ပါရှိခဲ့သည်။ ခေါင်းလောင်းပုံအောက်ခြေတွင် ပစ္စယာအဆင့်များ ခံထားခဲ့သည်။ တန့်ကြည့်တောင်စွယ်တော်စေတီသည် ခေတ်အဆက်ဆက် ပြုပြင်မှုများကြောင့် စေတီတော်အသစ်ကိုသာ ဖူးတွေ့နိုင်ကြတော့သည်။

လက်ရှိ တန့်ကြည့်တောင်စေတီသည် ဉာဏ်တော် ပေ ၉၀ ရှိ၍ ဖိနပ်တော် ပေ ၆၀ ရှိသည်။ ထီးတော်အဆင့်ကိုးဆင့်တွင် ပူဇော်ထားသည့် စေတီတော်၏ငှက်မြတ်နားကို ငွေဖြင့် ပြုလုပ်ထားသည်။ စေတီတော်ပုံသဏ္ဍာန်သည် မကွေးမြသလွန်စေတီတော်နှင့် ဆင်သည်။ ရင်ပြင်ပေါ်တွင်ပြသထားသည့် ဘုရားသမိုင်းမှတ်တမ်းတွင် တန့်ကြည့်တောင် အမြင့် ၁၀၅၀ ပေ၊ ပထမဒါယကာ သီရိဓမ္မာသောက၊ ဒုတိယဒါယကာ အနော်ရထာ၊ တတိယဒါယကာ နရပတိစည်သူဟု ရေးသားထားသည်။

ရှေးဟောင်းသုတေသနဦးစီးဌာန၏ မှတ်ပုံတင်စာရင်းအရ ကျောင်းကြီးအုတ်နီဟု အမှတ်အသားပြုထားသည့်အတိုင်း ပုဂံတွင် စေတီပုထိုးပေါင်း ၂၂၁၇ ဆူရှိသည့်အနက် ဗုဒ္ဓဘုရားရှင်၏ စွယ်တော်ကို ဌာပနာခဲ့သည့် စေတီတော်များသည် စွယ်တော်လေးဆူသာ ဖြစ်သည်။ စွယ်တော် လေးဆူအနက် မြေပြန့်စေတီ နှစ်ဆူသာ မူလလက်ရာကျန်ရှိနေပြီး တောင်ပေါ်စေတီနှစ်ဆူမှာမူ ခေတ်လက်ရာများ ဖုံးသွားခဲ့ပြီဖြစ်သည်။

စေတီပုထိုးဆိုလျှင် သစ်လွင်ကာ ရွှေရောင်ဝင်းနေမှ ကြည်ညိုသပ္ပာယ်ဖွယ်အဆင်းကို ဆောင်သည်ဟု အစွဲရှိနေကြသည့် မြန်မာနိုင်ငံသား အများစုသည် ရွှေရောင်မဝင်းသော်လည်း ယဉ်ကျေးမှုတန်ဖိုးမြင့်မားသည့် ရှေးဟောင်းစေတီပုထိုးများကို မူလလက်ရာမပျက် ထိန်းသိမ်းရမည်ဆိုသည်ကို သိရှိခံယူနိုင်ကြသည်နှင့် အမျှ မြန်မာနိုင်ငံတစ်နံတစ်လျားရှိ ရှေးဟောင်းစေတီပုထိုး အဆောက်အအုံများကို တန်ဖိုးရှိစွာ ထိန်းသိမ်းလာနိုင်ကြမည်ဖြစ်ပေသည်။

**ကိုးကား**

**ပုဂံစေတီပုထိုးများ(ပြန်ကြားရေးဝန်ကြီးဌာန)**

**ပုဂံသုတေသနလမ်းညွှန်(ဦးဗိုကေ)**



တုရင်တောင်စေတီ

# အမှုသွား၊ အမှုလာ စီမံခန့်ခွဲမှုဖြင့် အမှုစစ်ဆေးမှု သွက်လက်မြန်ဆန်စေရေး အစည်းအဝေးပြုလုပ်

**မုံရွာ ဇွန် ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တရားရုံး၏ ရှေ့ပြေးတရားရုံးအစီအစဉ်အရ အမှုသွားအမှုလာ စီမံခန့်ခွဲမှုဖြင့် အမှုများစစ်ဆေးမှု သွက်လက်မြန်ဆန်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၃ ရက်က မုံရွာမြို့ရှိ တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်က အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ မုံရွာခရိုင် အုပ်ချုပ်ရေးမှူး၊ တရားစီရင်ရေးကဏ္ဍနှင့် ဆက်နွှယ်သော ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မုံရွာခရိုင်တရားရုံးမှ တရားသူကြီး၊ ဒုတိယတရားသူကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော်မှ တရားရေးအရာရှိများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ထိုနေ့ နေ့လယ်ပိုင်းတွင် မုံရွာခရိုင်ရှေ့နေအသင်းမှ ရှေ့နေများနှင့်လည်း အလားတူ ညှိနှိုင်း အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ဓာတ်အားလိုင်းတည်ဆောက်ခြင်းကြောင့် ပျက်စီးသည့် မြေယာနှင့်သီးနှံများအတွက် လျော်ကြေးငွေပေး

**ငဖဲ ဇွန် ၂၆**
၂၃၀ကေဗွီ မန်း-အမ်းဓာတ်အားလိုင်း တည်ဆောက်ခြင်းကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့သော မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်းမှ မြေယာနှင့် သီးနှံပင်များအတွက် ဒေသခံ ခြံပိုင်ရှင်များနှင့် တောင်သူများအား ငဖဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ဇွန် ၂၄ ရက်က လျော်ကြေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

လျော်ကြေးငွေပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းက ပျက်စီး မြေယာနှင့် သီးနှံများအတွက် လျော်ကြေးပေးအပ်မှုအခြေအနေကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင်က မြေယာ လျော်ကြေး၊ သီးနှံလျော်ကြေးပေးအပ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် မန်း-အမ်းဓာတ်အားလိုင်း စီမံကိန်းမန်နေဂျာ ဦးကျော်ဇေယျက လျော်ကြေးငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားပြီး မြို့နယ်အတွင်း တောင်ပေါ်ဒေသ ကျေးရွာရစ်ရွာမှ တောင်သူ ၁၂ ဦးအား လျော်ကြေးငွေ စုစုပေါင်း ကျပ် ၁၃၉၉ သိန်းကျော်ကို ထိခိုက်ပျက်စီးမှု ပမာဏအလိုက် လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန စီမံကိန်းမန်နေဂျာရုံး(၁)(ရွှေစာရံ)က ငဖဲမြို့နယ်အတွင်း မန်း-အမ်း ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသအတွင်းမှ သီးနှံစိုက်ခင်းများနှင့် နှစ်ရှည်ပင်များစိုက်ပျိုးထားသည့်မြေယာများကို မလွှဲမရှောင်သာ ဖြတ်သန်းတည်ဆောက်ခဲ့ရသည့်အတွက် မြေယာနှင့် သီးနှံများ ထိခိုက်ပျက်စီးသွားရသည့် တောင်သူများအား လျော်ကြေးငွေပေးအပ်ခဲ့ခြင်းဖြစ်သည်။

**သန်းနိုင်ဦး(ငဖဲ)**

# ပျဉ်းမနားမြို့နယ်၌ မူခင်းအသိပညာပေးယာဉ်ဖြင့် ရှင်းလင်းပြသ

**နေပြည်တော် ဇွန် ၂၆**
နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ညွှန်ကြားမှုဖြင့် နေပြည်တော် ဧရိယာအတွင်းရှိ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအား မူခင်းအသိပညာ ဗဟုသုတများရရှိစေရန် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မှုခင်းဖြစ်ပွားမှုလျော့နည်းစေရန်အတွက် ပညာပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇွန် ၂၂ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့မရဲစခန်း ဒုရဲမှူး တင်ဌေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်အထူးရဲတပ်ဖွဲ့မှ ဒုတပ်ကြပ် သိမ့်သိမ့်ထွန်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်ကြီး ဇော်မင်းအောင်နှင့် နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ကြပ် မင်းမင်းဦးတို့ ပူးပေါင်းအဖွဲ့မှ ပျဉ်းမနားမြို့ အမှတ်(၃)အ.ထ.ကကျောင်းဝင်းအတွင်း၌ ပညာပေးပြခန်းယာဉ်ဖြင့် သွားရောက်ပြီး အသိပညာပေးရှင်းလင်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းနွဲ့နှင့် ဆရာ၊ ဆရာမ များ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၃၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲရဲ(ပျဉ်းမနား)**



# ရေသန့်စက်ရုံစီမံကိန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လူထုတွေ့ဆုံပွဲကျင်းပ

**တွံတေး ဇွန် ၂၆**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်နှင့် ဒလမြို့နယ်အတွင်းရှိ ပြည်သူများ သောက်သုံးရေသန့်ရရှိစေရန် AG Resources Myanmar Co. Ltd က တည်ဆောက်မည့် ရေသန့်စက်ရုံစီမံကိန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်နိုင်မှု လေ့လာဆန်းစစ်ခြင်းနှင့်(Environmental Import Assessment - EIA)အတွက် နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းဆိုင်ရာ လူထုတွေ့ဆုံပွဲကို ဇွန် ၂၄ ရက်က တွံတေးမြို့နယ် အုန်းပင်ချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် စီမံကိန်းလုပ်ငန်းအကြောင်းအရာများကို ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာ ဦးဇော်မင်းဝင်းက ရှင်းလင်းတင်ပြပြီး ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆိုင်ရာပညာရှင် ဒေါက်တာကျော်စွာတင့်က စီမံကိန်းတည်ဆောက်လည်ပတ်ခြင်း လုပ်ငန်းများအတွက် ပတ်ဝန်းကျင်နေ ပြည်သူများအပေါ် သက်ရောက်နိုင်မှုများကို လေ့လာဆန်းစစ်ရာတွင် ဆန်းစစ်လုပ်ဆောင်သွားမည့် နယ်နိမိတ်အဖြစ် စီမံကိန်းအား ဗဟိုပြုလျက် သုံးကီလိုမီတာပတ်ဝန်းကျင်အတွင်းရှိ ၁၉ မိုင်တာကုန်း၊ အုန်းပင်ချောင်း၊ ခလုပ်၊ ရှမ်းစုလေး ကျေးရွာများအတွင်းသို့ ကွင်းဆင်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်း ပြောကြားသည်။

ဒေါက်တာကျော်စွာတင့်က ဒေသခံများ ပူးပေါင်းပါဝင်ခြင်းသည် လူမှုစီးပွား သက်ရောက်မှု ဆန်းစစ်ခြင်းလုပ်ငန်းများ စနစ်တကျလုပ်ဆောင်နိုင်ရေးအတွက် အလွန်အရေးပါပြီး ကွင်းဆင်းဆောင်ရွက်ခြင်းမှရရှိသော ဖြစ်နိုင်သည့်ထိခိုက်မှုများကို စနစ်တကျလေ့လာခြင်း၊ ထိခိုက်မှုအဆင့် သတ်မှတ်ခြင်း၊ ရှောင်လွှဲနိုင်သည့်/ လျော့နည်းသက်သာအောင် လုပ်ဆောင်နိုင်သည့် နည်းလမ်းများ ရှာဖွေခြင်း၊ လူမှုစီးပွား ထိခိုက်မှုဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် စောင့်ကြည့်လေ့လာရေးအစီအစဉ်များ ရေးဆွဲပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းကြောင့်ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကိုလည်း ဒေသခံပြည်သူများ၏ သဘောဆန္ဒနှင့်အညီ အကောင်းဆုံး မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ထို့နောက် သဘာဝပတ်ဝန်းကျင် ဆန်းစစ်ခြင်းဆိုင်ရာများကို ဒေါက်တာညိုညိုလွင်က ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက အသီးသီးပြန်လည်ဖြေကြားခဲ့သည်။ ဆက်လက်၍ တွေ့ဆုံပွဲ တက်ရောက်သော ရွှေလှေချောင်ကျေးရွာ၊ ငွေပန်းစုကျေးရွာ၊ ၁၉ မိုင် တာကုန်းကျေးရွာ၊



အုန်းပင်ချောင်း၊ ရှမ်းစုလေးနှင့် ခလုပ်ကျေးရွာတို့မှ ဒေသခံပြည်သူများက စီမံကိန်းနှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းကာ မိမိတို့၏ ဆန္ဒသဘောထားများ ရေးသား တင်ပြခဲ့ကြသည်။

အဆိုပါစီမံကိန်းကို AG Resources Myanmar Co.Ltd က ဆောင်ရွက် သွားမည်ဖြစ်ပြီး တွံတေးနှင့် ဒလမြို့များတွင် သောက်ရေသန့်ရရှိစေရန်အတွက် ရွှေလှေချောင်းကျေးရွာအုပ်စု (၁၉)မိုင် တာကုန်းကျေးရွာတွင် ရေသန့်စက်ရုံ တည်ဆောက်ကာ ရေသန့်ထုတ်လုပ်၍ တွံတေးကားလမ်းအတိုင်း ဒလမြို့နယ်သို့ ခေတ်မီ ၁၂ လက်မရေပိုက်များဖြင့် ပို့ဆောင်သွားမည်ဖြစ်ကြောင်း၊ ရေမီတာများကိုလည်း သုံးစွဲသူပြည်သူများ၏အိမ်တွင် တပ်ဆင်ကာ ကြိုတင်ငွေဖြည့်စနစ်ငွေကတ်(စမတ်ကတ်)များဖြင့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ရေငါးစည်အတွက် ကျပ် ၈၅၀ သာ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

(၁၉မိုင်)တာကုန်းကျေးရွာမှ ရန်ကုန်ပေါက်ကျေးရွာအထိ တွံတေး-ဒလ ကားလမ်းဘေးအတိုင်း ရေပိုက်များသွယ်တန်းရာတွင် မြေအောက်တွင်မြှုပ်၍ သွယ်တန်းသွားမည်ဖြစ်ကာ သဘာဝပတ်ဝန်းကျင် မထိခိုက်ရေးကို အထူးကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ အဆိုပါရေသန့်စက်ရုံမှ စွန့်ပစ်အနည်အနှစ်များကိုလည်း သဘာဝ ဇီဝဓာတုပစ္စည်းများဖြင့်ပေါင်းစပ်ကာ သဘာဝဓာတ်မြေဩဇာများ ထုတ်လုပ်၍တောင်သူဦးကြီးများအတွက် မြေဩဇာများ ထုတ်လုပ်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ၏ ပြောကြားချက်အရ သိရသည်။

**မျိုးလှိုင်(တွံတေး)**

# တောင်သူများ အကျိုးအမြတ်များစေမည့် မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ကွင်းသရုပ်ပြ

**မလှိုင် ဇွန် ၂၆**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်း ပုန်းမကြည်ဆည်ရေသောက်စနစ်ဖြင့် မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးထားသော တောင်သူများ အကျိုးအမြတ်များစေရန် တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ မကျီးကုန်းကျေးရွာ၌ ဇွန်၂၃ ရက်က ပြုလုပ်ခဲ့သည်။



သရုပ်ပြပွဲတွင် မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးအရာရှိ ဦးဝင်းထိန်က စိုက်ကွင်းသရုပ်ပြပွဲ ပြုလုပ်ခြင်း ရည်ရွယ်ချက်နှင့် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများအတွက် ကူညီဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစန်းယုက တောင်သူများအနေဖြင့် အကျိုးအမြတ်အများဆုံးရရှိစေရန်အတွက် သီးနှံပုံစံများကို ပြောင်းလဲစိုက်ပျိုးရန်၊ ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ သီးနှံစိုက်ပျိုးရေးနည်းစနစ်များ၊ ပေါင်းတင် စိုက်ပျိုးနည်းများ ပြောင်းလဲစိုက်ပျိုးကြရန်နှင့် လက်ရှိ ဝါစိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မာန်ဝေက ဝါသီးနှံစိုက်ပျိုးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး မိတ္ထီလာ၊ သာစည်နှင့် ဝမ်းတွင်းမြို့နယ်တို့မှ စိုက်ပျိုးရေးဦးစီးမှူးများကလည်း ဝါစိုက်ပျိုးမှုအတွေ့အကြုံများကို ထပ်ဆင့် မျှဝေဆွေးနွေးကာ တောင်သူများသိရှိလိုသည့် မေးမြန်းချက်များကို ဦးစီးမှူးများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဝါစိုက်ကွင်း ပညာပေးကွင်းသရုပ်ပြပွဲသို့ မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် မြေ၊ မျိုး၊ ပိုး တာဝန်ခံများ၊ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်းမြို့နယ်တို့မှ စိုက်ပျိုးရေးဦးစီးမှူးများ၊ မကျီးကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ ညံကန်၊ ရွာသစ်၊ ဖက်ကုန်း၊ ထမ္မကြီးကျေးရွာများမှ ဝါစိုက်တောင်သူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**အောင်ဌေး(မလှိုင်)**

# အစားအသောက်နှင့်ဆေးဝါး ဘေးကင်းလုံခြုံရေး R သုံးလုံးညီရန်လို

**မကွေး ဇွန် ၂၆**
ပြည်သူများ မဖြစ်မနေစားသုံးနေရသော အစားအသောက်နှင့် ဆေးဝါးများတွင် ကျန်းမာရေးဆိုင်ရာ ဘေးကင်းလုံခြုံစိတ်ချရမှုကိုရရှိရန် Regulator , Retailer , Real Consumer ဆိုသည့် R သုံးလုံး ညီညွတ်စွာဖြင့် ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ကြောင်း မကွေးတိုင်းဒေသကြီး FDA မှ တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

Regulator တွေဆိုတဲ့နေရာမှာ FDA၊ အစိုးရအဖွဲ့ တာဝန်ရှိတဲ့သူတွေ၊ စားသုံးသူရေးရာ၊ စည်ပင်၊ ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွေ ပါတယ်။ ဒါတွေက ထိန်းညှိပေးနေတဲ့သူတွေပဲ။ နောက်တစ်ခုက Retailer၊ ရောင်းချတဲ့သူတွေအနေနဲ့ ကျွန်တော်တို့ပြောတာတွေကို လိုက်နာဖို့လိုတယ်။ တစ်ခါမှားတာမျိုးကတော့ မှားနိုင်တယ်။ သူတို့မှာ ဘေးကင်းလုံခြုံရေးနဲ့ဆိုင်တဲ့အသိတွေ မရှိသေးဘူး။ စစ်တော့တွေ့တယ်။ တွေ့တာကိုလည်း ပစ္စည်းသိမ်းတဲ့အခါ ရှိတယ်။ ဌာနက သုံးခွင့်ပြုထားတဲ့ငွေနဲ့ ပေးဝယ်ပြီး ဖျက်ဆီးပစ်တာတွေလည်းရှိတယ်။ ထပ်မမှားဖို့၊ ထပ်မဝယ်ဖို့၊ ထပ်မရောင်းဖို့ ဒါလေးကတော့ အရေးကြီးတယ်။ နောက်တစ်ပိုင်းကတော့ Real Consumer ပေါ့။ တကယ်စားသုံးတဲ့သူတွေက ရွေးချယ်စားသုံးတတ်ဖို့ လိုပါတယ်။ ဒီ Rသုံးလုံးညီမှဘေးကင်းမယ်”ဟု မကွေးတိုင်းဒေသကြီး FDA တာဝန်ခံ ဒေါက်တာပြည့်ထူးက ပြောသည်။

လက်ရှိဈေးကွက်အခြေအနေမှာ Regulator များအနေဖြင့် အဂတိကင်းကင်းဖြင့် အမုန်းခံ၍လုပ်ရမည့် အခြေအနေများရှိကြောင်း၊ အပေါ်ယံအလှမက်သော Consumer ဈေးကွက်၏ တောင်းဆိုမှုအရ လွန်ခဲ့သောဆယ်နှစ်ကျော်က ဆောင်ရွက်ခဲ့သော ဆိုးဆေးကင်းစင်ရေးလုပ်ငန်းများမှာ အခိုက်အတန့်သာ အောင်မြင်ခဲ့ရပြီး Real Consumer များဘက်မှ အသိဉာဏ်ပေါင်းစပ်၍ ရွေးချယ်သုံးစွဲလာလျှင် Retailer ရောင်းချသူများလည်း ဟန်ချက်ညီ ပါဝင်လာမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

“အခုလို နိုင်ငံမျိုးမှာတောင် ခွင့်မပြုတဲ့ ဆိုးဆေးတွေ၊ ဆေးဝါးတွေ ရှိနေတုန်းပဲ။ စစ်တမ်းကောက်ရင် ပြည်သူတွေက ဒါကို စားနေသေးလို့ပါ။ ကျွန်တော်တို့ဆီမှာက ပစ္စည်းသိမ်းတယ်။ အရေးယူတယ်ဆိုလည်း ခဏပေါ့။ အမြဲတမ်းလုပ်နိုင်တဲ့သူတွေက အမြဲတမ်းစားတဲ့သူတွေပါ”ဟု အစားအသောက်များ ကျန်းမာရေးဆိုင်ရာ ဘေးကင်းလုံခြုံစိတ်ချရမှုရှိရေးတွင် စားသုံးသူများ၏အရေးပါမှုကိုလည်း တိုင်းဒေသကြီးတာဝန်ခံက ထောက်ပြပြောကြားသည်။

ကျောင်းမုန့်ဈေးတန်းများအပါအဝင် စားသောက်ကုန်နှင့် ဆေးဆိုင်များရှိ Retailer ရောင်းချသူများအပေါ် ဌာနဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာ အသုံးမပြုဘဲ အန္တရာယ်ရှိ၍ လုပ်နေရခြင်းဖြစ်သည်ကို အသိပညာပေး ရှင်းလင်းလုပ်ဆောင်နိုင်ခဲ့မှုကြောင့် ယခုနောက်ပိုင်းတွင် ရောင်းချသူများအနေဖြင့် ပူးပေါင်းပါဝင်မှုများ ရှိလာနေကြောင်း၊ အခြားနိုင်ငံများတွင် နှစ် ၄၀ ကြာ လုပ်ဆောင်ခဲ့မှုများကို လေးနှစ်လောက်ဖြင့် လိုက်လုပ်နေရ၍ လိုအပ်ချက်၊ အခက်အခဲနှင့် စိန်ခေါ်မှုများစွာရှိကြောင်း၊ FDA အနေဖြင့် ဝန်ထမ်းအင်အား၊ ဓာတ်ခွဲခန်းနှင့် ချိတ်ဆက်မှုများ လိုအပ်နေသည့်အခြေအနေတွင် ထုတ်လုပ်သူ၊ စားသုံးသူများက ကွက်လပ်ဖြည့်ပါဝင်ကာ R သုံးလုံးညီညွတ်မှုဖြင့် ပြည်သူ့ဘဝ ဘေးကင်းလုံခြုံရေးကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်းလည်း တိုင်းဒေသကြီး FDA တာဝန်ခံက ဆက်လက်ပြောကြားခဲ့သည်။

**ဇေယျတု(မကွေး)**

# တောဆင်ရိုင်းဝင်ရောက်သော စပါးခင်းများကိုကာကွယ်ရန် လျှပ်စစ်ခြံစည်းရိုးများ တပ်ဆင်ပေးနေ

**တိုက်ကြီး ဇွန် ၂၆**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် Smithsonian Consarvation Biology lnstitution(SCBI) အဖွဲ့တို့ ပူးပေါင်း၍ တိုက်ကြီးမြို့နယ်အတွင်းမှ တောဆင်ရိုင်းများဝင်ရောက်သည့် စပါးခင်းများကို ကာကွယ်ရန် လျှပ်စစ်ခြံစည်းရိုးများကို ဒေသခံများ၏တောင်းဆိုမှုအရ တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

တိုက်ကြီးမြို့နယ်တွင် ယခင်နှစ်က ရွာလေးရွာတွင် လျှပ်စစ်ခြံစည်းရိုး ကာရံပေးခဲ့သည့်အတွက် တောဆင်ရိုင်းဝင်ရောက်မှု ကာကွယ်နိုင်ခဲ့၍ ယခုနှစ်တွင် ဒေသခံများ၏ တောင်းဆိုမှုအရ အလယ်မြောင်၊ ကဒပ်ကုန်းနှင့် ချောင်းဆောက်ကျေးရွာများတွင် ဆက်လက်ကာရံပေးမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ လျှပ်စစ်ခြံစည်းရိုး ကာရံမည်ဖြစ်ပြီး ကျန်ရာသီတွင် ဖြုတ်သိမ်းထားမည်ဖြစ်၍ တပ်ဆင်ခြင်း၊ ဖြုတ်သိမ်းခြင်းကို SCBI အဖွဲ့က တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း SCBI အဖွဲ့မှ မန်နေဂျာ ဦးခင်မောင်ကြီးက ပြောသည်။

"ကျွန်တော်တို့ရွာ စပါးစိုက်ခင်းဧက ၂၀ မှာ လျှပ်စစ်ခြံစည်းရိုးကာထားတာ ဆင်ဝင်ရောက်မှု ကာကွယ်နိုင်ပါတယ်။ ကျွန်တော့်လယ်ကတော့ ခြံစည်းရိုးကာတဲ့အထဲမှာ မပါတော့ သုံးဧကလောက် ဆင်ဝင်ဖျက်ဆီးတာ ခံရတယ်။ စပါး တင်း ၁၅၀ လောက် ဆုံးရှုံးသွားတယ်။ ဒါကြောင့်တောင်းဆိုတာပါ။ အခုလာတပ်တဲ့အထဲမှာ ပါတယ်။ အခု ဧက ၈၀ ကာမှာဆိုတော့ ဆင်ဝင်တာမရှိတော့မှာမို့ ကျွန်တော်တို့နဲ့ ဒေသခံတွေ ဝမ်းသာနေကြပါတယ်"ဟု ဒေသခံ လယ်သမားတစ်ဦးဖြစ်သူ ဦးဘဲက ပြောသည်။

**လျှပ်စစ်ခြံစည်းရိုးကို ဖလုံကျေးရွာအုပ်စုမှ စပါးစိုက်ခင်း ဧက ၈၀ အတွက် ကာရံမည်ဖြစ်ပြီး ယခင်နှစ်က ဧက ၂၀ လျှပ်စစ် ခြံစည်းရိုးတပ်ဆင်ပေးထားခဲ့ရာ တောဆင်ရိုင်းအန္တရာယ်ကို ကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။ လျှပ်စစ် ခြံစည်းရိုးတပ်ဆင်ခြင်းသည် ဧက ၂၀ အတွက် ကုန်ကျငွေ ကျပ်ခြောက်သိန်းခန့်ရှိပြီး SCBI အနေဖြင့် အခမဲ့ တပ်ဆင်ပေးနေခြင်းဖြစ်သည်။ လျှပ်စစ်ခြံစည်းရိုး တပ်ဆင်လိုပါက ဒေသခံများအနေဖြင့် သစ်တောဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့သို့ တင်ပြလျှောက်ထား၍ ခွင့်ပြုလျှင် တပ်ပေးမည်ဖြစ်ကြောင်း သိရသည်**



လျှပ်စစ်စွမ်းအင်ပြောင်းစက် (energizer)များကို ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်စဉ်

အဆိုပါ လျှပ်စစ်ခြံစည်းရိုးအတွက် လျှပ်စစ်စွမ်းအင်ပြောင်းစက် ပေးအပ်ပွဲကို ဇွန် ၂၂ ရက်က တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပြီး တိုက်ကြီးမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်နိုင်သူဦးနှင့် SCBI အဖွဲ့မန်နေဂျာတို့က လျှပ်စစ်စွမ်းအင်ပြောင်းစက်ကို ကျေးရွာများမှ ဒေသခံများထံ ပေးအပ်ကာ လျှပ်စစ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအကြောင်းကို SCBI အဖွဲ့မန်နေဂျာက ရှင်းလင်းပြောကြားသည်။

ယခုတပ်ဆင်မည့် လျှပ်စစ်ခြံစည်းရိုးကို ဖလုံကျေးရွာအုပ်စုမှ စပါးစိုက်ခင်း ဧက ၈၀ အတွက် ကာရံမည်ဖြစ်ပြီး ယခင်နှစ်က ဧက ၂၀ လျှပ်စစ်ခြံစည်းရိုး တပ်ဆင်ပေးထားခဲ့ရာ တောဆင်ရိုင်းအန္တရာယ်ကို ကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။ လျှပ်စစ်ခြံစည်းရိုးတပ်ဆင်ခြင်းသည် ဧက ၂၀ အတွက် ကုန်ကျငွေ ကျပ်ခြောက်သိန်းခန့်ရှိပြီး SCBI အနေဖြင့် အခမဲ့ တပ်ဆင်ပေးနေခြင်းဖြစ်သည်။ လျှပ်စစ်ခြံစည်းရိုး တပ်ဆင်လိုပါက ဒေသခံများအနေဖြင့် သစ်တောဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့သို့ တင်ပြလျှောက်ထား၍ ခွင့်ပြုလျှင် တပ်ပေးမည်ဖြစ်ကြောင်းသိရသည်။

တောဆင်ရိုင်းများ ဝင်ရောက်နိုင်သည့်နေရာတွင် ထိုသို့ လျှပ်စစ်ခြံစည်းရိုး ကာရံထားခြင်းဖြင့် လူနှင့်ဆင် ပဋိပက္ခဖြစ်ပွားမှု နည်းပါးနိုင်မည်ဖြစ်ကာ လျှပ်စစ်ခြံစည်းရိုးကာရံပါက ည ၇ နာရီမှ နံနက် ၃ နာရီအထိ လျှပ်စစ်ဓာတ်အား လွှတ်ထားမည်ဖြစ်ပြီး တောဆင်ရိုင်းများဝင်ရောက်ချိန်ကို ကာကွယ်ထားသဖြင့် တောဆင်ရိုင်းများအတွက်လည်း ဆင်မုဆိုးများ၏အန္တရာယ်မှ ကင်းဝေးစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ညောင်ဦး ဇွန် ၂၆**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း(CDD)၏ ဒုတိယနှစ် စက်ဝန်းအရ စဉ့်ကူကျေးရွာအုပ်စု မြို့ကုန်းကျေးရွာ၌ ကျေးရွာမီးလင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများပြီးစီးသဖြင့် လူထုစစ်ဆေးပွဲကို ဇွန် ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ကျေးရွာမီးလင်းရေးလုပ်ငန်း ဆောင်ရွက်မှုအဖြစ် ကျေးရွာအတွင်း၌ လမ်းမီးတိုင် ၂၄ တိုင်စိုက်ထူ၍ အရှည် ပေ ၂၈၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်း၊ လမ်းမီးများ၊ ကြွေသီးများ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ မီးလင်းရေးလုပ်ငန်း စီမံကိန်းများကို ကမ္ဘာ့ဘဏ်မှထောက်ပံ့ငွေ ကျပ် ၁၂၂ သိန်းကျော်နှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေများ၊ လုပ်အားများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြီးစီးသည့်မီးလင်းရေးလုပ်ငန်းများကို လူထုစစ်ဆေးပွဲတွင် မြို့နယ်လူထုဗဟိုပြုစီမံကိန်း စည်းရုံးရေးမှူး ဦးဟန်ဇော်လင်းနှင့် အဖွဲ့ဝင်များ၊ ကျေးရွာ လူထုဗဟိုပြုစီမံကိန်း ကော်မီတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ပြီး လူထုဗဟိုပြုစီမံကိန်း ကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်က အမှာစကား ပြောကြားသည်။ ထို့နောက် ဝယ်ယူရေးကော်မတီ တာဝန်ရှိသူတစ်ဦးက စာရင်းဇယားများရှင်းလင်းပြီး လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေး တာဝန်ခံ၊ လုပ်ငန်းစောင့်ကြည့်လေ့လာရေးတာဝန်ခံနှင့် ဝေဖန်အကြံပြု တိုင်ကြားစာဖြေရှင်းရေးတာဝန်ခံတို့ကလည်း ကဏ္ဍအလိုက် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့ကာ မီးလင်းရေးလုပ်ငန်းနှင့်ပတ်သက်၍ ကျေနပ်မှုရှိ မရှိ တက်ရောက်လာသောလူထုထံမှ လျှို့ဝှက်ဆန္ဒမဲခံယူခဲ့သည်။

**ကျော်ဋ္ဌေး(ညောင်ဦး)**



# မိုင်းအန္တရာယ်အသိပညာပေးခြင်းအစီအစဉ်ဆိုင်ရာ ဒုတိယအကြိမ်မြောက် အစည်းအဝေးပြုလုပ်

**မြစ်ကြီးနား ဇွန် ၂၆**
ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့တို့ ပူးပေါင်းပြီး မိုင်းအန္တရာယ်အသိပညာပေးခြင်းအစီအစဉ် ဆိုင်ရာ ဒုတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြစ်ကြီးနားမြို့ ပြည်နယ်ကြက်ခြေနီရုံး ခန်းမ၌ ဇွန် ၂၃ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဂဲနက်က မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် ထိရောက်စွာလုပ်ကိုင်နိုင်ရန် လိုအပ်ကြောင်း၊ အသိပညာပေးခြင်းကို အခြေခံပညာကျောင်းများ၊ ရပ်ကွက် / ကျေးရွာများ၊ ယာယီတိုက်ပွဲရှောင်စခန်းများတွင် ဆောင်ရွက်ရန်အပြင် မြို့နယ်အတွင်းဖွင့်လှစ်သော သင်တန်းများတွင်လည်း ပါဝင်၍ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားကြကြောင်း ဆွေးနွေးသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များက ဆောင်ရွက်ပြီးစီးခဲ့သည့် မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းများ အောင်မြင်မှုအခြေအနေများနှင့် တွေ့ကြုံရသောအခက်အခဲများ၊ စိန်ခေါ်မှုများ၊ နောက်ထပ် ပညာပေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်မည့်နေရာများ စသည်တို့ကို ဆွေးနွေးတင်ပြကြပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မိုင်းအန္တရာယ်အသိပညာပေး အထောက်အကူပြုပစ္စည်းများအကြောင်းကို ရှင်းလင်းပြောကြားကာ ပြည်နယ်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များအပေါ်မူတည်ပြီး လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ကချင်ပြည်နယ်အတွင်း၌ မိုင်းအန္တရာယ်သည် ဒေသခံပြည်သူများအား ခြိမ်းခြောက်မှုရှိနေသော ကိစ္စတစ်ခုဖြစ်ပြီး ပြည်နယ်အတွင်း၌ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများ ရှိနေကြောင်း၊ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီအနေဖြင့် ပြည်နယ်အတွင်းမှ မသန်စွမ်းသူများအတွက် ခြေတု ၂၅၀ ကျော် ပြုလုပ်ပေးခဲ့ရာတွင် ခြေတုလာရောက်လုပ်ကိုင်သူများအနက် အများစုသည် မိုင်းကြောင့် ထိခိုက်ကာ ကိုယ်အင်္ဂါဆုံးရှုံးရသူများဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# စဉ့်ကူးမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းပဲသင်တန်းဆင်းပွဲကျင်းပ

**စဉ့်ကူး ဇွန် ၂၆**
မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိစေရန်အတွက် ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းပဲသင်တန်းဆင်းပွဲကို ဇွန် ၂၃ ရက်က မြို့နယ်ကျေးလက်ဒေသ



ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခန်းမဆောင်၌ ကျင်းပပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော သင်တန်းသားများအား ဆုများချီးမြှင့်သည်။ ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထွန်းကျော်ဇောက သင်တန်းသားများအား သင်တန်းဆင်းဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးကျော်ကျော်ညွှန့်က သင်တန်းဆရာများအား ထောက်ပံ့ကြေးများ ပေးအပ်ခဲ့သည်။

စဉ့်ကူးမြို့နယ်အတွင်း ကျေးလက်ဒေသနေပြည်သူများအနေဖြင့် တောင်သူလုပ်ငန်းကို အားထားလုပ်ကိုင်ကြသူများဖြစ်သဖြင့် တောင်ယာလုပ်ငန်းတွင် အသုံးပြုသည့် သံထည်ပစ္စည်းများနှင့် အိမ်သုံး သံထည်ပစ္စည်းများဖြစ်သော ဓားရှည်၊ ဓားမ၊ တူရွင်း၊ တံစဉ်၊ သံတူရွင်း၊ ဆိတ်ချို၊ တူစသည့်ပစ္စည်းများ ပြုလုပ်ပုံကို သင်တန်းတွင် သင်ကြားခဲ့ကြောင်း၊ မြန်မာ့ပန်းဆယ်မျိုးစာရင်းဝင် လက်မှုပညာတစ်ရပ်ဖြစ်သည့် ပန်းပဲပညာရပ်၏ နည်းနိသယများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသားများအနေဖြင့် မိသားစုကိုယ်ပိုင်လုပ်ငန်းတစ်ခုကို ထူထောင်လုပ်ကိုင်သွားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တိုင်းဒေသကြီးအစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်ရေး ယာယီကော်မတီဖွဲ့စည်း

**မုံရွာ ဇွန် ၂၆**
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မုံရွာမြို့နှင့်ဝန်းကျင်မှ အရပ်ဘက်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်ရန် ရည်ရွယ်၍ အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းကာ တွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်ရေး ယာယီကော်မတီတစ်ရပ်ကို ဇွန် ၂၄ ရက်က မုံရွာမြို့ရှိ ချင်းတွင်းအင်စတီကျူးရုံး၌ ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

"ဝန်ကြီးချုပ်ခေါင်းဆောင်တဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ တွေ့ဆုံဆွေးနွေးဖို့ ဦးတည်ဆွေးနွေးခဲ့ကြတာပါ။ ဆွေးနွေးပွဲမှာ အရပ်ဘက်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်ရေးကော်မတီကို ၁၈ ဦးနဲ့ ယာယီဖွဲ့ခဲ့ပါတယ်။ အဲဒီအဖွဲ့က မုံရွာမြို့ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကိစ္စတွေကို အပြုသဘောဆောင်တဲ့ချဉ်းကပ်မှုနဲ့ တိုင်းဒေသကြီး အစိုးရကို တင်ပြမယ်"ဟု ယာယီကော်မတီဝင် ဦးကျော်မိုးလှိုင်က ပြောကြားသည်။

မုံရွာမြို့နယ်အတွင်းမှ အရပ်ဘက်အဖွဲ့အစည်းများ ချင်းတွင်းအင်စတီကျူးရုံး၌ တွေ့ဆုံဆွေးနွေးစဉ် ယာယီကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အဆိုပါ ကော်မတီဝင်များနှင့် မုံရွာမြို့မှ အရပ်ဘက်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားသူများ စုပေါင်း၍ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၁ ရက်တွင် ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ယာယီဖွဲ့ထားသော ကော်မတီအနေဖြင့် ဒေသခံပြည်သူများ လိုလားသော အရာများကို စာရင်းကောက်ယူပြုစုကာ အဓိကအချက်များကို ပညာရှင်များ၊ အပြု



သဘောဆောင်သည့်အမြင်ရှိသူများနှင့် ညှိနှိုင်းပြီးနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြခြင်းနှင့်အတူ တင်ပြချက်များအကောင်အထည်ဖော်ရန် အကြံဉာဏ်ပြုခြင်းနှင့် တွန်းအားပေးခြင်းတို့ကို အစိုးရနှင့်ပြည်သူကြား ပေါင်းကူးသဖွယ် ဆောင်ရွက်သွားရန် ရည်မှန်းထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ကျေးလက်ဒေသ ဝက်မွေးမြူရေးတိုးတက်ရန်ဆောင်ရွက်

**လှည်းကူး ဇွန် ၂၆**
ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် OUCRU တို့ ပူးပေါင်း၍ ကျေးလက်ဒေသ ဝက်မွေးမြူရေးတိုးတက်စေရေးအတွက် ဇွန်လတတိယပတ်က ZELS Myanmar pig Partnership Project ကို အကောင်ထည်ဖော်ဆောင်ရွက် လျက်ရှိရာ MOUCRU မှ ဒေါက်တာခိုင်စုဝင်းနှင့် လှည်းကူးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာသဥ္ဇာဖြိုးသွင်နှင့်အဖွဲ့က လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာ (၂)ရပ်ကွက်မှ ဝက်မွေးမြူရေးလုပ်ငန်းရှင်များအားတွေ့ဆုံ၍ မွေးမြူရေးကဏ္ဍတိုးတက်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ပီအက်စ်ဂျီနဲ့ အမ်ဘာပီတို့ ပေါင်းဆုံမှာလား

*အခုတလော ဘောလုံးသမားအပြောင်းအရွှေ့ဈေးကွက်ကို ခပ်ကြမ်းကြမ်း လှုပ်ခတ်နေတာကတော့ မိုနာကိုအသင်းရဲ့လူငယ်တိုက်စစ်မှူး အမ်ဘာပီပဲ ဖြစ်ပါတယ်။ ဥရောပရဲ့ထိပ်တန်းကလပ်တွေဖြစ်တဲ့ ပီအက်စ်ဂျီ၊ ရီးရဲမက်ဒရစ်၊ ဘာစီလိုနာ၊ အာဆင်နယ်နဲ့ မန်ယူတို့အပြင် မန်စီးတီးအသင်းတွေက အပြိုင်အဆိုင် ခေါ်ယူဖို့ ကြိုးစားနေကြတာမို့ အခုအချိန်မှာ အမ်ဘာပီ လုပ်ပွဲလို့ ဆိုရမလိုဖြစ်နေပါတယ်။*




အသက် ၁၈ နှစ်သာရှိသေးတဲ့ ပြင်သစ်လူငယ်တိုက်စစ်မှူး အမ်ဘာပီဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ မိုနာကိုအသင်းနဲ့အတူ အံ့မခန်းခြေစွမ်းတွေပြပြီး ဂိုးတွေသွင်းယူခဲ့တာမို့ အခုဆိုရင် အမ်ဘာပီကို ခေါ်ယူလိုတဲ့ ထိပ်တန်းအသင်းတွေက ငွေထုပ်ပိုက်ပြီး အပြိုင်အဆိုင် ကြိုးစားနေကြခြင်းဖြစ်ပါတယ်။

လောလောဆယ်မှာတော့ ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းက ပြောင်းရွှေ့ကြေး ယူရို ၁၃၅ သန်းပေးမယ်လို့ ဈေးဖွင့်ထားပြီး အမ်ဘာပီကို ခေါ်ယူနိုင်ရေး စတင်ကြိုးစားနေပြီဖြစ်ပါတယ်။ အာရပ်သူဌေးတွေရဲ့ငွေကြေးတွေနဲ့ အကောင်းဆုံးအသင်းတစ်သင်းအဖြစ် ရပ်တည်နိုင်ရေး ကြိုးစားနေတဲ့ ပီအက်စ်ဂျီကတော့ အမ်ဘာပီလို ခြေစွမ်းထက်မြက်တဲ့ လူငယ်တိုက်စစ်မှူးတစ်ဦးကို အခုလို တန်ရာတန်ကြေးပေးဖို့ ဝန်မလေးဘူးလို့ ဆိုနေပါတယ်။

လူငယ်ဘောလုံးသမားတွေနဲ့ အောင်မြင်မှုကို ရယူလိုနေတဲ့ အာဆင်နယ်အသင်း နည်းပြ အာစင်ဝင်းဂါးကတော့ အမ်ဘာပီအတွက် ပြောင်းရွှေ့ကြေး ယူရို ၁၁၉ သန်းပေးမယ်လို့ ရဲရဲဝံ့ဝံ့ ဈေးပေးထားတယ်လို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။ အမ်ဘာပီကလည်း အာဆင်နယ်အသင်းမှာ ကစားလိုတဲ့ ဆန္ဒရှိနေကြောင်း သိရတာမို့ အာဆင်နယ် ပရိသတ်တွေအတွက်တော့ ရင်ခုန်စရာကောင်းနေတာတော့ အမှန်ပါပဲ။

လူငယ်တိုက်စစ်မှူး အမ်ဘာပီကလည်း မိုနာကိုအသင်းကနေပြီး ဥရောပရဲ့ ထိပ်တန်းကလပ်တွေဆီ ခြေဆန့်ဖို့ ဆန္ဒရှိနေတာမို့ ခေါ်ယူလိုတဲ့အသင်းတွေကလည်း ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးတွေနဲ့ မက်လုံးပေးခေါ်ယူနေခြင်းဖြစ်ပါတယ်။ လောလောဆယ်အချိန်မှာပဲ ရီးရဲမက်ဒရစ်အသင်းက အမ်ဘာပီကို ပြောင်းရွှေ့ကြေး ယူရို သန်း ၁၂၀ ပေးမယ်လို့ ကမ်းလှမ်းလိုက်တာမို့ လောလောဆယ်မှာတော့ ရီးရဲမက်ဒရစ်က ပြောင်းရွှေ့ကြေး အမြင့်ဆုံးပေးလိုက်ခြင်းပဲ ဖြစ်ပါတယ်။

မိုနာကိုအသင်းကတော့ အမ်ဘာပီရဲ့ ပြောင်းရွှေ့ကြေးကို ယူရို သန်း ၁၄၀ အထိ ရယူလိုနေတဲ့ ဆန္ဒရှိတာမို့ လက်ရှိဈေးပေးနေမှုတွေထက် ပိုမိုရရှိအောင် ကြိုးစားနေပါတယ်။ ခြေစွမ်းထက်မြက်တဲ့ လူငယ်တိုက်စစ်မှူးကောင်းတွေ ရှားပါးနေတဲ့ ဒီနေ့အချိန်အခါမှာ အမ်ဘာပီလို ငယ်ရွယ်တဲ့ တိုက်စစ်မှူးတစ်ဦးကို ဈေးကြီးကြီးပေးချေရတာ ထိုက်တန်တယ်လို့ ဆိုနေတဲ့ ဘာစီလိုနာအသင်းကလည်း စံချိန်တင်ပြောင်းရွှေ့ကြေးပေးပြီး ခေါ်ယူဖို့ ဆန္ဒရှိနေတယ်လို့ ဆိုပါတယ်။ တဖြည်းဖြည်း အသက်အရွယ်ရလာတဲ့ တိုက်စစ်မှူး မက်ဆီရဲ့နေရာကို အစားထိုးနိုင်ဖို့ အခုကတည်းက ရေရှည်ရင်းနှီးမြှုပ်နှံမှုတစ်ရပ်အဖြစ် အမ်ဘာပီကို ခေါ်ယူနိုင်ရေး ကြိုးစားမှာဖြစ်ပါတယ်။

ဒါပေမယ့် ဘာစီလိုနာက လောလောဆယ်မှာ ပီအက်စ်ဂျီက ပေးထားတဲ့ ယူရို ၁၃၅ သန်းဆိုတဲ့ ပြောင်းရွှေ့ကြေးကို ပေးနိုင်ဖို့အထိတော့ မစွန့်စားလိုဘူးလို့ ဆိုနေပါတယ်။ အမ်ဘာပီကတော့ ရီးရဲမက်ဒရစ်မှာလည်း ကစားလိုတဲ့ ဆန္ဒရှိနေပေမယ့် ပြောင်းရွှေ့ကြေးကြောင့် ပီအက်စ်ဂျီအသင်းကို ရောက်ရှိဖို့တော့ အခွင့်အရေးများနေပါတယ်။ အမ်ဘာပီအတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀ ကျော်သာ ပေးထားတဲ့ ပရီမီယာလိဂ် ထိပ်တန်းအသင်းတွေဖြစ်တဲ့ အာဆင်နယ်၊ မန်ယူ၊ မန်စီးတီးတို့အတွက်တော့ မျှော်လင့်လို့ မရတာတော့ အမှန်ပါပဲ။

လက်ရှိအချိန်မှာ ပြောင်းရွှေ့ကြေး စံချိန်တင်ပေးထားတဲ့ ပီအက်စ်ဂျီနဲ့ အမ်ဘာပီတို့ရဲ့ ပေါင်းစည်းနိုင်မှုက အကောင်အထည်ပေါ်လာမလားဆိုတာ စောင့်ကြည့်ရတော့မှာ ဖြစ်ပါတယ်။ ။

**မိုးမြင့်လင်းလက်**

## WBA၊ WBC နဲ့ IBFတို့ရဲ့ မစ်ဒယ်ဝိတ်ချန်ပီယံ ဂိုလော့ကင် WBO လိုက်မစ်ဒယ်ဝိတ်ချန်ပီယံ အယ်ဗာရက်ဇ်နဲ့ ထိုးသတ်မည်

WBA၊ WBC နဲ့ IBF တို့ရဲ့ မစ်ဒယ်ဝိတ်ချန်ပီယံ ဂိုလော့ကင်က လာမယ့် စက်တင်ဘာ ၁၆ ရက်တွင် WBO လိုက်မစ်ဒယ် ဝိတ်ချန်ပီယံ အယ်ဗာရက်ဇ်နှင့် စိန်ခေါ်ပွဲ ထိုးသတ်ဖို့ စီစဉ်နေပြီဖြစ်ပါတယ်။ ဂိုလော့ကင်ဟာ ဒီပွဲအတွက် ကြိုတင်လေ့ကျင့်မှုတွေ ပြုလုပ်နေပြီး နိုင်ပွဲရရှိမယ်လို့လည်း ယုံကြည်နေပါတယ်။

WBA၊ WBC နဲ့ IBF တို့ရဲ့ မစ်ဒယ်ဝိတ်ချန်ပီယံ ဂိုလော့ကင်ဟာ လက်ရှိအချိန်အထိ လက်ဝှေ့ပွဲပေါင်း ၃၇ ပွဲ ထိုးသတ်ခဲ့ရာမှာ အလဲထိုးပွဲ ၃၃ ပွဲရှိခဲ့ပြီး ရှုံးပွဲမရှိသေးတဲ့ လက်ဝှေ့သမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဂိုလော့ကင်ရဲ့အားသာချက်က ပြိုင်ဘက်လက်ဝှေ့သမားရဲ့အားနည်းချက်ကို သိရှိရအောင်ကြိုးစားပြီး အနိုင်ရအောင် ထိုးသတ်ခြင်းဖြစ်ပါတယ်။

WBO လိုက်မစ်ဒယ်ဝိတ်ချန်ပီယံ အယ်ဗာရက်ဇ်က ယခုပွဲမှာ ဂိုလော့ကင်ရဲ့ ပထမဆုံး ရှုံးပွဲကြုံတွေ့ရမယ့်ပွဲဖြစ်ပြီး ရှုံးနိမ့်မှုရဲ့ ခံစားမှုအသစ်တွေကို ပေးအပ်သွားမယ်လို့ ဆိုနေပါတယ်။ သူတို့နှစ်ဦးဟာ ပထမဆုံးတွေ့ဆုံခြင်းဖြစ်ပြီး ပွဲချိပြည့်ထိုးရဖွယ်ရှိပြီး သရေပွဲဖြစ်သွားနိုင်တယ်လို့ အားကစားမီဒီယာတွေက ဖော်ပြနေပါတယ်။

ဂိုလော့ကင်နဲ့ အယ်ဗာရက်ဇ်တို့ရဲ့ လက်ဝှေ့ပွဲကို မေဝဲသာနဲ့ မက်ဂရီဂေါ် တို့ရဲ့ လက်ဝှေ့ပွဲထက် ရက်စောပြီး ကျင်းပသွားမှာဖြစ်တာမို့ ပရိသတ်တွေအတွက် အကောင်းဆုံး လက်ဝှေ့ပွဲအဖြစ် မြင်တွေ့ကြရမှာ ဖြစ်တယ်လို့ ဂိုလော့ကင်က ပြောကြားနေပါတယ်။






## ဆန်းဒါးလန်းတိုက်စစ်မှူး အနီဘီချီ တရုတ်စူပါလိဂ်ကလပ်သို့ ပြောင်းရွှေ့

ဆန်းဒါးလန်းအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက တန်းဆင်းခဲ့ရပြီးနောက် ဆန်းဒါးလန်းတိုက်စစ်မှူး အနီဘီချီဟာ ယခုအခါ တရုတ်စူပါလိဂ်ကလပ် ဘေဂျင်းအင်တာပရိုက်စ်သို့ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း ဆန်းဒါးလန်းကလပ်က သတင်းထုတ်ပြန်ဖော်ပြထားပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူး အနီဘီချီဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက သွင်းဂိုးသုံးဂိုးသာရှိခဲ့ပြီး ခြေစွမ်းကျဆင်းလာတဲ့အတွက် အသင်းမှထွက်ခွာခွင့်ပြုခဲ့ခြင်းလည်းဖြစ်ပါတယ်။ အနီဘီချီရဲ့ လုပ်ခကို တရားဝင်ထုတ်ပြန်ခြင်းမရှိပေမယ့် တစ်ပတ်လုပ်ခ ပေါင်တစ်သိန်းခွဲခန့် ရရှိမယ်လို့ မီဒီယာတွေက ဖော်ပြနေပါတယ်။ ဆန်းဒါးလန်းကလပ်ကတော့ အနီဘီချီဟာ အသင်းအောင်မြင်မှုရှိအောင် ကြိုးစားခဲ့သူဖြစ်လို့ တာဝန်ကျေပွန်သူတစ်ဦး ဖြစ်တယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။

အနီဘီချီဟာ ပြီးခဲ့တဲ့နှစ် စက်တင်ဘာလကမှ ဆန်းဒါးလန်းကို စတင်ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီကုန်ချိန်မှာ ဆန်းဒါးလန်းအသင်း တန်းဆင်းခဲ့ရလို့ စာချုပ်ဖျက်သိမ်းခဲ့ရာမှ တရုတ်ကလပ်သို့ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

တရုတ်စူပါလိဂ်ကလပ် ဘေဂျင်းအင်တာပရိုက်စ်ကတော့ တိုက်စစ်မှူး အနီဘီချီ လာရောက်ကစားတဲ့အတွက် ဝမ်းမြောက်ကြောင်းနဲ့ အသင်းအောင်မြင်မှုအတွက် ကူညီနိုင်မယ့်သူဖြစ်ကြောင်း ထုတ်ဖော်ပြောကြားထားပါတယ်။ တရုတ်စူပါလိဂ်ကလပ်တွေဟာ အင်္ဂလန် နာမည်ကျော်ကစားသမားတွေအပြင် ဂျာမန်ဘွန်ဒက်စ်လီဂါ၊ စီးရီးအေနဲ့ စပိန်လာလီဂါက နာမည်ကြီးကစားသမားတွေကို ငွေကြေးအမြောက်အမြားပေးပြီး ခေါ်ယူနေပါတယ်။




## ဂါရတ်ဘေးလ် ပရီမီယာလိဂ်သို့ ပြန်လာဖွယ်ရှိနေ

ဥရောပထိပ်တန်းကလပ်အသင်းဖြစ်တဲ့ ရီးရဲမက်ဒရစ်ဟာ လူငယ်ခြေတက်ကစားသမားတစ်ဦးဖြစ်တဲ့ အမ်ဘတ်ပီကို ခေါ်ယူဖို့ ကြိုးစားနေပြီး အောင်မြင်မှုရရှိခဲ့ပါက အသင်းမှ နာမည်ကြီး ကစားသမားများအနက် ဂါရက်ဘေးလ် ထွက်ခွာဖို့ ရာနှုန်းများနေကြောင်း စပိန်အားကစားမီဒီယာများက ဖော်ပြနေပါတယ်။

ဂါရတ်ဘေးလ်ကလည်း ပြီးခဲ့တဲ့ဘောလုံးရာသီက ဒဏ်ရာပြဿနာတွေရှိနေခဲ့တာမို့ ပွဲထွက်ခွင့်အများအပြား ဆုံးရှုံးခဲ့ရပါတယ်။ မန်ယူအသင်းကလည်း ကွင်းလယ်နဲ့ တိုက်စစ်ပိုင်းကို အားဖြည့်ဖို့ရှိနေတာမို့ ဂါရတ်ဘေးလ်ကို ခေါ်ယူနိုင်ရေး ဆန္ဒရှိနေတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် စီရော်နယ်ဒို၊ ဘင်ဇီမာနဲ့ ဂါရတ်ဘေးလ်တို့ သုံးဦးအနက် တစ်ဦးဦးကို ရောင်းထုတ်ဖို့ ရီးရဲမက်ဒရစ်က စီစဉ်မယ်ဆိုရင် အဖြစ်နိုင်ဆုံးက ဂါရတ်ဘေးလ်သာ ဖြစ်နိုင်ကြောင်း၊ မန်ယူကလည်း စီရော်နယ်ဒိုကို ပြောင်းရွှေ့ကြေး မြင့်မားနေသဖြင့် ခေါ်ယူရန် ခက်ခဲနေသည်ဖြစ်ရာ အကောင်အထည်ပေါ်လာဖို့ မလွယ်ကူကြောင်း ရေးသားဖော်ပြထားပါတယ်။

စီရော်နယ်ဒိုရဲ့ အခွန်ပြဿနာတွေကို ရီးရဲမက်ဒရစ်မှတာဝန်ရှိသူများက ဖြေရှင်းပေးမယ်လို့ဆိုထားတာကြောင့် ရီးရဲမက်ဒရစ်ကနေပြီး စီရော်နယ်ဒို ထွက်ခွာဖို့ မဖြစ်နိုင်တဲ့အပြင် ဘင်ဇီမာကလည်း အသင်းပြောင်းရွှေ့လိုတဲ့ ဆန္ဒမရှိတာကြောင့် ဂါရတ်ဘေးလ်က အဖြစ်နိုင်ဆုံး ကစားသမားဖြစ်လာတာဖြစ်ပါတယ်။

ဂါရတ်ဘေးလ်ကလည်း အင်္ဂလန် ပရီမီယာလိဂ်မှာ ပြန်လည်ကစားလိုစိတ်ရှိနေတာမို့ မန်ယူအပြင် ချယ်လ်ဆီး၊ မန်စီးတီးနဲ့ လီဗာပူးတို့ရဲ့ကြိုးစားမှုတွေ အကောင်အထည်ဖော်လာဖို့ ရှိနေပြန်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# တောင်သူပညာပေးနှင့်ဒေသဖွံ့ဖြိုးရေး

ဒွေးမယ်နော် (ဇ၄, စိုက်ပျိုးရေး)

**ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးလွယ်ကူအဆင်ပြေချောမွေ့အောင်ဆောင်ရွက်သွားရမည့်နည်းတူ အဆိုပါဒေသအတွင်းမှီတင်းနေထိုင်ကြသူများ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်းပူးပေါင်းလေ့လာပြီးအတူတူ စုပေါင်းဆောင်ရွက်သွားရန် လိုအပ်ပေသည်။မြန်မာနိုင်ငံအတွင်းရှိလူဦးရေစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းသည်ကျေးလက်နေပြည်သူများဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုအဓိကအားထားဆောင်ရွက်နေသည်ဖြစ်ရာနိုင်ငံတော်အစိုးရကစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်ချမှတ်ဆောင်ရွက်နေသောမူဝါဒ (၁၂) ရပ်အနက် စီးပွားရေးမူဝါဒတွင်“ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ခေတ်မီအောင်ဆောင်ရွက်ရန်” ဟုဖော်ပြပါရှိပြီးဖြစ်သည်။**

လယ်ယာကဏ္ဍသည် မြန်မာနိုင်ငံ၏အခြေခံကျသည့် ကဏ္ဍကြီးဖြစ်ပြီး လယ်ယာကဏ္ဍမူဝါဒအသစ်တွင်မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍရှိအခွင့်အလမ်းကောင်းများကိုဖော်ထုတ်ပေးလိုက်ခြင်းဖြင့် လျင်မြန်စွာတိုးတက်လာနေသောပြည်တွင်းပြည်ပဈေးကွက်ရှိစားသုံးသူများ၏ လိုအပ်ချက်ဖြစ်သော အဆင့်အတန်းမြင့်လယ်ယာသားငါးထွက်ကုန်များကို အမျိုးအမယ်စုံလင်စွာဖြည့်ဆည်းပေးရန် ရည်ရွယ်သည်။

ထို့ကြောင့်မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် သီးနှံထုတ်လုပ်မှုစွမ်းအားပိုမိုမြင့်တက်လာစေရေးဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနည်းပညာအခြေခံများကောင်းမွန်မြင့်မားရန် အထူးလိုအပ်သည်။ခေတ်မီတိုးတက်ပြောင်းလဲလာသောစိုက်ပျိုးနည်းပညာရပ်များကို သုတေသနပြုဖော်ထုတ်ပြီးလယ်ယာလုပ်ငန်းခွင်ရှိတောင်သူများထံသို့ အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်လက်ဆင့်ကမ်းပေးပို့နိုင်မှသာ ပြောင်းလဲဖြစ်ပေါ်နေသော ရာသီဥတုနှင့် သဘာဝရေမြေတို့အပေါ် အမှီပြု၍ သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်နေကြသော တောင်သူလယ်သမားများသည် ထိုနည်းပညာရပ်များကိုကောင်းစွာနားလည် သဘောပေါက်လျက် လိုက်နာကျင့်သုံးဆောင်ရွက်ကြပေမည်။

ဒေသတစ်ခုနှင့်တစ်ခုသော်လည်းကောင်း၊ ဒေသတစ်ခုအတွင်းမှာသော်လည်းကောင်း တောင်သူများ၏ လိုက်နာကျင့်သုံးဆောင်ရွက်နိုင်မှုမှာမတူကွဲပြားခြားနားပေသည်။ တိုင်းဒေသကြီး / ပြည်နယ်များအလိုက် များစွာကွာခြားမှုရှိသည်။အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျနေသေးသောပြည်နယ်များတွင် တောင်သူများ၏ မြေယာပိုင်ဆိုင်မှု၊ ရင်းနှီးမြှုပ်နှံနိုင်မှု၊ ခံယူချက်သဘောထား၊ ဘာသာရေး၊ စီးပွားရေး၊ ပညာရေးအခြေအနေနှင့် ဘာသာစကားနားလည်မှုစသည့် အခြေအနေများပေါ်တွင်များစွာမူတည်လျက်ရှိသည်ကို ကယားပြည်နယ်အားဥပမာထား၍ ဤဆောင်းပါးလေးကိုရေးသားဖော်ပြလိုက်ရပါသည်။

ပင်လယ်ရေမျက်နှာပြင် ၂၉၅၀ ပေတွင်ရှိသောကယားပြည်နယ်သည် အကျယ်အဝန်းဧရိယာစတုရန်းမိုင် ၄၅၂၉ ဒသမ ၅၆ စတုရန်းမိုင်ရှိပြီး ခရိုင်နှစ်ခု၊ မြို့နယ်ရှစ်ခုအတွင်းကျေးရွာအုပ်စု ၇၄ စုကျေးရွာပေါင်း ၅၁၁ရွာ စုစုပေါင်း လူဦးရေသုံးသိန်းနီးပါးနေထိုင်လျက်ရှိသည်။ လူဦးရေစုစုပေါင်း၏ ၂၆ ရာခိုင်နှုန်းသည် မြို့နေလူတန်းစားဖြစ်ပြီး ၇၄ ရာခိုင်နှုန်းသည် ကျေးလက်နေလူတန်းစားများဖြစ်ကာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်သည်။ ပြည်နယ်အတွင်းချောင်း / မြောင်းများအပါအဝင်မြေဧရိယာဧက ၂၉၉၉၂ ရှိပြီးအသားတင်စိုက်ဧက ၁၆၆၈၃၂ ဧက၊လုပ်မြေ ၈၃၉၃ ဧက၊ မြေရိုင်း၄၀၅၁၄ ဧက၊ ကြိုးပြင်ကာကွယ်တော၁၅၆၂၁၃၂ ဧက၊တောရိုင်း ၄၁၈၇၃၆ ဧကနှင့် မစိုက်ပျိုးမြေ ၇၀၁၉၅၄ ဧကရှိသည်ဖြစ်ရာမြေလက္ခဏာ၊ မြေအမျိုးအစားအနေဖြင့် စုစုပေါင်းဧရိယာတွင် လယ်မြေနှင့် နုန်းပေါက်လယ်မြေ ၁၁ ဒသမ ၇၈ ရာခိုင်နှုန်း၊ နီညိုတောမြေ ၇ ဒသမ၄၁ ရာခိုင်နှုန်း၊ တောင်ပေါ်မြေနီများ၈၀ ဒသမ ၁၁ ရာခိုင်နှုန်း၊ ချောင်း၊ မြောင်းများ ၀ ဒသမ ၇၀ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရသည်။ အဆိုပါ အမျိုးအစားအလိုက် လယ်မြေနှင့် နုန်းပေါက်လယ်မြေတို့မှာမြေစေး၊ သဲမများဖြင့် မြေသားဖွဲ့စည်းမှုရှိခြင်း၊ အာဟာရဓာတ်(N,P,K)များသင့်တင့်စွာပါဝင်နေခြင်း၊ မြေချဉ်၊ ငန်ဓာတ်မှာ (၆ မှ ၈) အတွင်းရှိနေခြင်းကြောင့် မြေယာအသုံးချနိုင်မှုတွင်လယ် အဖြစ်စိုက်ပျိုးဆောင်ရွက်ကြသည်။

တောင်ပေါ်မြေနီအများစုမှာသဲသမမြေနှင့် ကျောက်စရစ်၊ ကျောက်ခဲအရောများဖြင့် မြေသားဖွဲ့စည်းတည်ရှိနေခြင်း၊ အာဟာရဓာတ်ပါဝင်မှုတွင် N(နိုက်ထရိုဂျင်) အသင့်အတင့်ပါဝင်ပြီး P (ဖော့စဖရပ်)ပါဝင်မှုမှာနိမ့်ကျလျက် K(ပိုတက်စီယမ်) ပါဝင်မှုများခြင်း၊ မြေချဉ် / ငန်ဓာတ်မှာ (၅ မှ ၆)အတွင်းရှိနေခြင်းကြောင့် သစ်တော၊ သစ်ပင်များထူထပ်စွာပေါက်ရောက်နေပြီး တောင်ပေါ်ဒေသနေထိုင်သူများကရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းကို ဆောင်ရွက်ကြသည်။ အမှန်ဆိုရပါလျှင် ကယားပြည်နယ်ရှိမြေဧရိယာစုစုပေါင်း ၇၀ ရာခိုင်နှုန်းခန့်သည် မြေရိုင်း၊ တောရိုင်းနှင့် ကြိုးပြင်ကာကွယ်တောများကြောင့် သဘာဝအရင်းအမြစ်များပျက်စီးမှုလွန်စွာနည်းပါးနေသေးကြောင်း တွေ့ရသည်။

ကယားပြည်နယ်အတွင်းမိုးရွာသွန်းမှုအခြေအနေမှာပုံမှန်မိုးရေချိန်လက်မ ၃၈ ဒသမ ၉၁ " နှင့် မိုးရွာရက် ၈၀ ရှိပြီးအနိမ့်ဆုံးအပူချိန် ၃ ဒသမ ၅ ˚C မှ အမြင့်ဆုံးအပူချိန်၃၇ ဒသမ ၈ ˚C အထိရှိသည်။ ထို့ကြောင့်ပင် ဒေသရေမြေ၊ ရာသီဥတုနှင့်ကိုက်ညီသော သီးနှံများကိုနွေ၊ မိုး၊ ဆောင်းရာသီအလိုက်စိုက်ပျိုးကြသည်။ စိုက်ပျိုးသော သီးနှံများမှာမိုးစပါး(လယ်၊ယာ၊တောင်ယာ)၊ နွေစပါး၊ အစေ့ထုတ်ပြောင်း(ဖူးစားပြောင်း၊ နှံစားပြောင်း)၊ ပဲမျိုးစုံသီးနှံ(ပဲကြား၊ ပဲလွမ်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ပဲပုပ်၊ ပဲစင်းငုံ)၊ ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ) စားဖိုဆောင်သီးနှံ (ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ငရုတ်သီး)၊ ဟင်းသီးဟင်းရွက်(ဖရုံ၊ သခွား၊ ဘူး၊ မုန်ညင်း၊ မုန်လာ၊ ဂေါ်ဖီထုပ်၊ ပဲတောင့်ရှည်၊ ခရမ်းချဉ်သီး)စသည်တို့ ဖြစ်ပြီးနှစ်ရှည်သီးနှံပင်များဖြစ်သောကော်ဖီ၊ လက်ဖက်၊ တညင်း၊ သရက်၊ လိုက်ချီး၊ နဂါးမောက်စသည်တို့လည်း စိုက်ပျိုးဖြစ်ထွန်းကြောင်း တွေ့ရသည်။

ဒေသရေမြေနှင့်ကိုက်ညီဖြစ်ထွန်းသောကြောင့် ဥတုသုံးပါးစလုံးတွင် တစ်သီး၊ နှစ်သီး၊သုံးသီးစားအထိစိုက်ပျိုးကြသော်လည်းတိုးတက်ခေတ်မီသောစိုက်နည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့်များ သုံးစွဲမှုများနည်းပါးနေခြင်းကြောင့် အထွက်နှုန်းလည်းလျော့နည်းနေသေးသည်။ ခြုံငုံသုံးသပ်ကြည့်ပါလျှင်- မြို့နှင့်အလှမ်းမဝေးသော ၊ သွားလာရေးလွယ်ကူသော ၊ ငွေအရင်းအနှီး စိုက်ထုတ်နိုင်သော၊ မြေကေပိုင်ဆိုင်မှုအတန်အသင့်ရှိသောတောင်သူများမှလွဲ၍ လယ်ယာမြေကေပိုင်ဆိုင်မှုနည်းပါးသော တောင်သူအများစုသည်(အထူးသဖြင့်တောင်ပေါ်ဒေသများ)မိသားစုဝမ်းရေး ဖူလုံရုံအတွက်သာကျေနပ်ရောင့်ရဲမှုရှိခြင်း၊ ဒေသတစ်ခုအတွင်းမှာပင် သွားလာရေးကန့်သတ်မှုရှိနေသဖြင့် ကုန်စည်ရောင်းဝယ်ဖောက်ကားမှုများမချောမွေ့သေးသဖြင့် စိုက်ပျိုးထွက်ရှိသမျှသော သီးနှံများအတွက်ခိုင်မာသောဈေးကွက်မရှိသေးခြင်း၊ မိရိုးဖလာအစဉ်အလာဓလေ့ထုံးစံများအတိုင်း စိုက်ပျိုးနေခြင်း၊ လုပ်အားခဈေးနှုန်း ကြီးမြင့်ပြီးလယ်ယာလုပ်သားရှားပါးမှုရှိခြင်း၊ စိုက်ပျိုးရေးဆိုင်ရာအသိပညာဗဟုသုတ များကိုကျယ်ကျယ်ပြန့်ပြန့်မသိရှိသေး ခြင်းတို့သည် ဒေသခံတောင်သူများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည် ။

ထိုစိန်ခေါ်မှုများကိုကျော်လွှားနိုင်မှသာလျှင် တောင်သူများ၏ အဓိက အသက်မွေးဝမ်းကျောင်းဖြစ်သည့် လယ်ယာလုပ်ငန်းများပိုမိုတိုးတက်လာပြီးဒေသဖွံ့ဖြိုးရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းဖော်ဆောင်နိုင်ပေမည်။ သို့ဖြစ်ရာ လေ့လာတွေ့ရှိချက်များအရ ကယားပြည်နယ်ရှိ (မြေအမျိုးအစားမှာလယ်မြေ၊ မြေနီသဲဝန်း၊ သစ်တော၊ ချောင်း/မြောင်း)ဟူ၍လေးမျိုးဖြစ်ပြီးမြေအများစုမှာမိုးရွာပြီးချင်းရေမတင်(ခြောက်သွေ့မှုလျင်မြန်)၊ အစိုဓာတ်ထိန်းသိမ်းမှုအားနည်းပြီးတောင်ပေါ် ဒေသရှိမြေများတွင် မိုးရေနှင့်အတူအပေါ်ယံမြေဆီလွှာများပါသွားသည့်အတွက် အချိန်ကြာလာသည်နှင့်အမျှ မြေသားဖွဲ့စည်းတည်ဆောက်မှုမှာ အချဉ်ဓာတ်ဘက်သို့ တဖြည်းဖြည်းကူးပြောင်းလာနိုင်သော်လည်း သဘာဝတရားကြီး၏မျက်နှာသာပေးမှုအရ တောင်ပေါ်ဒေသတွင် သစ်ပင် / သစ်တောများထူထပ်စွာပေါက်ရောက်နေသည့်အတွက် ရာသီစက်ဝန်းများအလိုက် ကြွေကျနေသောသစ်ရွက်၊သစ်ခက်များမှ မြေဆီသြဇာများပြန်လည်ဖြည့်ဆည်းပေးသလိုဖြစ်နေသောကြောင့် မြေဆီလွှာပျက်စီးမှုမများပြားသေးကြောင်း တွေ့ရသည်။ ထို့အပြင် တောင်သူအများစုသည် ဓာတ်မြေသြဇာနှင့် ဓာတုပိုးသတ်ဆေးများသုံးစွဲမှုနည်းပါးသောကြောင့်လည်း ပျက်စီးမှုနည်းပြီးမြေတွင်းအာဟာရဓာတ်များ ကျန်သင့်သလောက်ကျန်ရှိနေခြင်းဖြစ်ပေရာ ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်သည်။ မြေဆီလွှာကိုထိခိုက်ပျက်စီးဆုံးရှုံးစေသော အဓိကအကြောင်းအရင်းမှာ ရာသီဥတုနှင့် မှားယွင်းသောစိုက်ပျိုးနည်းစနစ်များကြောင့်ဖြစ်လေရာ အခြေခံနည်းလမ်းသုံးသွယ်ဖြစ်သော စိုက်ပျိုးနည်းပညာများဖြင့် ကာကွယ်ခြင်း၊ မြေဆီလွှာထိန်းသိမ်းနည်းစနစ်များဖြင့် ကာကွယ်ခြင်း၊ သဘာဝပေါက်ပင်များဖြင့် ကာကွယ်ခြင်းဖြင့် ကုစားနိုင်ပေသည်။ အထူးသဖြင့် တောင်ယာမြေနှင့် ယာမြေများတွင် အောက်ပါနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်သွားရမည်ဖြစ်သည်။



ကုန်းမြင့်လယ်ယာ လှေကားထစ်စိုက်ခင်းကိုတွေ့ရစဉ်

- ရွှေ့ပြောင်းတောင်ယာစနစ်မှ အမြဲတမ်းတောင်ယာစနစ်ဖြင့် စနစ်တကျစိုက်ပျိုးထုတ်လုပ်ခြင်း၊
- အမြဲတမ်းတောင်ယာစနစ်ကိုစနစ်တကျဆောင်ရွက်ပြီး မြေဆီလွှာထိန်းသိမ်းနိုင်သည့် ပဲမျိုးစုံ(ပဲတီစိမ်း၊ မတ်ပဲ၊ ပဲပုပ်၊ ပဲစင်းငုံ) များကိုနှစ်စဉ်ပါဝင်သည့် သီးနှံပုံစံဖြင့် စိုက်ပျိုးခြင်း၊
- လှေကားထစ်လယ်ယာ(ကုန်းမြင့်လယ်ယာ)များဖော်ထုတ်တိုးချဲ့စိုက်ပျိုးခြင်း၊
- ကုန်းမြင့်လယ်ယာမဖော်ထုတ်နိုင်သော တောင်ယာများတွင် စိုက်ပျိုးမြေကိုကန့်လန့်ဖြတ်ထွန်ယက်စိုက်ပျိုးခြင်း၊
- တောင်ယာများတွင် သီးနှံစိုက်ပျိုးသည့်အခါ သင့်တော်သောလေကာပင်များကိုစနစ်တကျစိုက်ပျိုးခြင်း(ဥပမာ-ငှက်ပျော၊သဘော်၊ သရက်၊ ထောပတ် စသဖြင့်)
- လယ်ယာသစ်တောများတည်ထောင်ခြင်း(သီးနှံနှင့် သစ်တောရောနှော စိုက်ပျိုးခြင်း)
- သစ်သီးဝလံဥယျာဉ်များတွင် သီးနှံပင်များရောနှောစွာစိုက်ပျိုးခြင်း (တန်းကြားတွင် ဝဥ၊ ပိန်းဥ၊ ချင်း၊ နနွင်း၊ ပဲတီစိမ်း၊ ပဲပုပ်များ စိုက်ပျိုးခြင်း)
- ဥယျာဉ်စိုက်ပျိုးခြင်းနှင့် မွေးမြူရေးကိုတွဲဖက်ဆောင်ရွက်ခြင်း(ကြက်၊ (ငှက်၊ ကျွဲ၊ နွားစသည်တို့ကိုခြံလှောင်စနစ်ဖြင့် မွေးမြူခြင်း)

သို့ဖြစ်ရာ ပြောင်းလဲလာသောရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်မည့် သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးရေး၊ ရာသီဥတုနှင့် သီးနှံဈေးကွက်သတင်းများအချိန်မီသိရှိနိုင်ရေးအတွက် နည်းပညာဖလှယ်ရေး၊ လယ်ယာစိုက်ပျိုးသီးနှံများ အထွက်နှုန်းပိုမိုတိုးတက်ထွက်ရှိစေရေးတို့ကို ပူးပေါင်းဆောင်ရွက်ပေးရမည့် တောင်သူပညာပေးလုပ်ငန်းများနှင့် လုပ်ငန်းများကိုအသက်ဝင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရသောစိုက်ပျိုးရေးဝန်ထမ်းများ၏ အခန်းကဏ္ဍမှာလည်း အရေးကြီးပေသည်။ တောင်သူများ၊ စိုက်ခင်းများရှိရာကျေးရွာဒေသအရောက် ဖော်ပြခဲ့ပြီးသောသဘာဝအရင်းအမြစ်များကို ထိန်းသိမ်းဆောင်ရွက်ကာကွယ်ခြင်းနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာများအား ကွင်းဆင်းပညာပေးဆောင်ရွက်ခြင်းကိုဌာနအနေဖြင့် သာမက ပြည်နယ်အတွင်းရှိ NGO အဖွဲ့အစည်းများဖြင့်လည်း ပူးပေါင်းလုပ်ဆောင်ရပေသည်။

ဌာနမှ စိုက်ပျိုးပညာပေးဝန်ထမ်းများကလိုအပ်သောနည်းပညာများကိုရုပ်ပုံကားချပ်များ၊ လက်ကမ်းစာစောင်များ၊ မှတ်စုစာအုပ်များအပြင် ရှင်းရှင်းလင်းလင်းလွယ်ကူနားလည်သဘောပေါက်နိုင်ရန် White Board များတွင် ရေးဆွဲပြသခြင်း၊ အမူအရာဖြင့် ပေါ်လွင်အောင်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးရသည်။ မြန်မာစကားနားမလည်သောအချို့ တိုင်းရင်းသားတောင်သူများကိုဒေသခံများအကူအညီဖြင့် ရှင်းလင်းသင်ကြားကြရသည်။ အဖွဲ့အစည်းများက လိုအပ်သောသင်ထောက်ကူပစ္စည်းများဖြစ်သည့် ပျိုးပင်၊ မျိုးစေ့၊ သွင်းအားစုစသည်တို့အပြင် နေ့တွက်စရိတ်၊ စားစရိတ်များ ထောက်ပံ့ပေးသည်။အချို့ဝေးလံခေါင်သီသောကျေးရွာများသို့ အဖွဲ့အစည်းမှ မော်တော်ယာဉ်များဖြင့် သွားရောက်ကြရသည်။ ၎င်းတို့နေထိုင်ရာဒေသအရောက် ပညာပေးဆွေးနွေးလာသောဝန်ထမ်းများကိုဒေသခံတိုင်းရင်းသားတောင်သူများကဝမ်းသာအားရကြိုဆိုလျက် စိတ်ပါဝင်စားစွာနားထောင်ကြသည်။ သိလိုသမျှမေးမြန်းပြီး ၎င်းတို့၏ အခက်အခဲ၊ ပြဿနာများကိုလည်းပွင့်ပွင့်လင်းလင်း(?)ကူညီပါရန် ဆွေးနွေးကြသည်။ မိရိုးဖလာဓလေ့များမှ ခေတ်မီနည်းစနစ်များသို့ ပြောင်းလဲတိုးတက်လာစေရေးအတွက် အချိန်တစ်ခုကိုကျော်ဖြတ်ရပေမည်။ ၎င်းတို့ထံ မကြာမကြာသွားရောက်၍ ရင်းနှီးကျွမ်းဝင်မှုရယူကာ စည်းရုံးပညာပေးရန် လိုအပ်သည်။

ထို့အပြင် တောင်သူပညာပေးလုပ်ငန်းများဖြစ်သောစမ်းသပ်ကွက်၊ စံပြကွက်များ၊ သရုပ်ပြပွဲများကိုသီးနှံအလိုက်ရာသီချိန်ခါအလိုက် ဆောင်ရွက်ပြသခြင်း၊ တွေ့ဆုံဆွေးနွေးပွဲများ၊ ပညာပေးသင်တန်းများကိုကျေးရွာအရောက် ဖွင့်လှစ်သင်ကြားပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ ပြဿနာများကိုအဖြေရှာဆွေးနွေး ကူညီဆောင်ရွက်ပေးခြင်းသာမကနေ့စဉ်နှင့်အမျှ တိုးတက်လာသောလူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေးသည် ပိုမိုလိုအပ်လာနေပြီဖြစ်သည့်အလျောက် ရေရှည်တည်တံ့သောစိုက်ပျိုးထုတ်လုပ်မှုနည်းပညာများကိုအသုံးပြု၍ အထွက်နှုန်းတိုးတက်ရေးကိုတောင်သူများ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးပညာပေးဝန်ထမ်းများအနေဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်ရပေမည်။ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားမှသာ လယ်ယာစီးပွားရေးလုပ်ငန်းများ တိုးတက်လာပြီး **ဒေသဖွံ့ဖြိုးရေး**ကို ပိုမိုမြင့်တက်လာစေပါမည်။ သို့ဖြစ်၍ **စိုက်ပျိုးပညာပေးစွမ်းအားမြင့်မားရန်** လိုအပ်ပါသည်။

သို့မှသာအားလုံးပါဝင်ပြီးနိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ်ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝပြီးကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူဖြစ်စေရန်ဟူသည့် လယ်ယာကဏ္ဍမူဝါဒ၏ မျှော်မှန်းချက်အတိုင်းလျှောက်လှမ်းနိုင်မည်ဖြစ်ပါကြောင်းတိုက်တွန်းရေးသားလိုက်ရပါသည်။

# ရှုမောဖွယ်ရာတောင်ပြာတန်းပေါ်က ထင်းရှူးရနံ့လှိုင်လှိုင်သင်းပျံ့သည့် ဖလမ်းမြို့



ချင်းပြည်နယ် ဖလမ်းမြို့သည် ပင်လယ်ရေမျက်နှာပြင်အမြင့် ၅၂၈၀ ပေ မြင့်သော ထင်းရှူးရနံ့များလှိုင်လှိုင်သင်းသည့် ရှုမောဖွယ်ရာဇန်ကာအိုတောင်ပြာတန်းကြီးပေါ်တွင်တည်ရှိသည်။ မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၅၀ မိနစ်မှ ၂၃ ဒီဂရီ ၂၀ မိနစ်အကြားနှင့် အရှေ့လောင်ဂျီကျူ ၉၃ ဒီဂရီ ၂၀ မိနစ်မှ ၉၄ ဒီဂရီ ၈၀ မိနစ်အကြားတွင် တည်ရှိလျက် အရှေ့မှအနောက်သို့ ၄၀ မိုင်၊ တောင်မှမြောက်သို့ ၂၂ မိုင်ခန့်နှင့် ဧရိယာစတုရန်းမိုင် ၉၁၄ ဒသမ ၈၇ မိုင်ခန့်ရှိကာ ၅၈၅၅၁၄ ဧက ကျယ်ဝန်းကြောင်း သိရသည်။

ဖလမ်းမြို့တည်ရာ ဇန်ကာအိုတောင်ပြာတန်းကြီးသည် ၁၈၈၉ ခုနှစ်တွင် ဗြိတိသျှတို့က စတင်စခန်းချအသုံးပြုသည့်တောင်တန်းကြီးဖြစ်သည်။ ၁၈၉၂ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း ဗြိတိသျှတို့က ယခုဗလိုင်ရပ်ကွက်မြေနေရာတွင် စစ်စခန်းနှင့် အုပ်ချုပ်ရေးဌာန စတင်တည်ထောင်လျက် ဖလမ်းမြို့ဟုခေါ်ဝေါ်အသုံးပြုခဲ့သည်။ ဗြိတိသျှစစ်ဗိုလ် Major Browne ကအုပ်ချုပ်ခဲ့ပြီး နောက်ပိုင်းတွင် ယခင် ချင်းဝိဒေသတိုင်း၏ မြို့တော်အဖြစ် သတ်မှတ်ခဲ့သည့်မြို့ဖြစ်သည်။

ယခုနှစ် ဇွန်လတွင် ဖလမ်းမြို့တည်ထောင်သည်မှာ နှစ်ပေါင်း ၁၂၅ နှစ်တိတိပြည့်ပြီးဖြစ်ကာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ဖလမ်းမြို့တည်သည့် သက်တမ်း (၁၂၅) နှစ်ပြည့်၊ ဖလမ်းပြည်သူ့ဆေးရုံနှစ် (၁၀၀) ပြည့်၊ ဖလမ်းမြို့နယ်ခန်းမနှစ် (၁၀၀) ပြည့် အထိမ်းအမှတ်များကိုလည်း စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော်ကိုယ်တိုင် တက်ရောက်အားပေးချီးမြှင့်ခဲ့သည်။ ဖလမ်းမြို့တွင် ယခုအချိန်ထိ အဆောက်အအုံနှင့် အိမ်ခြေ ၁၁၄၁ ခန့်နှင့် လူဦးရေ ၉၀၉၈ ကျော်နေထိုင်ကြသည်။ ချင်းမျိုးနွယ်စု ၁၁ စုတို့ စည်းလုံးညီညွတ်စွာနေထိုင်ကြသည့်မြို့ဖြစ်ပြီး ဖလမ်းခရိုင်ရုံးစိုက်ရာမြို့လည်းဖြစ်သည်။ ဌာနဆိုင်ရာရုံးများနှင့် လူမျိုးပေါင်းစုံဝန်ထမ်းများ နေထိုင်သည့် မြို့ကြီးလည်း ဖြစ်သည်။

ဖလမ်းမြို့နယ်အတွင်း ကျေးရွာပေါင်း ၁၆၀ ရွာ၊ မြို့နယ်ရှိလူဦးရေ ၃၂၇၂၆ ဦးရှိကာ မြို့အနီးအနားရှိ ကျေးရွာများမှ စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်မျိုးစုံကို ဖလမ်းမြို့နေပြည်သူများက သန့်ရှင်းလတ်ဆတ်စွာ ဝယ်ယူစားသုံးနိုင်ကြပြီး သောက်သုံးရေအတွက် တောတောင်များကြားမှ ထွက်ရှိသော သဘာဝစိမ့်စမ်းရေများကိုသာ အသုံးပြုလျက် ယခုအချိန်တွင်မဟာဓာတ်အားလိုင်းမှ ၂၄ နာရီ လျှပ်စစ်မီးရရှိသဖြင့် ပြည်သူများနေထိုင်မှု အဆင်ပြေ၍ လေကောင်းလေသန့်၊ ရေကောင်းရေသန့်များခံစားရရှိကာ အလွန်သာယာပျော်ရွှင်စရာကောင်းလှသည့် မြို့ဖြစ်သည်။

ဖလမ်းမြို့သည် ဇန်ကာအိုတောင်ပြာတန်းကြီးပေါ်မှ ပေါက်ရောက်သည့်ထင်းရှူးပင်များကြားမှ ထင်းရှူးရနံ့များလှိုင်လှိုင်သင်းခြင်း၊ ဆောင်းရာသီတွင်တစ်မြို့လုံးနေရာအနှံ့ ချယ်ရီပန်းများ ဝေဝေဆာဆာ ဖူးပွင့်လျက်ရှိခြင်း၊ စိန်ပန်းနီနှင့် စိန်ပန်းပြာများဖြင့် ရာသီအလိုက် မြို့အလှတန်ဆာဆင်ခြင်း၊ တောတောင်တစ်လျှောက်ရှိ အပင်ကြီးများတွင် သစ်ခွပန်းအလှမျိုးစုံနှင့် ပြည့်စုံခြင်းတို့ကြောင့် ဖလမ်းမြို့သည် နေချင်စရာကောင်းလှသည့် မြို့ဖြစ်သည်။

ယခုအချိန်တွင် နိုင်ငံတော်အစိုးရက မြို့သာယာလှပရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေးအပြင် ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဘက်စုံ၊ ကဏ္ဍစုံပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ဖလမ်းမြို့နယ်အတွင်း ကျေးလက်ဒေသများပါ မကျန် မကြာမီကာလတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

# ဒလမြို့နယ်အတွင်းရှိ ကျေးရွာပေါင်းလေးရွာ ၂၄ နာရီ မီးထပ်မံရရှိ

**ဒလ ဇွန် ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒလမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ကျေးလက်ဒေသမီးလင်းရေးအတွက် တည်ဆောက်သော ၆ ဒသမ ၆ကေဗွီဓာတ်အားလိုင်း၊ ဗို့ ၄၀၀ ဓာတ်အားလိုင်းတည်ဆောက်ခြင်းနှင့် ၂၀၀ ကေဗွီအေထရန်စဖော်မာ တည်ဆောက်ခြင်းများပြီးစီး၍ တုံတင်ကန်(တောင်) ကျေးရွာအုပ်စုရှိ ရေတံခါးကျေးရွာ၌ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၄ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီး အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်ကျော်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေတံခါးကျေးရွာတွင် အိမ်ခြေ ၁၂၀၊ လူဦးရေစုစုပေါင်း ၃၈၀ ခန့်ရှိပြီး ဒေသခံပြည်သူများနှင့် ဆက်စပ်ကျေးရွာများပါ လျှပ်စစ်မီး ၂၄ နာရီ ရရှိအသုံးပြုနိုင်တော့မည်ဖြစ်သည်။ ကျေးရွာများ လျှပ်စစ်မီးရရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၂၅၀၀ ဖြင့် ရေတံခါးကျေးရွာ၊ ချောင်းဦးကျေးရွာ၊ ရခိုင်ချောင်(တောင်)ကျေးရွာနှင့် ရခိုင်ချောင်(မြောက်) ကျေးရွာလေးရွာတို့အား လျှပ်စစ်မီးရရှိရေးလုပ်ငန်းများနှင့် မြို့ပေါ်ရှိ ရပ်ကွက်များအတွင်း၌ ဆွေးမြည့်သစ်သားတိုင်၊ သံတိုင်အစား ကွန်ကရစ် ကျောက်တိုင် ၁၆၀ အား လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

**နိုင်လင်းကျော်**




**ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် တောင်မြန်အောင်တိုးချဲ့ကြိုးဝိုင်း အကွက်အမှတ် (၂၀) ၌ ဇွန်လတတိယပတ်က စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ ဧရာဝတီဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ သစ်ပင်များ စိုက်ပျိုးကြစဉ်**

ဌေးမင်း

# မုံရွာမြို့ သာယာလှပရေး၏အဓိကကျသော ကန်သာယာကန် သန့်ရှင်းလှပရေးလုပ်ငန်းဆောင်ရွက်

**မုံရွာ ဇွန် ၂၆**



မုံရွာမြို့ သာယာလှပရေးအတွက် အဓိကအရေးပါသော မုံရွာကန်သာယာကို မြို့လူထုနှင့် လက်တွဲကာ ဇွန်၂၃ ရက်မှစတင်၍ ဖြန်းစုပ်စက်ဖြင့် ရေအောက်ကန်ကြမ်းပြင်မှ ကျောက်သဲရွှံ့နှင့် အနည်ထိုင်နေသည်များကို စုပ်ထုတ်နေသည်ကိုတွေ့ရသည်

ကန်သာယာအတွင်းမှ ဘုရားကျွန်း၊ ရွှေလိမ္မော်ကျွန်း၊ ကုက္ကိုကျွန်းနှင့်ကျောက်တိုင်ကျွန်းတို့ကိုချန်၍ကျန်သောအမှိုက်သရိုက်အပါအဝင်ဗေဒါနှင့်ကန်အတွင်း အသုံးမပြုသည့် လမ်းပေါင်များကို ဖြိုဖျက်ရှင်းလင်းကာ ဧရိယာကျယ်၍ သန့်ရှင်းသောကန်ကြီးဖြစ်အောင် ပထမအဆင့်အနေဖြင့် စတင်ဆောင်ရွက်နေခြင်းဖြစ်သည်။ ထိုသို့ စတင်လုပ်ဆောင်နေခြင်းကို ဇွန် ၂၄ ရက်က တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဦးမြင့်ကြည် လာရောက်ကြည့်ရှုကာ လိုအပ်သည်များကို မြို့မိမြို့ဖများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး အစိုးရက မုံရွာမြို့ သာယာလှပရေးအတွက် လုပ်ငန်းကြီး ၁၀ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ ကန်သာယာလှပရေး၊ ညောင်ကိုင်းအင်း သာယာလှပရေး၊ အိုးဘိုတောင် သုသာန်ဖျက်သိမ်းရေးများကို စတင်လုပ်ဆောင်နေပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက်ကော်မတီ အဖွဲ့ ခွဲများဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီး ဦးမြင့်ကြည်က ပြောကြားသည်။

**မျိုးဝင်းထွန်း-မုံရွာ**

# ကမ္ဘာ့အိုလံပစ်နေ့အထိမ်းအမှတ်စက်ဘီးစီးပြိုင်

**မြစ်ကြီးနား ဇွန် ၂၆**

ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနကြီးကြပ်မှုဖြင့် NORTHERN GREEL BIKE နှင့် MYITKYINA X RIDER စက်ဘီးစီးအဖွဲ့တို့ ပူးပေါင်းပြုလုပ်သော ကမ္ဘာ့အိုလံပစ်နေ့အထိမ်းအမှတ် အမျိုးသားနှင့် အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို မြစ်ကြီးနားမြို့တွင် ဇွန် ၂၄ ရက်က ကျင်းပခဲ့ရာ မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ စတင်ထွက်ခွာခဲ့ကြပြီး ယင်းနေရာတွင် ပြန်လည်ပန်းဝင်ခဲ့ကြသည်။

ပြိုင်ပွဲ၌ အသက် (၄၀) အောက် အမျိုးသမီးခြောက်ဦး၊ အသက် (၄၀) အထက်နှင့် အသက် (၄၀) အောက် အမျိုးသား ၅၈ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# စည်းကမ်းမဲ့ ဆိုင်ကယ်နှင့် သုံးဘီးယာဉ်များအရေးယူ

**စလင်း ဇွန် ၂၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် စည်းကမ်းပျက် ဆိုင်ကယ်နှင့်သုံးဘီးယာဉ်များကို ဖမ်းဆီးအရေးယူလျက်ရှိသည်။ စလင်းရဲတပ်ဖွဲ့က ယာဉ်အန္တရာယ်၊ လမ်းစည်းကမ်းနှင့် ဆောင်ရန်ရှောင်ရန်များကို လူနေထူထပ်သောနေရာများ၊ စာသင်ကျောင်းများနှင့် ကျေးရွာအုပ်စုများအထိသွားရောက်ကာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးခဲ့သည်။ သို့သော် ဆိုင်ကယ်နှင့် သုံးဘီးစီးနင်းသူများသည် စည်းကမ်းလိုက်နာမှု အားနည်းလျက်ရှိသောကြောင့် ပြည်သူများ ယာဉ်အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ယာဉ်စည်းကမ်းမလိုက်နာသူများကို ဇွန် ၁၀ ရက်မှ စတင်၍ ဖမ်းဆီးအရေးယူလျက်ရှိရာ ဇွန် ၂၂ ရက်အထိ စည်းကမ်းပျက် မော်တော်ဆိုင်ကယ် ၃၂ စီး၊ သုံးဘီးယာဉ်ခြောက်စီးကို ဖမ်းဆီးပြီး တရားရုံးသို့တရားစွဲတင်ပို့ခဲ့သည်။ ထိုသို့ ဆောင်ရွက်သဖြင့် ယာဉ်တိုက်မှုနှင့် စည်းကမ်းမလိုက်နာမှုများ တစ်စထက်တစ်စ လျော့လာကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ကင်းဆိပ်ကျေးရွာဓမ္မစကူးလ်သင်တန်းဖွင့်

**တောင်ငူ ဇွန် ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကင်းဆိပ်ကျေးရွာ ဗြဟ္မဝိဟာရဘုန်းတော်ကြီးကျောင်းတွင် ဇွန် ၂၄ ရက်က ဓမ္မစကူးလ်ဖွင့်ပွဲ ကျင်းပရာ မြို့နယ်ဓမ္မစကူးလ်ကော်မတီ၏ နာယကဆရာတော်၊ ခရိုင်ကော်မတီဥက္ကဋ္ဌ ဆရာတော်၊ မြို့နယ်ဓမ္မစကူးလ်ကော်မတီ ဥက္ကဋ္ဌဆရာတော်၊ အတွင်းရေးမှူးဆရာတော်နှင့် ရပ်/ကျေး သံဃနာယက ဆရာတော်များ၊ ဆရာ ဆရာမများ၊ အလှူရှင်များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ အဆိုပါဓမ္မစကူးလ်ကို စနေနေ့တိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ မိုဘိုင်းဓမ္မစကူးလ်ဆရာတော် ဦးကုမုဒ ဦးဆောင်၍ ဓမ္မစကူးလ်ဆရာ ဆရာမများမှ တစ်နှစ်ပတ်လုံး သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၄၈)

## မူခင်းအသိပညာပေးဆွေးနွေး

**မော်လမြိုင် ဇွန် ၂၆-** မွန်ပြည်နယ် ရဲတပ်ဖွဲ့မှ ရဲမှူးကြီးဘိုဘိုဦးနှင့် မုဒုံမြို့နယ်ရဲမှူးမြအောင် ဦးဆောင်သော မှုခင်းအသိပညာပေး ပြခန်းမော်တော်ယာဉ်သည် မုဒုံမြို့နယ် ကမာဝက်မြို့ အထက(ကမာဝက်)ကျောင်းသို့ သွားရောက်ပြီး ဇွန် ၂၁ရက်က မှုခင်းအသိပညာပေးဟောပြောခဲ့ရာ ဟောပြောပွဲတွင် သက်ငယ်မုဒိမ်းမှုများ၊ မူးယစ်ဆေးဝါးမှုခင်းများ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ၊ လူကုန်ကူးခံရခြင်းများနှင့်ပတ်သက်သောမှုခင်းများ ဟောပြောခဲ့ကြကြောင်း သိရသည်။

**မော်လမြိုင်(ကိုယ်ပွား)**

## ပင်လယ်ကမ်းခြေမှ သဲများတူးယူနေမှုကို တားမြစ်ပေးစေလို

**ဟိုင်းကြီးကျွန်း ဇွန် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့အမှတ်(၃)ရပ်ကွက်တွင် ပင်လယ်ကမ်းစပ်အနီး သဲသောင်ပြင်မှ သဲများကို အဆောက်အအုံဆောက်လုပ်ခြင်း၊ လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အကန့်အသတ်မရှိ တူးယူ၍ ကား၊ ဒိန်းဒေါင်းများဖြင့် သယ်ယူလျက်ရှိရာ ဒေသခံပြည်သူများက သဘာဝဘေးအန္တရာယ်အတွက် စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

ဒေသခံရေလုပ်သားတစ်ဦးက " ဒီနေ့ ကမ်းခြေမှာ သောင်ပြင်အဖြစ်မြင်တွေ့ရတဲ့နေရာကို နောက်နေ့မှာ ထပ်တွေ့ချင်မှတွေ့ရတာ။ တစ်ဖက်ကကမ်းပြို၊ တစ်ဖက်က သောင်ထွန်းဆိုသလိုပေါ့ဗျာ" ဟု ပြောသည်။

ပင်လယ်ရေလှိုင်း ရိုက်ခတ်၍ သောင်ကမ်းပါးများ ပြိုကျ၍နေအိမ်နှင့် နီးကပ်လာမှုကြောင့် ကြိုတင်ပြောင်းရွှေ့နေကြသော အိမ်ထောင်စုများရှိနေသကဲ့သို့ ယခုမိုးတွင်းကာလအတွင်း အန္တရာယ်ရှိနေသောနေအိမ်များ ရှိနေသေးကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပင်လယ်ကမ်းစပ်မှနေ၍ အနောက်ဘက် ဆယ်ပေခန့်ရှိသော သဲသောင်ပြင်မှသဲများကို တူးယူနေကြရာ မိုးတွင်းကာလဖြစ်သောကြောင့် ရေအိုင်များဖြစ်နေပြီး ရာသီဥတုအခြေအနေများကြောင့် သဲတူးသည့်နေရာများသို့ ပင်လယ်ရေဝင်ရောက်သွားပါက ယင်းနှင့်ဆက်စပ်လျက်ရှိသော ရိုးချောင်းများ၊ ချောင်းငယ်များမှတစ်ဆင့် ရပ်ကွက်အတွင်း ပင်လယ်ရေများ ဝင်ရောက်လာမည်ကို ဒေသခံများ စိုးရိမ်နေခြင်းဖြစ်သည်။

အချို့သော သဲတူးသူများသည် ကမ်းခြေတစ်လျှောက် သဲခုံများရှိရာနေရာများကို ရှာဖွေတူးယူလျက်ရှိပြီး ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် သဲတူးခြင်းလုပ်ငန်းကိုခွင့်ပြုထားမှုမရှိကြောင်းနှင့် သဲမတူးရန်တားမြစ်သည့်ကြားမှ လိုက်နာဆောင်ရွက်မှုမရှိသည့်အတွက် ကိုင်တွယ်ဖြေရှင်းရန်ခက်ခဲနေကြောင်း အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူးကပြောသည်။

ဟိုင်းကြီးကျွန်းမြို့ရှိ ဒေသခံပြည်သူများသည် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အတွေ့အကြုံများရှိထားပြီးသူများဖြစ်၍ သောင်သဲတူးယူခြင်းလုပ်ငန်း၏ နောက်ဆက်တွဲပြဿနာများကို ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း**





## လယ်ယာထွက်ကုန် တင်ပို့မှုမှ ကန်ဒေါ်လာ ၃ ဒသမ ၂၈၀ သန်းကျော် ရရှိရန်လျာထား

**နေပြည်တော် ဇွန် ၂၆**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ လယ်ယာထွက်ကုန်တင်ပို့မှုမှ ကန်ဒေါ်လာသန်း ၃ ဒသမ ၂၈၀ ကျော် ရရှိရန် လျာထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက "လယ်ယာပို့ကုန်များမှာဆန်၊ ပဲမျိုးစုံ တိုးတက်တင်ပို့လာတယ်။ ပို့ကုန်မြှင့်တင်ရေးတွေလည်း ဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

လယ်ယာထွက်ကုန်များဖြစ်သည့် စပါး၊ ဆန်၊ ဆန်ကွဲ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲလွမ်းဖြူ၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယဉ်း၊ ပြောင်းသီးနှံများဖြစ်သည့် အစေ့ထုတ်ပြောင်း၊ နှံစားပြောင်း၊ နှမ်း၊ ပန်းနှမ်း၊ မြေပဲ(အခွံပါ)၊ မြေပဲဆန်၊ ရော်ဘာ၊ နှစ်ရှည်သီးနှံ၊ သရက်သီး၊ ဖရဲသီး စသည့်သစ်သီးဝလံများ၊ မီးဖိုချောင် အုပ်စုဝင် သီးနှံများဖြစ်သည့် နနွင်း၊ ချင်းစို၊ ခြောက်များကို ပြည်ပသို့ တင်ပို့နေခြင်း ဖြစ်သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ လယ်ယာထွက်ကုန်ပစ္စည်းမှာ အမေရိကန်ဒေါ်လာ သန်း ၂၇၂၃ သန်း တင်ပို့နိုင်သည့်အတွက် ပို့ကုန်တင်ပို့မှု၏ ၂၅ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး စာရင်းများမှ သိရသည်။

လယ်ယာထွက်ကုန်များမှာ ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးများ ရရှိထားသည်။ ဩစတြေးလျ၊ ဘီလာရု၊ ရုရှား၊ ကနေဒါ၊ ဆွစ်ဇာလန်၊ အိုက်စလန်၊တူရကီ၊ ဂျပန်၊ အမေရိကန်နိုင်ငံ၊ EU (၂၈) နိုင်ငံ အပါအဝင် စုစုပေါင်း(၃၉) နိုင်ငံ ဖြစ်သည်။

**ဇာလင်းသူ(AMIA)၊ ဓာတ်ပုံ- ကေဇူး(AMIA)**

## သဘာဝမြေဩဇာ၊ သဘာဝရွက်ဖျန်းဆေးနှင့် သဘာဝပိုးသတ်ဆေးများပြုလုပ်ခြင်း သင်တန်းဖွင့်

**နေပြည်တော် ဇွန် ၂၆**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရေဆင်း)၌ အာရှဒေသစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့၏ အထောက်အပံ့ဖြင့် အဖွဲ့ဝင်နိုင်ငံများအတွက် ဥယျာဉ်ခြံသီးနှံများတွင် ရေရှည်တည်တံ့သော အော်ဂဲနစ်စိုက်ပျိုးရေး နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ကာ နေပြည်တော်ကောင်စီနယ်မြေရှိ ကျေးရွာမှ တောင်သူများအား သဘာဝမြေဩဇာ၊ သဘာဝရွက်ဖျန်းဆေးနှင့် သဘာဝ ပိုးသတ်ဆေးများပြုလုပ်ခြင်း နည်းပညာသင်တန်းကို ဇွန် ၂၄ရက်က ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာထွန်းရွှေက တောင်သူများအတွက် မြေ၊ ရေ၊ စိုက်ပျိုးသီးနှံများနှင့် ယင်းတို့၏ပတ်ဝန်းကျင်တွင် ဓာတုအကြွင်းအကျန်များ လျှော့ချပေးနိုင်ရန် ရည်ရွယ်၍ ယခုသင်တန်းအား ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အော်ဂဲနစ်သီးနှံများရရှိရေးအတွက် ဓာတုကင်းလွတ်စိုက်ပျိုးနည်းစနစ်အား ရွာအလိုက် အစုအဖွဲ့များစုဖွဲ့ကာ ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံဌာနစုမှ သုတေသနပညာရှင် ဒေါက်တာမြတ်သိမ့်ကိုက သဘာဝရွက်ဖျန်းအားဆေးဖြစ်သည့် ပဲဖတ်ပုပ်ရည်ပြုလုပ်ပုံ၊ ငါးအမိုင်နိုဆေးရည် ပြုလုပ်ပုံ အဆင့်ဆင့်တို့ကို လည်းကောင်း၊ သဘာဝပိုးသတ်ဆေးများဖြစ်သည့် ငရုတ်သီးပိုးသတ်ဆေးရည် ပြုလုပ်ပုံ၊ ဆေးရွက်ကြီး ပိုးသတ်ဆေးပြုလုပ်ပုံ အဆင့်ဆင့်တို့ကို လည်းကောင်း၊ သဘာဝမြေဆွေးပြုလုပ်ပုံ အဆင့်ဆင့်တို့ကို လည်းကောင်း သင်ကြားပေးခဲ့ပြီး သဘာဝကောက်ရိုးမြေဆွေး ပြုလုပ်ခြင်း၊ အီးအမ်ကောက်ရိုး မြေဆွေးပြုလုပ်ခြင်းများအား လက်တွေ့သရုပ်ပြခဲ့သည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**



## စစ်မှုထမ်းဟောင်းနှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**စလင်း ဇွန် ၂၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် မြို့နယ်စစ်မှုထမ်းဟောင်းရုံးခန်းမ၌ ဇွန် ၂၄ ရက်က နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပခဲ့သည်။

ရှေးဦးစွာ သဘာပတိ ပ အရာခံဗိုလ် ဟန်တင်(ငြိမ်း)က အမှာစကားပြောကြားပြီး မြို့နယ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို အဖွဲ့ဥက္ကဋ္ဌ ဒုအရာခံဗိုလ် ကိုလေးငြိမ်းက ဖတ်ကြားတင်သွင်းခဲ့သည်။

ဆက်လက်၍ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ခဲ့သည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်သားသမီး ငါးဦးကို တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ စီထောက်ပံ့ပြီး အခမ်းအနားသို့ တက်ရောက်လာသူများကို လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်နှင့်အရန်အဖွဲ့ဝင် ၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## International Market Analysis tools အသုံးပြုပုံ အလုပ်ရုံဆွေးနွေးပွဲသင်တန်းဖွင့်

**မော်လမြိုင် ဇွန် ၂၆**

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် Mekong Business Initiative တို့ပူးပေါင်း၍ ပြုလုပ်သည့် International Market Analysis tools အလုပ်ရုံဆွေးနွေးပွဲ သင်တန်းဖွင့်ပွဲအခမ်းအနားကို မွန်ပြည်နယ် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ဇွန် ၂၃ ရက်က ကျင်းပရာ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက အမှာစကားပြောကြားသည်။

မွန်ပြည်နယ် စက်မှုလက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဌာနမှူး ဦးတင်ညိုက အလုပ်ရုံဆွေးနွေးပွဲသင်တန်းတွင် မွန်ပြည်နယ်မှ ပို့ကုန်သွင်းကုန် SME လုပ်ငန်းရှင်များက မိမိတို့၏ ကုန်ပစ္စည်းများကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ပါ Market Expansion ပြုလုပ်မည်ဆိုပါက သိထားရမည့် HS Code များအကြောင်း၊ ကမ္ဘာတစ်ဝန်းကို Trade Data များနှင့် အခွန်အခများ ငွေကြေးမဟုတ်သည့် အခွန်များအကြောင်းနှင့် နိုင်ငံတကာစံနှုန်းများအကြောင်းကို အင်တာနက်အသုံးပြုကာ တစ်နေရာတည်းတွင် လေ့လာနိုင်မည့် trademap, market access map များကို Register ပြုလုပ်၍ လေ့လာဆန်းစစ်နိုင်စေရန် လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မုဒုံမောင်မောင်**

### မှုခင်းသတင်းအတိုအထွာ

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ပေါ် ရပ်ကွက်၌ ဇွန် ၂၄ ရက်က စိတ်ကြွရူးသွပ်ဆေးပြား ၄၅၀၊ ရောင်းချငွေများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြားရောင်းချသူများ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

မူးယစ်ဆေးဝါးသုံးစွဲရောင်းချနေကြောင်း ခိုင်လုံစွာ သတင်းရရှိသဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မူးယစ်နှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ် အောင်ထွန်းဝင်းနှင့်အဖွဲ့ဝင်များသည် မြောင်းမြမြို့အမှတ်(၈)ရပ်ကွက်ရှိ အောင်မိုးနှင့်ဇနီးနေအိမ်အတွင်းဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၄၅၀ သိမ်းဆည်းနိုင်ခဲ့ပြီး မနှင်းနုနုလွင်နှင့် ထွက်ပြေးတိမ်းရှောင်သွားသော အောင်မိုးတို့ဇနီးမောင်နှံအား မြောင်းမြမြို့မရဲစခန်းက ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။

**ပုသိမ်လှကြည်**

## ဓားဖြင့်ခုတ်သူအား အရေးယူ

ပဲခူးတိုင်းဒေသကြီးကျောက်တံခါးမြို့နယ် ကွင်းတောင်ရပ်ကွက် ကိုးနဝင်းဘုရားလမ်း နေအိမ်ခြံဝင်း၌ ဇွန်၂၄ရက်က ဓားခုတ်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တစ်ရပ်ကွက်တည်းနေ ဝင်းဌေး(၄၈နှစ်)နှင့် မျိုးဇော်ဦး (၄၀နှစ်) တို့နှစ်ဦးသည်စကားများရန်ဖြစ်ရာ မျိုးဇော်ဦးမှ အသင့်ပါလာသောအသွား ၁၂ လက်မ ဗျက်နှစ်လက်မခန့် အိမ်သုံးဓားမဖြင့် ဝင်းဌေးအား ခုတ်လိုက်ရာ ဦးခေါင်းနောက်စေ့သုံးလက်မခန့် ပြတ်ရှဒဏ်ရာ (အတွင်း လူနာစိုးရိမ်ရ)ရရှိ၍ ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့မရဲစခန်းမှ အိမ်ခြံဝင်းအတွင်းဝင်ရောက်၍ဓားဖြင့်ခုတ်သူ မျိုးဇော်ဦးအား ဖမ်းဆီးအမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## မြဝတီ၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

ကရင်ပြည်နယ် မြဝတီမြို့တွင် ဇွန် ၂၃ ရက်က စိတ်ကြွရူးသွပ်ဆေးပြား ၆၇၃ ပြား၊ ရှာဖွေ သိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်မှာ ဇွန် ၂၃ ရက်က မြဝတီခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်မျိုးကျော် ဦးစီးအဖွဲ့သည် မြဝတီမြို့အမှတ်(၄)ရပ်ကွက်တွင် မသင်္ကာဖွယ်တွေ့ရှိသူ တစ်ဦးအား စစ်ဆေးမေးမြန်းရာ ဖိုးသူ (၃၄နှစ်)ကျောက်ကြီးမြို့နယ်နေသူဖြစ်ပြီး ၎င်းထံမှ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၆၇၃ ပြား၊ အလေးချိန် ၆၀ ဒသမ ၅၇ ဂရမ်ခန့်ကို ရှာဖွေတွေ့ရှိသိမ်းဆည်း ရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်တွေ့ရှိသူ ဖိုးသူအား သက်ဆိုင်ရာရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

# ရပ်ရွာလူထုအခြေပြုသော ကြက်ခြေနီစေတနာလုပ်အားရှင် စည်းရုံးရေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်




**တာချီလိတ် ဇွန် ၂၆**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူး၍ တာချီလိတ်ခရိုင်နှင့် မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ရပ်ရွာလူထုအခြေပြုသောကြက်ခြေနီစေတနာလုပ်အားရှင် စည်းရုံးရေး အလုပ်ရုံဆွေးနွေးပွဲ How To Mobilize Community Volunteer Work Shop ကို ဇွန် ၂၄ ရက်က ဝမ်ကောင်းရပ်ကွက်ရှိ ဟိုတယ်တာချီလိတ်၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။ ရှေးဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာမြသူက မြန်မာနိုင်ငံတစ်ဝန်းတွင် နေထိုင်လျက်ရှိသော တိုင်းရင်းသား မျိုးနွယ်စုများ လူမှုကရုဏာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာနိုင်စေရေး ရည်ရွယ်ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက တိုင်းရင်းသားကိုယ်စားလှယ်များအား နှုတ်ခွန်းဆက်စကားပြောကြားသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲအား ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းယန်း၊ မိုင်းခတ်၊ မိုင်းပျဉ်း၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းဆတ်နှင့် မိုင်းတုံမြို့နယ်များမှ ရှမ်း၊ အာခါ၊ လားဟူ၊ လီဆူ၊ ရခိုင်၊ ကရင်နှင့် ဗမာတိုင်းရင်းသား ကိုယ်စားလှယ်များ စုစုပေါင်း ၂၇ ဦးတို့က ဇွန် ၂၄ ရက်မှ ၂၅ ရက်နေ့အထိ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ အလုပ်ရုံဆွေးနွေးပွဲတွင်ရပ်ရွာလူထု၏ လိုအပ်ချက်များ ဖော်ထုတ်ခြင်း၊ စေတနာလုပ်အားရှင်များ၏ သန္ဓေလုပ်ငန်းများကို ဖော်ထုတ်ခြင်း၊ အသင်းခွဲများ၏ သန္ဓေလုပ်ငန်းများကို သတ်မှတ်ခြင်း၊ အသင်းခွဲများအတွက် ဦးတည်အုပ်စုများကို ဖော်ထုတ်ခြင်း၊ မတူညီသည့် ရပ်ရွာလူထုအားမည်သို့ စည်းရုံးမည်၊ စည်းရုံးဆောင်ရွက်ခြင်းနည်းလမ်းများနှင့် လိုက်နာရန် အရေးကြီးသော အချက်များ၊ ရပ်ရွာလူထုစေတနာလုပ်အားရှင်များအား စည်းရုံးရာတွင် အသင်းခွဲ၏ အခန်းကဏ္ဍ၊ ကြက်ခြေနီ စေတနာလုပ်အားရှင် ကွန်ရက်ဖွဲ့စည်းခြင်းနှင့် ဦးတည်သတ်မှတ်ချက်များချမှတ်ခြင်း စသည်တို့ကို ဆွေးနွေးသွားခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့နယ်အတွင်း လမ်းဘေးဝဲယာ ကျူးကျော်သူများစာရင်း အတိအကျရရှိနိုင်ရေး လိုက်လံစစ်ဆေးမည်

**ကျောင်းကုန်း ဇွန် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အေးချမ်းသာယာခန်းမ၌ လမ်းဘေးဝဲယာကျူးကျော်ဆောက်လုပ် နေမှုများကို စာရင်းအတိအကျကောက်ယူနိုင်ရေး ဆွေးနွေးပွဲကို ဇွန် ၂၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် လမ်းဦးစီးဌာနမှ အေအီးဒေါ်မိမိငယ်က လပွတ္တာ-မြောင်းမြ-အိမ်မဲ-ကျောင်းကုန်း-ကျုံပျော်လမ်း (မိုင်တိုင် ၉/၃ မှ ၉၇/၃ ) အထိ ၈၈ ဦး၊ အောင်ဆန်း လမ်းတွင် ၅၀၊ အိမ်မဲ-ဒါးကလမ်းတွင် ၇၀၊ ကျုံပျော်-အင်းမ-သုံးခွလမ်းတွင် ၉၃ ဦး၊ ဟသ်ာတ-အသုတ်-ကျောင်းကုန်းလမ်းတွင် ၆၁ ဦး၊ ပုသိမ်-မုံရွာလမ်းတွင် ၃၆ ဦးနှင့် ကျောင်းကုန်း-ပန်းတနော်လမ်းတွင် ၁၁၂ ဦးရှိကြောင်း၊ လမ်းအလယ်ဗဟိုမှ တစ်ဖက် ၇၅ ပေစီ နှင့် လမ်းအကျယ်ပေ ၁၅၀ တွင် ကျူးကျော်ဆောက်လုပ်ထားသူများဖြစ်ကြောင်း တင်ပြခဲ့သည်။

မြို့နယ်ဥပဒေအရာရှိ ဒေါ်ကေသီချစ်လှိုင်က လမ်းဦးစီးဌာနမှ ထုတ်ပြန်ထားသော (၂၄.၇.၁၄) ရက်စွဲပါစာအရ ၂၀၁၄ ခုနှစ်မတိုင်မီ ဆောက်လုပ်ထားသောအဆောက်အအုံများမှအပ ၂၀၁၄ ခုနှစ်နောက်ပိုင်း ကျူးကျော်ဆောက်လုပ်ထားသူများကို တရားစွဲဆိုသွားမည်ဖြစ်ကြောင်း၊ ပြစ်မှု၊ ပြစ်ဒဏ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက လမ်းနှုတ်ခမ်းနှင့် ခြံစည်းရိုးကြားတွင်ရှိသော ကျူးကျော်အဆောက်အအုံများကိုဆိုလိုကြောင်း၊ အသစ်ထပ်မဆောက်လုပ်ရန် အုပ်ချုပ်ရေးမှူးများက တားမြစ်ပေးရန်လိုကြောင်း၊ စာရင်းကောက်ယူရေးနှင့် အစီအမံများကို အရင်ဆုံးလုပ်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

စာရင်းကောက်ယူရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တစ်ဦး၊ လမ်းဦးစီးမှတစ်ဦးနှင့် တာဝန်ရှိသူများက လိုက်လံစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြော

**ဘူးသီးတောင် ဇွန် ၂၆**

ဘူးသီးတောင်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ပြုလုပ်သောမိုးရာသီခြင်အန္တရာယ်ကင်းဝေးရေး သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၂၂ ရက်က ဘူးသီးတောင်မြို့ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းထွန်းကျော်က သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားအောင်ကြိုတင်ကာကွယ်ရေးအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ငှက်ဖျားအဖွဲ့ခေါင်းဆောင် ဆရာဝန်ဒေါက်တာချမ်းငြိမ်းက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အခြေအနေများနှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၏ လိုအပ်ချက်အခြေအနေကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ ၊ NGO အဖွဲ့များ၊ ရပ်မိ ရပ်ဖများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# မြန်မာ့ရိုးရာခြင်းခတ်ပြိုင်ပွဲကျင်းပ

**အောင်လံ ဇွန် ၂၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရကျင်းပသည့် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာခြင်းလုံးလေးပေါက်တန်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက်က မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင်ထွန်းက အမှာစကားပြောကြားပြီး ဒိုင်အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ ထို့နောက် အဖွဲ့လိုက်ခြင်းလုံးခတ်ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**သိန်းလွင် (အောင်လံ)**



**ဖခင်အမည်မှန်**

ဖျာပုံမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်းမှ မောင်ရှိုင်းကိုကို၏ဖခင်အမည်မှန်မှာ ဦးအုန်းကျော် ၁၄/ဝခမ(နိုင်)၂၁၇၃၇၂ဖြစ်ပါကြောင်း။

ဦးအုန်းကျော်

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့၊ အထကကျောင်း တက္ကသိုလ်ဝင်တန်း (D)မှ မထွန်းသီတာလှိုင်၏ဖခင်အမည်မှန်မှာ ဦးကျော်အေးထွဏ်း ၁၀/ပမန(နိုင်)၀၁၈၉၅၃ ဖြစ်ပါကြောင်း။

ဦးကျော်အေးထွဏ်း

**ရွှေမဟာ** အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း

သီရိလင်္ကာ(အထူးခရီးစဉ်)

ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်ပူဇော်ပွဲ(၇)ရက်ခရီး

(29.07.2017)မှ(04.08.2017)ထိ

ခရီးစဉ် စတင်လက်ခံနေပါပြီ။

ဆက်သွယ်ရန်-အမှတ်(၆၃)၊ဇေယျဝတီ(ဗဟို)လမ်းမကြီး၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း-၀၁-၅၁၈၁၃၉၆၊၀၁-၅၃၂၀၈၆၊၀၉-၅၁၈၈၃၇၆၊၀၉-၅၁၃၄၀၄၄၊၀၉-၄၃၂၀၀၆၄၆။

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စကားပြော တတ်မှ ဖြစ်မယ်

ဂုဏ်ထူး ဦးအောင်ခိုင်

ဒေါ်စန္ဒာအောင်ခိုင်

B.A ( English )
Diploma in Travel & Tourism
City College of San Francisco

English Speaking (အင်္ဂလိပ် စကားပြော)

၁၀ တန်းအောင်ပြီးသူ၊ အလုပ်ဝင်လိုသူများ နှင့် ကုမ္ပဏီ၊ ဘဏ်မှ ဝန်ထမ်းများအတွက် သီးသန့်

မြို့လယ် ၂၇၂ ပန်းဆိုးတန်း 01 252 919 | သုဝဏ္ဏ ပညာနန်းတော်၊ သံသုမာလမ်း 09 798 44 33 20



ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ အာရာမ်ဒါယိကာမကြီး

## ဒေါ်သန်းမြင့်

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ အမှတ် ၁၇၂၊ အင်ကြင်းမြိုင်ရိပ်သာနေ ဦးစံညိမ်း-ဒေါ်ထွေးတို့၏သမီး၊ (ဦးကျော်ညွန့်)၏ဇနီး၊ (ဗိုလ်ကြီးဉာဏ်ဦး)-ဒေါ်ခင်သန်းမြင့်၊ ဦးသက်ဝေ-ဒေါ်ခင်အေး၊ ဦးခင်ဇော်-ဒေါ်ခင်ပြုံးကြည်၊ ဦးအောင်ဝင်း၊ ဒေါ်ရီရီချို၊ အရှင်ပဏ္ဍိတ(န·ပ·သ၊ ရန်ကုန်၊ ဧရာဝတီဆောင်)မွေ့သုခရိပ်သာကျောင်း၊ မဲလ်ဘုန်းမြို့၊ ဩစတြေးလျနှင့် အင်ကြင်းမြိုင် ဓမ္မရိပ်သာကျောင်း(ရန်ကုန်)၊ ကိုထွန်းထွန်းတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၆-၆-၂၀၁၇ရက် မွန်းလွဲ ၁၂း၃၅နာရီတွင် အထက်ပါ အင်ကြင်းမြိုင်ရိပ်သာ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် အင်ကြင်းမြိုင်ရိပ်သာမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယိကာမကြီး

## ဒေါ်စန်းစန်းကြည် အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၆ ရပ်ကွက်၊ မာလာမြိုင် ၅ လမ်း၊ အမှတ် ၈၃ နေ၊ (ဦးဘသိန်း-ဒေါ်ခင်ညွန့်)တို့၏သမီးကြီး၊ ဦးစိန်သောင်း-ဒေါ်တင်တင်ရီတို့၏ အစ်မ၊ ဒေါ်ပြုံးပြုံးဆင့်၊ ဒေါက်တာ ခင်စန်းမော် (စာရေးဆရာမ ကြည်ဇင်နှင်း)၊ ဗိုလ်မှူး ဇော်ဝင်းမြင့် (ငြိမ်း) - ဒေါ်ဥမ္မာလင်း၊ ဒုတိယဗိုလ်မှူးကြီး သောင်းထိုက် - ဒေါ်ဖြိုးမင်းသန့်၊ ဦးဂျင်မီကျော်စွာမြင့် - ဒေါ်ခင်သက်လွင်တို့၏ မွေးသမိခင်၊ မြေး(၃)ယောက်တို့၏အဖွား၊ (ဦးခင်မြင့်)၏ ဇနီးသည် (၂၆-၆-၂၀၁၇) တနင်္လာနေ့ ည ၈း၁၅နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို (၂၈·၆·၂၀၁၇) ဗုဒ္ဓဟူးနေ့ မွန်းတည့် (၁၂း၀၀)နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီးလဘန်လ (ငြိမ်း)

**ကချင်ပြည်နယ်ပြည်သူ့ကောင်စီ(၁၉၈၁/၁၉၈၅)**

**အသက်(၈၇)နှစ်**

ဦးလဘန်ရှရစ်-ဒေါ်ခေါင်ရာ၊ ဦးသိန်းထွန်းအောင်-ဒေါက်တာလဘန်ခွန်၊ ရဲမှူးကြီးမျိုးသန့်-ဒေါ်လဘန်ဘောက်တို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးလဘန်လ (ငြိမ်း)သည် ၂၃-၆-၂၀၁၇ရက် နံနက် ၅း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းဦး-ဒေါ်ခင်မာဝင်း**
**အကျဉ်းဦးစီးဌာန**

## ဦးအောင်ကျော်မင်း (ရွှေတောင်)

**သရုပ်ပြ(ငြိမ်း)၊ ဓာတုဗေဒဌာန၊ ပဲခူးဒီဂရီကောလိပ်**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း (တောင်/အနောက်) ရပ်ကွက်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ် ၃၂ (4A)နေ (ဦးစံအောင်-ဒေါ်လှရင်)တို့၏သား၊(ဦးပု-ဒေါ်ခင်ခင်)တို့၏သားသမက်၊ ဒေါ်ခင်မာရီ(သ/မဦးစီး၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါ်ရီဝင်းနိုင် (Success Language Academy)၏ ဖခင်သည် ၂၅-၆-၂၀၁၇ရက် ည ၈း၅၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၇ရက် နံနက် ၉နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၇ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်စိုး

**အသက်(၇၃)နှစ်**

သူငယ်ချင်း ဗိုလ်မှူးအောင်ကျော်မိုး(ငြိမ်း) (GM-MYAWADDY) TRADING LTD -ဗိုလ်ကြီးစုယဉ်ကျေး(ငြိမ်း)တို့၏မိခင် ဒေါ်ခင်စိုး အသက်(၇၃)နှစ်သည် ၂၅-၆-၂၀၁၇ရက် နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၁)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးရဲမျိုး

**အသက်(၄၈)နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ ဒေါ်မိုးမိုးနိုင် (လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်သူ့လွှတ်တော်ရုံး)၏ခင်ပွန်း၊ မောင်သူရကျော်-မဝိုင်းယုယုမျိုး၊ မောင်ကောင်းဇော်မျိုး(ပြည်သူ့လွှတ်တော်ရုံး)-မဖြူဖြူသင်းတို့၏ဖခင်၊ မောင်ဝေဘုန်းသူရ၊ မောင်ထူး ကိုကိုထက်တို့၏အဘိုးဖြစ်သူ ဦးရဲမျိုး အသက်(၄၈)နှစ်သည် ၂၅-၆-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်သူ့လွှတ်တော်ရုံး၊ စီမံရေးရာဌာနကြီးဝန်ထမ်းများ**

## ဒေါ်ဝေမာတင့်ဝေ

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားဂရာလမ်း၊ ပန်းခြံတာဝါ၊ အခန်း ၉၀၁နေ ဦးတင့်ဝေအေး(ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း)-ဒေါ်ခင်စန်းမြင့်တို့၏သမီး၊ ဦးစိန်မင်း(သင်္ဘော ပါမောက္ခ၊ ငြိမ်း)-(ဒေါ်မြမြနွယ်)၊ ဒေါ်လှလှနွယ်တို့၏သမီးချွေးမ၊ ဦးဇော်ထွဋ်မင်း၏ ချစ်လှစွာသောဇနီး၊ မောင်ငြိမ်းချမ်းအောင်၊ မအိသက်မင်းတို့၏ချစ်လှစွာသောမိခင်၊ ဒေါက်တာတင်အောင်သိန်း-ဒေါ်ဟေမာတင့်ဝေ၊ ဦးမျိုးသူ-ဒေါ်ခင်စမ်းဝေ၊ ဦးမိုးသူ-ဒေါ်သီတာဆွေ၊ ဦးမြတ်သူ-ဒေါ်သီတာခင်၊ ဦးတင်မြင့်ဝင်း-ဒေါ်ခေမာတင့်ဝေတို့၏ညီမ/အစ်မသည် ၂၆-၆-၂၀၁၇ရက် ညနေ ၅း၂၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်း(ခ)ဒေါ်စိန်စိန်

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ် ၁၂/က၊ သမာဓိ ၂လမ်း၊ ဆ/ကရပ်ကွက်နေ(ဦးကျော်ငြိမ်း-ဒေါ်ဖွားတာ)တို့၏သမီး၊ (ဦးဗိုလ်ချမ်း)၏ဇနီး၊ (ဦးစောကြည်-ဒေါ်လှ)တို့၏ညီမ၊ ဗိုလ်မှူးကျော်သောင်း-ဒေါ်ခင်ရီ၊ (ဦးသန်းထွေး)တို့၏အစ်မ၊ ဦးဘကျော်-ဒေါ်သန်းသန်းအေး၊ ဦးလှမြင့်-ဒေါ်သန်းသန်းငွေ၊ ဦးစိုးစိုး-ဒေါ်အေးအေးပြုံး၊ ဦးကောင်းကျော်-ဒေါ်ချိုချို၊ ဦးသောင်းညွန့်-ဒေါ်ချစ်စပယ်၊ ဦးအောင်ကျော်ဆန်း-ဒေါ်တင်မေဦး၊ ဦးအောင်ကျော်သန့်-(ဒေါ်မိမိခိုင်)တို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၂၆-၆-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၅း၁၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ခင်သိန်း(ဘိုကလေးမြို့) အသက်(၈၃)နှစ်

(ဦးဘစိမ်း-ဒေါ်လှဝင်း)တို့၏သမီး၊ ဦးကျော်ငြိမ်း-(ဒေါ်တင်မိကြည်)၊ ဦးမောင်ညွန့်-ဒေါ်ခင်ချို၊ (ဦးငွေအောင်)-ဒေါ်မြင့်မြင့်ခင်တို့၏အစ်မ၊ ဒေါ်ဓမ္မစာရီ(မင်းကွန်း)၊ ဦးကြည်ဝင်း-ဒေါ်တင်တင်ဦး၊ ဦးဇော်ဝင်း-ဒေါ်စိန်ဝိန်)၊ ဒေါ်သန်းသန်းငွေ၊ ဒေါ်တူးတူး၊ ဦးဝင်းမြင့်-(ဒေါ်မာမာအေး)၊ ဦးကျော်သန်း၊ ဒေါ်နှင်းနွယ်စိုး၊ ဦးခင်ရှိန်-ဒေါ်ဝင်းငွေ၊ ဦးလှမိုး-ဒေါ်နယ်လီစမ်း၊ ဦးအေးဝင်း-ဒေါ်မာလာအေး၊ (ဦးကျော်သိန်း-ဒေါ်ခင်နွဲ့ရီ)တို့၏အဒေါ်၊ မြေး ၂၄ယောက်၊ မြစ် ၁၁ယောက်တို့၏အဘွားသည် ၂၅-၆-၂၀၁၇ရက် ညနေ ၃း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [တောင်ဒဂုံမြို့နယ်၊ (၇၀)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ် ၇၉၆/က နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၇ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာမောင်မောင်နိုင် (မြိတ်)

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ(ဦးအင်တိတ်-ဒေါ်ဂင်စိန်)တို့၏သား၊ ရန်ကင်းမြို့နယ်၊ အမှတ် ၃၊ မင်္ဂလာလမ်း၊ ဘောက်ထော်၊ ပြည်သာယာနေ (ဒေါက်တာဦးကျော်စိန်)-ဒေါက်တာဒေါ်ခင်ကြည်တို့၏သားသမက်၊ [ဒေါ်ခင်သန်းဝင်း(ခ)တူးတူး]၏ခင်ပွန်း၊ (ဒေါ်စုစု)-ဦးနိုင်ထွန်းဝင်းတို့၏မောင်၊ ဒေါ်မိုးမိုး၊ ဒေါက်တာအေးအေးမြင့်၊ (ဦးမျိုးနိုင်)၊ ဦးဝင်းနိုင်၊(ဦးအောင်နိုင်)၊ ဒေါ်မီမီထွေး-ဦးစိုးမြင့်နိုင်၊ ဒေါ်ယဉ်ယဉ်ထွေး-ဒေါက်တာချမ်းငြိမ်းတို့၏အစ်ကို၊ ကိုလင်းနိုင်တိုး၊ ကိုဇေယျာဖြိုးတို့၏ ချစ်လှစွာသောဖခင်၊ မောင်မြင့်ကိုနိုင်၊ မအင်ကြင်းခိုင်တို့၏ဘကြီးသည် ၂၅-၆-၂၀၁၇ရက် ညနေ ၆း၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ရန်ကင်းမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါက်တာမောင်မောင်နိုင် (မြိတ်)

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၃၊ မင်္ဂလာလမ်း၊ ဘောက်ထော်၊ ပြည်သာယာနေ (ဒေါက်တာဦးကျော်စိန်)-ဒေါက်တာဒေါ်ခင်ကြည်တို့၏သားသမက်၊[ဒေါ်ခင်သန်းဝင်း(ခ)တူးတူး]၏ခင်ပွန်း၊ဒေါက်တာကျော်ခိုင်-ဒေါက်တာဝင်းဝင်း၊ ဒေါက်တာRoland Jureen-ဒေါက်တာစံပယ်ဖြူ၊ Captain ဦးသိန်းအင်-ဒေါ်စံပယ်ခိုင်တို့၏အစ်ကို၊ ဒေါက်တာကေသွယ်ခိုင်၊ မခိုင်ခိုင်ဇင်တို့၏ ဘကြီးသည် ၂၅-၆-၂၀၁၇ရက် ညနေ ၆း၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ဘေဘီစိမ်း

**အသက်(၆၇)နှစ်**

မြင်းခြံမြို့(၅)ရပ်ကွက်နေ(ဦးကျောက်စိမ်း-ဒေါ်အေးရှင်)တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သီရိကန်သာအိမ်ရာ R6၊ အဏ္ဏဝါလမ်းနေ ဒေါက်တာရဲထွဋ် - ဒေါက်တာနှင်းနှင်းအေးတို့၏ညီမ၊ဒေါက်တာနှင်းသဇင်ထွဋ်၊ ဒေါက်တာနှင်းစံပယ်ထွဋ်၊ ဒေါက်တာနှင်းချယ်ရီထွဋ်တို့၏ အဒေါ်သည် ၂၆-၆-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုအောင်စိုးမင်း

**(ဦးစီးအရာရှိ၊ မြို့ပြ)**

**အသက်(၃၉)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့၊ ရန်ကင်းသာယာရပ်ကွက်၊ တောင်ငူလမ်းနေ ဦးစိုးမြိုင်-ဒေါ်ခင်စန်းမြင့်တို့၏သား၊ ဒေါ်ခင်လှဝင်း (လယ်ယာမြေ စီမံခန့်ခွဲရေးဌာန)၊ ဒေါ်သီတာစိုး(ဦးစီးအရာရှိ၊ သမဝါယမဦးစီးဌာန)တို့၏မောင်၊ မခင်နီနီဦး၏ခင်ပွန်း၊ မောင်ဟိန်းတေဇစိုး၏ဖခင် ကိုအောင်မင်းစိုး (ဦးစီးအရာရှိ၊ မြို့ပြ၊ ဆည်မြောင်းဦးစီးဌာန)သည် ၂၆-၆-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၇ရက် ညနေ ၃နာရီတွင် ပုသိမ်ကြီးမြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

## ဦးထွန်းမြင့်(ခ) ဦးကျောက်တုံး

**အသက်(၆၀)**

ရန်ကုန်မြို့နေ(ဦးချစ်မောင်-ဒေါ်စိန်)တို့၏သား၊ကိုလွင်ကိုကိုမောင်-မဆောင်းနှင်းအေး၊ မအိလွင်လွင်ထွန်း-ကိုစိုးမင်းနိုင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည်၂၅-၆-၂၀၁၇ရက်(တနင်္ဂနွေနေ့)ညနေ ၄း၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၇-၆-၂၀၁၇ရက်(အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစံဝင်းခိုင်

**(CDC 59462)**

**အသက်(၄၀)**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ မင်းဘူးလမ်း၊ အမှတ် ၅၀၁နေ(ဦးမြအောင်)-ဒေါ်သိန်းမြတို့၏သား၊ ဦးချစ်ကိုကို-ဒေါ်အောင်အောင်ယု၊ ဒေါ်ဟန်စုယဉ်၊ ဦးအောင်သာဇံ-ဒေါ်ဥမ္မာကျော်၊ ဦးကံကောင်း-ဒေါ်ယဉ်ချောစု၊ ဦးဝင်းစိုး-ဒေါ်မေဝွန်အောင်၊ ဦးသိန်းမြင့်-ဒေါ်နှင်းမြထွေး၊ ဒေါ်ဝေဝေထိုက်တို့၏ညီ/မောင်/အစ်ကိုသည် ၂၆-၆-၂၀၁၇ရက် (တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်လှစိန်

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**

**အထက(၃)ပုဇွန်တောင်**

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အင်္ဂပူလမ်း၊ အမှတ် ၂၀(မြေညီထပ်)နေ (ဦးဘရွှေ - ဒေါ်မမကြီး)တို့၏ သမီး၊ (ဦးတင်ညို)၏ဇနီး၊ ရာသက်ပန်အသင်းဝင်အမှတ်(၃၆)ဒေါ်လှစိန်သည် ၂၄-၆-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)

## ဦးခင်မောင် (ရာ-၁၃)

**(အသင်းနာယက)**

**အောင်နေလင်း (၁၅' ရွှေဆိုင်)**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ပန်းပင်ကြီးလမ်း၊ အမှတ် ၁၄ (ဘီ)နေ ဒေါ်ပုတင်၏ခင်ပွန်းသည်၂၂-၆-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပြီး ၂၄-၆-၂၀၁၇ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

## ဒေါ်မြင့်မြင့်ဦး

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလဘောင် စံပြကျေးရွာတောင်ပိုင်း၊ ရွှေဥမင်ကျောင်းလမ်း၊ အောင်မြေသာယာလမ်းသွယ်(၄)၊ အမှတ် ၁၃/ကနေ (ဦးထိန်ဝင်း)၏ဇနီးဦးကျော်စိုး(ငယ်ယာ-၂၊ မြို့ပြ၊ တံတားအထူးအဖွဲ့-၁၁)-ဒေါ်ခင်စန္ဒာဝင်း [ကြီး/ရေး၊ အဆောက်အဦအထူး(၃)]၊ ဦးလှမျိုး-ဒေါ်ခင်သော်တာဝင်း၊ ဦးခင်မောင်ညွန့်-ဒေါ်ခင်သီတာဝင်း၊ ဦးမိုးကျော်ဇော-ဒေါ်မာမာအေး၊ ဒေါ် စမ်းမြင့်ဝင်း(ပ·ဆ·င လမ်းမတော်မြို့နယ်)၊ဦးရဲမြင့်ဝင်း(CB Bank)-ဒေါ်သီတာဝင်း၊ ဒေါ်ခင်မိုးမြင့်ဝင်းတို့၏မိခင်၊မြေးခုနစ်ယောက်၊မြစ်သုံးယောက်တို့၏အဘွားသည် ၂၅-၆-၂၀၁၇ရက် နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ရီ

**အသက်(၇၄)နှစ်**

အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့နေ ဦးအောင်သန်း၏ချစ်လှစွာသောဇနီး၊ ဦးနိုင်သူရ၊ (ဦးနိုင်သီဟ)၊ ဒေါ်မိုးသီတာ-ဦးနေလင်း၊ ဒေါက်တာနိုင်ရဲဝင်း-ဒေါက်တာနွယ်မွန်ဦးတို့၏ ချစ်လှစွာသောမိခင်၊ မသန့်နေခြည်လင်း(Grade -VIII M.L.A)၏အဘွားသည် ၂၅-၆-၂၀၁၇ရက် နံနက် ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၇-၂၀၁၇ရက် နံနက် ၇နာရီမှ ၉နာရီအထိ အမှတ် ၄၇၆၊ သိမ်ဖြူလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်မာထွေး

**အသက်(၆၈)နှစ်**

(ဦးမောင်ငွေ-ဒေါ်အမာ)တို့၏သမီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်ရပ်ကွက်၊ ကျိုက်တော်လမ်း၊ ကျိုက်တော်အိမ်ရာ၊ တိုက် ၁၊ အခန်း ၄၀၂နေ ဦးဝင်းနိုင်(အနုပညာ)၏ ချစ်လှစွာသောဇနီး၊ ဂျင်းဖေမယ်လေးစတိုး (ဗိုလ်ချုပ်အောင်ဆန်းဈေး) ဒေါ်ခင်မာတိုး၊ ဒေါ်ခင်မာစိုး၊ ဒေါ်အေးအေးနိုင်၊ ဒေါ်အေးအေးခိုင်တို့၏အစ်မ၊ သားသမီးသုံးယောက်တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၂၅-၆-၂၀၁၇ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၆-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဘိုးရီ (ဖြူးမြို့)

**အသက်(၈၉)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ဘူတာတောင်လမ်း(၂၀)၊ အမှတ် ၃၀၁နေ (ဦးဘိုးမှင်-ဒေါ်အုံ)တို့၏သား၊ (ဦးထွန်းစိန်-ဒေါ်ရွှေခင်)တို့၏ သားသမက်၊ (ဦးတင်ဝင်း)-ဒေါ်သိန်းတင်၊ ဦးသန်းထွန်းအောင်-ဒေါ်ညွန့်ကြည်၊ ဒေါ်ထွေးထွေးရီ(လမဖ၊ ငြိမ်း)၊ ဦးတင်မောင်မြင့်-ဒေါ်တိုးတိုးကြည်၊ ဦးဖုန်းကျော်မြင့်-ဒေါ်မို့မို့လှိုင်(စိုက်/ဘဏ်)တို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်ကိုးယောက်၊ တီတစ်ယောက်တို့၏အဘိုးသည် ၂၅-၆-၂၀၁၇ရက် ည ၁၀း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ဖြူးမြို့ အရှေ့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးသိန်းတန် (ကျောက်ဆည်)

**B.Sc. Engg (Textile)**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**

**စက်မှုထွေ/ထိန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန**

**အသက်(၈၂)နှစ်**

(ဦးမောင်မောင်-ဒေါ်မှင်)တို့၏သား၊ (ဦးဘိုကြီး-ဒေါ်တင်မေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ရန်ကင်းမြို့နယ် Golden City, Block-3, Room No-0704 နေ ဒေါ်တင်တင်သိန်း၏ချစ်လှစွာသောခင်ပွန်း၊(ဒေါ်ညွန့်ညွန့်)၏မောင်၊ (ဦးသန်းထိုက်)၏အစ်ကို၊ ဦးတင်မောင်လတ်-ဒေါ်စုစုသိန်း၊ ဦးသိန်းအေး(C/E Uniteam Marine)-ဒေါ်မြင့်မြင့်ကြည်၊ ဦးကျော်ကျော်ဟန်-ဒေါ်မိုမိုသိန်းတန်၊ ဦးခင်ဇော် (ဒုတိယညွှန်ကြားရေးမှူး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး)-ဒေါ်မီမီသိန်းတန်(အထွေထွေမန်နေဂျာ၊ ဇေကမ္ဘာကုမ္ပဏီလီမိတက်)တို့၏ဖခင်၊ ကိုစိုင်းမွေခေါင်-မတင်စုလတ်၊ ကိုတာရာတိုး (3/E Uniteam Marine)-မယဉ်စုလတ်၊ မောင်ရဲကျော်အောင်(Uniteam Marine)၊ မောင်ဟိန်းပြည့်အောင်တို့၏အဘိုး၊ မောင်မင်းသန့်တိုး၏ဘိုးဘိုးကြီးသည် ၂၆-၆-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသိန်းတန် (ကျောက်ဆည်)

**B.Sc. Engg (Textile)**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**

**စက်မှုထွေ/ထိန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ် Golden City, Block-3, Room No-0704 နေ ဒေါ်တင်တင်သိန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးကြည်လွင်၊ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှု(၁)မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း-ဒေါ်ခင်ဝင်းကြည်၊ စင်ကာပူနိုင်ငံနေ ဦးမြင့်ဦး(Construction Coordinator Mechanical-FPSO)(MODEC)-ဒေါ်မိမိဆွေတို့၏အစ်ကို၊ ဦးခင်မောင်ကြည်-ဒေါ်စန္ဒာဝင်း၊ ဦးဇော်မင်းလွင်(ကိုဇော်လွင် ကားအလိုင်းမင်း)-ဒေါ်ရီရီနိုင်၊ ဒေါ်ဥမ္မာလွင်၊ ဦးဇော်ဝင်းလွင်(ကိုဇော်ကြီးကားအလိုင်းမင်း)-ဒေါ်ယုယုစိုး၊ Mr. Loo Yew Chin -မက္ကန္ဒာမြင့်ဦး(Singapore), Mr.Tan Khoon Siang-မစိမ်းလဲ့လဲ့မြင့်ဦး(Singapore)၊ ကိုသိန်းထိုက်ဦး- Lee Soo Zhen (Singapore) တို့၏ဦးလေး၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၆-၆-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဝင်းထိန် အသက်(၇၅)နှစ်

**လ/ထညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ ၁၂လမ်းအနောက်၊ အမှတ် ၉၀၁နေ (ဦးစိန်မောင်-ဒေါ်စိန်ရင်)တို့၏သား၊ (ဦးသိန်းဟန်-ဒေါ်စိန်ရင်)တို့၏သားသမက်၊ ဒေါ်တင်တင်ရီ(ဒု-ဦးစီးမှူး၊ ငြိမ်း၊ ပြည်တွင်းအခွန်များဦးစီးဌာန)၏ခင်ပွန်း၊ ဦးဆန်းဝင်းအောင်-ဒေါ်စန်းစန်းငွေ၊ ဒေါက်တာအေးအေးဝင်း (Project, Team Leader) ALARM, Ecological Laboratory၊ ဦးမြင့်သိန်း(ဒု-ဦးစီးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်မျိုးကေခိုင်(ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်များဦးစီးဌာန)တို့၏ဖခင်၊ မောင်စိုးစံပြည့်၊ မဆုရွှန်းလဲ့အောင်၊ မကျော့ကေသရီသိန်း၊ မောင်ပြည့်ဖြိုးအောင်တို့၏အဘိုးသည် ၂၅-၆-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမျိုးမင်း (မုံရွာ)

**အသက်(၇၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ် ၇၇၊ ငါးလွှာ(ခေါင်းရင်းခန်း)နေ (မုံရွာဦးလေးခန့်-ဒေါ်ခင်ရီ)တို့၏သား၊ (ဦးလှမြတ်စိုး-ဒေါ်လှလှချိန်)တို့၏သားသမက်၊ ဦးခန့်ကျော်သူ-ဒေါ်မြတ်မော်၊ ဦးမျိုးတင့်၊ ဒေါ်စန်းစန်းတင့်-ဦးဉာဏ်လင်း၊ ဦးအောင်သူ-ဒေါ်ခင်မိမိ၊ ဒေါ်သန်းသန်းဥ၊ ဒေါ်လှလှမြင့်၊ ဦးဂုဏ်ရောင်တို့၏ညီ/အစ်ကို၊ ဒေါက်တာစန္ဒီမာလာ၏ခင်ပွန်း၊ ဦးနိုင်လင်းဇော်(တရားလွှတ်တော်ရှေ့နေ၊ Herzfeld Rubin Meyer and Rose Law Firm Ltd)-ဒေါ်နှင်းအေးမွန်(Engineer, Authentic Group of Companies)၊ ဒေါ်နီလာစိုးသူတို့၏ဖခင်၊ မောင်အောင်ဟိန်းခန့်၏အဘိုး၊ ဇင်သူသူအောင်၊ မင်းသူရိန်အောင်၊ ရန်နိုင်အောင်တို့၏ဦးလေးသည် ၂၆-၆-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၀၀း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးခင်မောင်သန့် အသက်(၅၃)နှစ်

**တေဇ(၁၃)**

**ဒါရိုက်တာ၊ ရန်ကုန်အနောက်တောင်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီ**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း၊ အမှတ် ၆နေ (ဦးရန်ငြိမ်း)-ဒေါ်နွဲ့နွဲ့ရွှေတို့၏သား၊ (ဦးအောင်ရွှေ)-ဒေါ်မြမြသန်းတို့၏သားသမက်၊ (ဦးခင်မောင်ဦး)-ဒေါ်သန်းတင်၊ (ဦးခင်မောင်နွယ်)-ဒေါ်စိန်တင့်၊ (ဦးမျိုးစစ်)၊ (ဦးခင်မောင်ထွေး)-ဒေါ်သောင်းသောင်းရီတို့၏တူသား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ရဲသူရလမ်း၊ အမှတ်(၆၈/ခ)နေ ဒေါ်ခင်ဥမ္မာအောင်၏ ချစ်လှစွာသောခင်ပွန်း၊ မအိသဲဦးခင် (နည်းပညာတက္ကသိုလ်၊ မှော်ဘီ)၊ မမြတ်နိုးချစ်တို့၏ချစ်လှစွာသောဖခင်၊ တူ/တူမ ၁၆ယောက်တို့၏ဘဘကြီးသည် ၂၆-၆-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၆း၄၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၂-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

နိုင်ငံတကာအားကစား စာ » ၁၉



**ဆန်းဒါးလန်းတိုက်စစ်မှူး အနီဘီချီ တရုတ်စူပါလိဂ်ကလပ်သို့ ပြောင်းရွှေ့**



**ဂါရတ်ဘေးလ် ပရီမီယာလိဂ်သို့ ပြန်လာဖွယ်ရှိနေ**

## ရဲတပ်ဖွဲ့တွင်အသုံးပြုသောခေတ်မမီသည့်လက်နက်များအစား လက်ရှိအခြေအနေနှင့် ကိုက်ညီသော လက်နက်များ ပြောင်းလဲတပ်ဆင်ခြင်းဆောင်ရွက်လျက်ရှိ

ပြည်သူ့လွှတ်တော် စာ » ၇

## တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ပရဆေးကုန်ကြမ်းတင်သွင်းရောင်းချလိုသော ကုမ္ပဏီများက စစ်မှန်မှုထောက်ခံလာပါက စစ်ဆေးအတည်ပြုပေး

အမျိုးသားလွှတ်တော် စာ » ၇

မွန်ပြည်နယ် သထုံမြို့နယ်၌ ဇွန် ၂၆ ရက်က လယ်သမားများ စပါးစိုက်ပျိုးရာတွင် မျိုးကောင်း မျိုးသန့် မျိုးစေ့များ အလွယ်တကူ ရရှိစေရန်အတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဒေသခံလယ်သမားများ နှင့် ပူးပေါင်း၍ မျိုးစေ့ထုတ် စိုက်ခင်း အတွင်း ပျိုးပင်များ စိုက်ပျိုးနေစဉ် ခွန်(ဝင်းပ)



# ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်း၏ ပထမဆုံးနိုင်ငံတကာပြိုင်ပွဲ



လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်း

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - စိုးညွန့်**

**ရန်ကုန် ဇွန် ၂၆**

ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်း၏ ပထမဆုံး နိုင်ငံတကာပြိုင်ပွဲဖြစ်သည့် KBZ Bank Cup လေးနိုင်ငံ ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲကို ဇွန် ၂၈ ရက်တွင် သုဝဏ္ဏကွင်း၌ စတင် ကျင်းပတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းပြင်ဆင်ခွင့်ရရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး KBZ Bank က အဓိက စပွန်ဆာအဖြစ် ပံ့ပိုးကူညီထားခြင်းဖြစ်သည်။အဆိုပါပြိုင်ပွဲကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင် မြန်မာ ယူ-၂၂ အသင်းနှင့်အတူ ကမ္ဘောဒီးယား ယူ-၂၂ အသင်း၊ဟောင်ကောင် ယူ-၂၂ အသင်း၊ ဂျပန်တက္ကသိုလ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်ရေးဆွဲထားမှုအရ ဇွန် ၂၈ ရက် ညနေ ၃ နာရီတွင် ဟောင်ကောင် ယူ-၂၂ အသင်းနှင့် ဂျပန်တက္ကသိုလ်အသင်း၊ ညနေ ၆ နာရီတွင် မြန်မာ ယူ-၂၂ အသင်းနှင့် ကမ္ဘောဒီးယား ယူ-၂၂ အသင်း၊ ဇွန် ၃၀ ရက် ညနေ ၃ နာရီတွင် ကမ္ဘောဒီးယား ယူ-၂၂ အသင်းနှင့် ဂျပန်တက္ကသိုလ်အသင်း၊ ညနေ ၆ နာရီတွင် မြန်မာ ယူ-၂၂အသင်းနှင့်ဟောင်ကောင် ယူ-၂၂ အသင်း၊ ဇူလိုင် ၂ ရက် ညနေ ၃ နာရီတွင် ဟောင်ကောင် ယူ-၂၂ အသင်း နှင့် ကမ္ဘောဒီးယား ယူ-၂၂ အသင်း၊ ညနေ ၆ နာရီတွင် မြန်မာ ယူ-၂၂ အသင်းနှင့် ဂျပန်တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဆုကြေးငွေများအဖြစ် ပထမဆု-အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ ဒုတိယဆု-အမေရိကန်ဒေါ်လာ ၅၀၀၀ ချီးမြှင့်မည်ဖြစ်ပြီး အကောင်းဆုံးဆုနှင့် သွင်းဂိုးအများဆုံးဆုပါ ချီးမြှင့်မည်ဖြစ်သည်။ Title Sponsor အဖြစ် ပံ့ပိုးကူညီမည့် KBZ Bank သည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက မြန်မာ့ဘောလုံး တိုးတက်ရေးအတွက် ပံ့ပိုးကူညီခဲ့ပြီး မြန်မာ့ဘောလုံး ပရော်ဖက်ရှင်နယ်စနစ် ကူးပြောင်းပြီးနောက်ပိုင်းတွင်လည်း ကမ္ဘောဇအသင်းတည်ထောင်ကာ ဘောလုံးသမားများ ပြုစုပျိုးထောင်ပေးခဲ့သည်။ KBZ Bank သည် မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် ပံ့ပိုးကူညီခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော် ဆယ်စုနှစ်နှစ်ခုနီးပါး ရှိနေပြီဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကလည်း ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲကျင်းပရန် Title Sponsor အဖြစ် ပံ့ပိုးကူညီခဲ့သည်။

မြန်မာယူ-၂၂ အသင်းသည် ယခုပြိုင်ပွဲအပြီးတွင် အာရှ ယူ-၂၃ ခြေစစ်ပွဲ၊ ဆီးဂိမ်းပြိုင်ပွဲ၊ နိုင်ငံတကာခြေစမ်းပွဲအဖြစ် မလေးရှား ယူ-၂၂ အသင်း၊ အင်တာမီလန်လူငယ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

